မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ တပေါင်းလပြည့်ကျော် ၈ ရက်၊ ၂၀၀၉ ခုနှစ်၊ မတ် ၁၈ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၄၈)၊ အမှတ် (၁၆၉)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတကာအဆင့်မီ ရန်ကုန် - မန္တလေးအမြန်လမ်းမကြီး လေးနာရီဖြင့် ခရီးပေါက်မည့် ရန်ကုန် - နေပြည်တော်လမ်းပိုင်း မကြာမီဖွင့်လှစ်တော့မည်

သတင်းဆောင်းပါးနှင့်
ဓာတ်ပုံမှတ်တမ်း - တင်ထွေး(သတင်းစဉ်)

စာမျက်နှာဖွဲ့စည်းမှု
ဇော်ထွန်းဦး (မြန်မာ့အလင်း)

စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံးက တာဝန်ယူဖောက်လုပ်သည့် ရန်ကုန် - နေပြည်တော်လမ်းပိုင်းမှ ဖြူးမြို့အနီး Two Way / Two Lane ကွန်ကရစ်လမ်းပြီးစီးမှုကို ဤသို့ တွေ့ရသည်။ (သတင်းစဉ်)

နေပြည်တော် မတ် ၁၇

နိုင်ငံတော်တစ်ဝန်းလုံး၌ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာသည်နှင့်အမျှ ပြည်နယ်နှင့်တိုင်း ဒေသအသီးသီးတွင် နေထိုင်ကြသော တိုင်းရင်းသားပြည်သူများ၏ လူနေမှုအဆင့်မြင့်မားရေးအတွက် ပိုမိုအကျိုးပြုလာနိုင်မည်ဖြစ်သည်။

လမ်းညွှန်ချက်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက်တွင် နေပြည်တော်ကိုဗဟိုပြု၍ ပြည်နယ်နှင့်တိုင်းအသီးသီးသို့ လွယ်ကူစွာသွားလာနိုင်ရေးနှင့် စီမံခန့်ခွဲမှုကိစ္စရပ်များကို သွက်လက်လျင်မြန်စွာဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်ဖြင့် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးကို ဖောက်လုပ်လျက်ရှိသည်။ *စာမျက်နှာ ၈ ကော်လံ ၁* ✻

ရန်ကုန် - နေပြည်တော်လမ်းပိုင်း မိုင်တိုင် အမှတ်(၁၁၄/၀)အနီး အရှည်ပေ ၅၄၀ ရှိ ဖြူးချောင်းတံတား တည်ဆောက်ပြီးစီးမှုကို ဤသို့တွေ့ရသည်။ (သတင်းစဉ်)

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၉ ခုနှစ် မတ် ၁၈ ရက်)

သစ်တောသယံဇာတများ ရေရှည်တည်တံ့ရေး တိုင်းရင်းသားပြည်သူများ ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်

မြန်မာနိုင်ငံသည် ရေသယံဇာတ၊ မြေသယံဇာတနှင့် ကုံလုံကြွယ်ဝသော နိုင်ငံဖြစ်သည်။ နိုင်ငံ၏ ဧရိယာအကျယ်အဝန်း ထက်ဝက်ကျော်သည် သစ်တောများဖုံးလွှမ်းနေပြီး သစ်တောများက လူတို့၏ အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းပေးလျက်ရှိသည်။

မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် သဘာဝအလျောက် ကျွန်းပင်များပေါက်ရောက်သည့် နိုင်ငံများ၌ပါဝင်ပြီး မြန်မာ့သဘာဝကျွန်းတောထွက် ကျွန်းသစ်များသည် ကမ္ဘာပေါ်တွင် အကောင်းဆုံးနှင့် လူကြိုက်အများဆုံးအဖြစ် နှစ်ပေါင်းများစွာ ရပ်တည်နိုင်ခဲ့သည်။

သစ်တောဦးစီးဌာန၏ ၁၉၉၀ပြည့်နှစ်မတိုင်မီက မှတ်တမ်းတင်ထားသော ကိန်းဂဏန်းများအရ ကမ္ဘာ့သဘာဝ ကျွန်းတောပေါက်ရောက်မှု ဟက်တာ ၂၇ဒသမ၂၉သန်းရှိသည့်အနက် မြန်မာနိုင်ငံတွင် ဟက်တာ ၁၆ဒသမ၅၂သန်းရှိသဖြင့် ကမ္ဘာ့သဘာဝ ကျွန်းတောဧရိယာ၏ ၆၀ဒသမ၅ ရာခိုင်နှုန်းရှိကြောင်း သိရသည်။ ပဲခူးရိုးမသစ်တောဧရိယာ၌ သဘာဝကျွန်းတော အများအပြားပေါက်ရောက်ခဲ့သည်။

နိုင်ငံတော်အစိုးရသည် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် သစ်တောကဏ္ဍတွင် ၁၉၉၈–၁၉၉၉ မှစ၍ ကျွန်းစိုက်ခင်းအထူးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။

ပဲခူးရိုးမအပါအဝင် မြန်မာနိုင်ငံတစ်ဝန်းလုံး၌ ၁၉၉၈–၁၉၉၉ မှစ၍ ၂၀၀၂–၂၀၀၃ခုနှစ်အထိ ငါးနှစ်ဆက်တိုက် တစ်နှစ်လျှင် ဧက ၂၀၀၀၀နှုန်းဖြင့် ဧကတစ်သိန်း စိုက်ပျိုးခဲ့ပြီးဖြစ်သည်။ ဆက်လက်၍ ၂၀၀၃–၂၀၀၄ မှ ၂၀၃၇–၂၀၃၈ အထိ ငါးနှစ်စီမံကိန်း ခုနစ်ကြိမ်တွင် စီမံကိန်းနှစ်များအတွင်း ကျွန်းပင်များတိုးချဲ့စိုက်ပျိုးတည်ထောင်သွားရန် စီမံကိန်းချမှတ်ထားသည်။

ယခုအခါ သစ်တောစိုက်ခင်းများ စိုက်ပျိုးတည်ထောင်ထုတ်လုပ်ခွင့်ကို ဥပဒေနှင့်အညီ တိုင်းရင်းသား ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ကုမ္ပဏီများ၊ ဖက်စပ်အဖွဲ့အစည်းများကိုပါ မြေလွတ်မြေရိုင်းများ ခွင့်ပြုပေးပြီး စိုက်ပျိုးခွင့်ပြုလျက်ရှိသည်။

မြန်မာနိုင်ငံ၏ သစ်တောကဏ္ဍကို အမျိုးသားလူမှုစီးပွား ဖွံ့ဖြိုးတိုးတက်မှု၊ သဘာဝပတ်ဝန်းကျင် ထာဝစဉ်တည်ငြိမ်မှုနှင့် ဂေဟာစနစ်များ မျှတရေးအတွက် ဦးတည်ကာ မူဝါဒချမှတ်၍ ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပေရာ နိုင်ငံတော်၏ လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ကြဉ်းပေးနေသော သစ်တောများကို ရေရှည်တည်တံ့ ဖြစ်ထွန်းပေါက်ရောက်စေရန် တိုင်းရင်းသားပြည်သူအပေါင်းက ဝိုင်းဝန်းပျိုးထောင် ထိန်းသိမ်းစောင့်ရှောက် သွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၈–၃–၂၀၀၉ (ဗုဒ္ဓဟူးနေ့)

AM & PM

၇:၀၀–၁:၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်	၁၀:၀၅–၄:၀၅	တေးဂီတအစီအစဉ်
၇:၀၅–၁:၀၅	**သီလနှင့်ပညာ** တရားတော် (သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ)	၁၀:၁၀–၄:၁၀	မိုးလေဝသခန့်မှန်းချက်
၇:၅၅–၁:၅၅	Industrial Talk [ဒေါက်တာမြင့်စိန်၊ ဦးတင်အောင်ရွှေ (သုတေသီ)]	၁၀:၁၅–၄:၁၅	Activities in the City (NIBBAN DEALERS' Night 2009)
၈:၁၅–၂:၁၅	သီချင်းကောင်းကောင်း သီချင်းတောင်း	၁၀:၃၅–၄:၃၅	ပြည်တွင်းသတင်းအကျဉ်း
၈:၄၀–၂:၄၀	အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ "ဖက်ရှင်"	၁၀:၄၅–၄:၄၅	တေးဂီတအစီအစဉ်
၉:၁၅–၃:၁၅	ပြည်တွင်းသတင်းအကျဉ်း	၁၀:၅၀–၄:၅၀	ပြောင်းလဲမှုများနှင့် မြန်မာလိုက်
၉:၂၅–၃:၂၅	မေတ္တာကိုအခြေပြုလို့ အလင်းလျှုတဲ့ ခရီးစဉ် (မလှိုင်မြို့နယ်) (အပိုင်း–၃)	၁၁:၀၅–၅:၀၅	နိုင်ငံတကာသတင်းအကျဉ်း
၉:၄၅–၃:၄၅	နိုင်ငံတကာသတင်းအကျဉ်း	၁၁:၁၀–၅:၁၀	ကလောမှာထင်ရှား "ရွှေဥမင်ဘုရား"
၉:၅၀–၃:၅၀	Midweek Sports News	၁၁:၂၀–၅:၂၀	Myanmar Video Rhythm
		၁၁:၄၅–၅:၄၅	ပြည်နယ်ဂုဏ်ဆောင် ငွေတောင်ဆည်
		၁၁:၅၅–၅:၅၅	51st GRAMMY Awards Part(2)
		၁၂:၂၅–၆:၂၅	လည်ပင်းအာရုံကြောညပ်ရောဂါ (အပိုင်း–၃) (ပါမောက္ခ ဒေါက်တာနေဝင်း)
		၁:၀၀–၇:၀၀	MRTV-4 အပိတ် Logo၊

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

မြဝတီရုပ်မြင်သံကြား

၁၈–၃–၂၀၀၉ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
- ၇:၅၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
- ၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ အမျိုးသားရေးတေးကဗျာ
- ၄:၂၅ ၄။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄:၃၀ ၅။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
- ၄:၅၀ ၆။ မျိုးချစ်တပ်မတော်
- ၅:၀၀ ၇။ ကျွန်းမာကြံ့ခိုင်ဒို့နိုင်ငံ
- ၅:၁၅ ၈။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၅:၂၀ ၉။ မြတ်နိုးကြစေအမျိုးသားအမွေ
- ၅:၅၀ ၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
- ၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၃။ အမျိုးသားရေးတေးကဗျာ
- ၆:၃၀ ၁၄။ လျှပ်တစ်ပြက်
- ၆:၄၅ ၁၅။ ကာတွန်းအစီအစဉ် **ပိုးကောင်ကလေးများရဲ့အတွေး** (အပိုင်း–၃)
- ၇:၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဝတ်မှုန်စိမ်းနှင့်ပန်းနှင်းဆီ** (အပိုင်း–၁)
- ၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ မိုးလေဝသသတင်း
- ၁၉။ အမျိုးသားရေးတေးကဗျာ
- ၂၀။ ဖြေလိုက်ပါ
- ၂၁။ ICT သုတ
- ၂၂။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **နှလုံးသားအလှသစ္စာတရား** (အပိုင်း–၃၅)

ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ ပြည်သူလူထု အသိမြှင့်တင်ရေး နည်းပြသင်တန်းဖွင့်

ရန်ကုန် မတ် ၁၇

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် Care Myanmar **တို့ ပူးပေါင်းကျင်းပသည့် ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ ပြည်သူလူထု အသိမြှင့်တင်ရေးအစီအစဉ် နည်းပြသင်တန်းအမှတ်(၇/၂၀၀၉) ဖွင့်ပွဲကို ယမန်နေ့ နံနက် ၉နာရီက ရန်ကုန်တိုင်း အင်းစိန်မြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ တိရစ္ဆာန်ကျန်းမာရေးနှင့် ဖွံ့ဖြိုးရေးဌာနခွဲ၊ လေ့ကျင့်ပညာပေးရေးဌာနစိတ် သင်တန်းခန်းမ၌ ကျင်းပရာ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာအောင်ကြီးနှင့်** Care Myanmar **မှ အစီအစဉ်ညှိနှိုင်းရေးမှူး ဒေါက်တာကျော်နိုင်တို့ တက်ရောက် အမှာစကား ပြောကြားကြသည်။** (အပေါ်ပုံ)

ပညာပေးဆွေးနွေး

သင်တန်းဖွင့်ပွဲသို့ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဌာနအကြီးအကဲများ၊ Care Myanmar မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ သင်တန်းနည်းပြဆရာများနှင့် ပြည်နယ်၊ တိုင်းများမှ သင်တန်းသား သင်တန်းသူ ၅၀ တက်ရောက်ကြပြီး သင်တန်းဆင်းနည်းပြများသည် မိမိတို့ ပြည်နယ်၊ တိုင်းအတွင်းရှိ မြို့နယ်ပေါင်း ၃၅မြို့နယ်တွင် ဆင့်ပွား သင်တန်းများ ပြန်လည်ဖွင့်လှစ် သင်ကြားပို့ချပေးမည်ဖြစ်သည်။ ဆင့်ပွားသင်တန်းဆင်းများက ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် ကျေးရွာအရောက် ပြည်သူလူထုထံ ပညာပေး ဆွေးနွေးမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဟားခါးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့တွင်းပလက်ဖောင်း တည်ဆောက်

ဟားခါး မတ် ၁၇

ဟားခါးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈–၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သော မြို့တွင်းပလက်ဖောင်း တည်ဆောက်ရေးလုပ်ငန်းကို မတ် ၁၃ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတမ်အောင်နှင့် လက်ထောက်အင်ဂျင်နီယာ ဦးဇော်မြင့်တို့ ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

(၆၄)နှစ်မြောက် တပ်မတော်နေ့ ကြိုဆိုဂုဏ်ပြု ကျေးလက်ဒေသဖွံ့ဖြိုးရေး လမ်းဖွင့်ပွဲ ပေါက်ခေါင်း၌ကျင်းပ

ပေါက်ခေါင်း မတ် ၁၇

ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်ခရိုင် ပေါက်ခေါင်းမြို့နယ်တွင် ၂၀၀၈–၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း နိုင်ငံတော်ခွင့်ပြုငွေနှင့် ပြည်သူများထည့်ဝင်ငွေတို့ဖြင့် ပူးပေါင်းဆောင်ရွက်ခဲ့သည့် အရှည်ပေ ၁၈၀၀ ရှိ ကံရွာ–ဒီးဒုတ်–ငွေတွင်းတူးကျေးရွာများ ဆက်သွယ်သော မြေနီကျောက်စရစ်ခင်း လမ်းဖွင့်ပွဲအခမ်းအနားကို မတ် ၇ရက် နံနက် ၉ နာရီက ငွေတွင်းတူးကျေးရွာ၌ ကျင်းပသည်။

ရှင်းလင်းတင်ပြ

လမ်းဖွင့်ပွဲအခမ်းအနားတွင် ပေါက်ခေါင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းကျော်ကျော်က လုပ်ငန်းဆောင်ရွက်မှု အခြေအနေကို ရှင်းလင်းတင်ပြပြီး ဒေသခံတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဖွင့်လှစ်

ထို့နောက် ပြည်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ညွန့်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် လမ်းဖြစ်မြောက်ရေး ကော်မတီဥက္ကဋ္ဌတို့က အဆိုပါလမ်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြကြောင်း သိရသည်။

(အောက်ပုံ) (မြို့နယ် ထွေ/အုပ်)

အားကစားဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် နွေရာသီအားကစားသင်တန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၁၇

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ အမျိုးသားရေကူးကန်၌ ဖွင့်လှစ်သင်ကြားပေးနေသော ၂၀၀၉ခုနှစ် နွေရာသီ ရေကူးသင်တန်း သင်ကြားနေမှု၊ မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ်မှ (၂၅)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် စခန်းသွင်းလေ့ကျင့်ပေးနေမှု၊ မြန်မာနိုင်ငံ စားပွဲတင်တင်းနစ်အဖွဲ့ချုပ် နွေရာသီအားကစားသင်တန်းသားများအား သင်ကြားပေးနေမှု၊ မြန်မာနိုင်ငံ ဂုရှူးအဖွဲ့ချုပ် (ဆန်းဆို) ပဏာမလက်ရွေးစင်အားကစားသမားများ လေ့ကျင့်ကစားနေမှု၊ သုဝဏ္ဏအားကစားကွင်း၌ ပဏာမလက်ရွေးစင် ပိုက်ကျော်ခြင်း အားကစားသမားများ လေ့ကျင့်နေမှုတို့နှင့် ကျိုက္ကဆံကွင်းရှိ မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ်၌ ပဏာမလက်ရွေးစင်များ၏ မြားပစ်လေ့ကျင့်နေမှုတို့ကို သွားရောက် ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဘဏ္ဍာ/အခွန်ဝန်ကြီး ဗိုလ်ချုပ်လှထွန်းအား တရုတ်ဧည့်သည်အဖွဲ့ တွေ့ဆုံ

နေပြည်တော် မတ် ၁၇

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ China EXIM Bank, Chengdu Branch မှ ဥက္ကဋ္ဌ Mr. Zhang Qiang နှင့် အဖွဲ့သည် ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ ဝန်ကြီး၏ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး ဘဏ္ဍာရေးနှင့် ငွေကြေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးကြသည်။ **(အပေါ်ပုံ)**

တက်ရောက်

ယင်းသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်းနှင့် တာဝန်ရှိသူများလည်း တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

❐ ကျောဖုံးမှ

ကမ္ဘာလှည့်များအား တင်ဆောင်လျက် ဥယျာဉ်၏ မြေနီလမ်း တစ်လျှောက် မောင်းနှင်ပေးသည်။ ကျားများကို သဘာဝအတိုင်း တွေ့မြင်လိုသော ကမ္ဘာလှည့်ခရီးသည်တို့မှာ ယင်းထရပ်ကားဖြင့် လိုက်ပါနိုင်လျှင် တစ်ဦးလျှင် ရူပီး ၃၆၀ (ရှစ်ဒေါ်လာခန့်)ပေးကြရသည်။

အနီးကပ်

ရန်သမ်ဘိုး၏အမျိုးသားဥယျာဉ်မှာ ၃၈၈ စတုရန်းမိုင် ကျယ်ဝန်းပြီး ကျားကောင်ရေ ၄၀ ကျက်စားနေထိုင်သည်။ ကျားလေ့လာရေးခရီးစဉ် (Tiger Safari)အရ အဆိုပါဥယျာဉ်သို့ ရောက်ရှိလာသော ကမ္ဘာလှည့်ခရီးသည်တို့အနက် အချို့သာလျှင် ကျားများကို အနီးကပ်တွေ့ခွင့်ရရှိသည်။ ကမ္ဘာလှည့်ခရီးသည် အချို့မှာမူ ဥယျာဉ်အတွင်း မောင်းနှင်ပေးသည့် ထရပ်ကားဖြင့် ခြောက်ကြိမ်၊ ခုနစ်ကြိမ်မျှ လိုက်ပါကြည့်ရှုသည့်တိုင်အောင် ကျားကို အနီးကပ်တွေ့မြင်ရန် အခွင့်အခါမရနိုင်ပေ။ အကြောင်းမှာ လူတို့က ကျားတို့ကို မတွေ့မြင်မီမှာပင် လူတို့၏အသံများနှင့် လူတို့၏ အနံ့များကို ကျားတို့က ကြိုတင်သိရှိကာ ရှောင်တိမ်းသွားတတ်ခြင်းကြောင့် ဖြစ်သည်။

မည်သို့ပင်ဆိုစေ ကမ္ဘာလှည့်ခရီးသည်တို့မှာ ကျားကို တွေ့မြင်ရလိမ့်နိုးနိုးဖြင့် ရန်သမ်ဘိုး၏ အမျိုးသားဥယျာဉ်သို့ လာရောက်နေကြဆဲပင် ဖြစ်သည်။

ထိပ်ဆုံးမှပါဝင်

သားကောင်ပေါသော တောနက်ကြီးများနှင့် ကိုင်းတောများတွင် တစ်ကောင်တည်းနေလေ့ရှိပြီး တောဝက်၊ သမင်၊ ဒရယ်၊ ဆတ် စသည့် တိရစ္ဆာန်များကို ဖမ်းဆီးစားသောက်တတ်သော ကျားသည် ယခုအခါ ကမ္ဘာပေါ်တွင် မျိုးသုဉ်းမည့် ဘေးအန္တရာယ် အရှိဆုံး သတ္တဝါများစာရင်း၌ ထိပ်ဆုံးမှပါဝင်လျက်ရှိသည်။

ကမ္ဘာတစ်ဝန်းတွင် တောတွင်း၌ ဘာသာဘာဝ ကျက်စားနေထိုင်သော ကျားကောင်ရေ ၇၀၀၀ ခန့်သာ ရှိတော့သည့်အနက် ထက်ဝက်ခန့်မှာ အိန္ဒိယနိုင်ငံတွင် ရှိသည်။

ကျက်စားမြေ

တစ်ကမ္ဘာလုံးအတိုင်းအတာအရ ကျားမျိုးသုဉ်းတော့မည့် အခြေအနေမှာ ကမ္ဘာ့လူဦးရေတိုးနှုန်း အဆမတန်ကြီးထွားလာမှုနှင့် ဆက်စပ်လျက်ရှိသည်။ အိန္ဒိယတစ်နိုင်ငံတည်းမှာပင် လူဦးရေ သန်း ၁၀၀၀ ကျော်ရှိလာပြီဖြစ်ရာ လူနေအရပ်ဒေသများ လျင်မြန်စွာ ကျယ်ပြန့်လာနေပြီး ကျားတို့ လှည့်လည်ကျက်စားနိုင်သည့် နယ်မြေ သိသိသာသာ ယုတ်လျော့ခဲ့ရလေပြီ။

လူဦးရေတိုးလာမှု ပြဿနာသည် ကျားတို့နေထိုင်ရာ တောများကျဉ်းမြောင်းမှုကို ဖြစ်စေသည့်တိုင်အောင် တောရိုင်း တိရစ္ဆာန် ထိန်းသိမ်းစောင့်ရှောက်သူများက ကျားမျိုးထိန်းသိမ်းရေး အစီအစဉ်များကို ချမှတ်ဆောင်ရွက်လျက်ရှိသည်။

အိန္ဒိယနိုင်ငံတွင် ကျားမျိုးထိန်းသိမ်းနိုင်ရန် ကမ္ဘာ့တောရိုင်း တိရစ္ဆာန် ထိန်းသိမ်းစောင့်ရှောက်ရေး ရန်ပုံငွေအဖွဲ့ (World Wildlife Fund)က ကျားနှင့် တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းရေး အစီအစဉ် (Tiger and Wildlife Programme)ကို ချမှတ်ဆောင်ရွက်လျက်ရှိသည်။

ကျားသည် ခံ့ညားထည်ဝါသော ကြောင်မျိုးနွယ်ဝင် သတ္တဝါ (Majestic Cat)ဖြစ်ကြောင်း၊ လွန်ခဲ့သောနှစ် ထောင်ပေါင်းများစွာကပင် ကျားကို 'ခွန်အားဗလ၏ပြယုဂ်' Symbol of Strength အဖြစ် သတ်မှတ်ခဲ့ကြကြောင်း အိန္ဒိယနိုင်ငံ အခြေစိုက် ကျားနှင့် တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းရေးအစီအစဉ် ညွှန်ကြားရေးမှူး ပီကေဆန်းက ပြောကြားသည်။

ကျားကောင်ရေ

လွန်ခဲ့သည့်နှစ် ရာပေါင်းများစွာက ကမ္ဘာမြေပေါ်တွင် ကျားကောင်ရေ ပေါပေါများများရှိခဲ့ကြောင်း၊ အိန္ဒိယနိုင်ငံတွင် ကျားကောင်ရေ ၄၀၀၀၀ခန့်အထိ ရှိခဲ့သည်ဟု ခန့်မှန်းရကြောင်း ၎င်းက ပြောကြားသည်။

အိန္ဒိယနိုင်ငံ Maharajas စော်ဘွားများခေတ်က မင်းမျိုးမင်းနွယ်များ စွန့်စွန့်စားစား အမဲလိုက်ပုံကို မော်ကွန်းကဗျာများ ရေးဖွဲ့ကာ မှတ်တမ်းတင်ခဲ့ကြသည်။ မဟာရာဂျာတို့သည် သေနတ်များကို လွယ်ကာ ဆင်များကိုစီးပြီး တောကစားထွက်လေ့ရှိသည်။ ကျားများကို ပစ်ခတ်ဖမ်းဆီးနိုင်ခြင်းသည် ရဲစွမ်းသတ္တိရှိသော သူရဲကောင်းတို့ကသာ ပြုလုပ်နိုင်သည်ဟု ကြွေးကြော်ကာ တောလိုက်မုဆိုးတို့ တစ်စခန်းထခဲ့ရာမှ ကျားများ အသက်စတေးခံခဲ့ကြရသည်ဟု ဆို၏။

အမဲလိုက်

အမဲလိုက်ရာတွင်သုံးသော လက်နက်များ ခေတ်မီလာခြင်းကြောင့် ကျားများ ပိုမိုအသတ်ခံခဲ့ကြရသည်။ တစ်ဖက်တွင် လူတို့ကို အန္တရာယ်ပေးမည်စိုးသဖြင့် ကျားကို သတ်နိုင်သူအား ဆုငွေပေးရန် အိန္ဒိယအစိုးရက အမိန့်ထုတ်ပြန်ခဲ့သည့် ဖြစ်ရပ်များရှိခဲ့သည်။

၂၀ရာစု အစောပိုင်းက အိန္ဒိယသို့ လာရောက်သော ကမ္ဘာလှည့်များကို အမဲလိုက်ခွင့်ပေးခဲ့သဖြင့် ကျားကောင်ရေ ပိုမိုလျော့နည်းခဲ့ရကြောင်း၊ ၁၉၆၀ပြည့်နှစ်များ အရောက်တွင် အိန္ဒိယနိုင်ငံ၌ ကျားကောင်ရေ၂၀၀၀ အောက်သို့ရောက်ရှိခဲ့ကြောင်း၊ ကျားမျိုးမသုဉ်းရေးအတွက် ပြန်လည်ကြိုးပမ်းခဲ့ရာ ယခုအခါ ကျားကောင်ရေ ၃၅၀၀အထိ တိုးပွားလာကြောင်း ပီကေဆန်းက ပြောကြားသည်။ ။

ရည်ညွှန်း-အင်တာနက်မှတ်တမ်းများ။

■ ကျောဖုံးမှ

အိန္ဒိယသမုဒ္ဒရာတောင်ပိုင်းနှင့် အတ္တလန္တိတ်သမုဒ္ဒရာ မြောက်ပိုင်းတို့တွင် ကာဗွန်ဒိုင်အောက်ဆိုက် ပျော်ဝင်မှုနှုန်း ပိုမိုတွေ့ရှိရသည်ဟု သုတေသနပညာရှင်များက ပြောကြားသည်။

သုတေသနပြု

ကမ္ဘာ့ပင်လယ်နှင့် သမုဒ္ဒရာတို့တွင် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ စုပ်ယူမှုမှာ ၁၉၉၆ခုနှစ်နှင့် ၂၀၀၅ခုနှစ်အတွင်း ၅၀ရာခိုင်နှုန်း တိုးမြင့်လာခဲ့ပြီး ၂၀၀၅ခုနှစ်နှင့် ၂၀၀၈ခုနှစ်အကြား ၆၀ရာခိုင်နှုန်းအထိ မြင့်တက်လာခဲ့ကြောင်း ၎င်းတို့၏ သုတေသနပြုချက်၌ ဖော်ပြထားသည်။

ထို့အတူ ကမ္ဘာ့ပင်လယ်နှင့် သမုဒ္ဒရာတို့တွင် အပူချိန်တဖြည်းဖြည်းတိုးမြင့်လာရာ ၁၉၈၈ခုနှစ်နှင့် ၂၀၀၈ခုနှစ်အကြား အပူချိန် ၂၀ဒီဂရီဆဲလ်စီးရပ်စ်အထိ ရှိခဲ့သည်ဟုဆို၏။

နှစ်ဆခန့်

တစ်ဖန် လေထုအတွင်းမှ ကာဗွန်ဒိုင်အောက်ဆိုက်များကို ကမ္ဘာ့ပင်လယ်နှင့် သမုဒ္ဒရာတို့က စုပ်ယူလာမှုမှာလည်း ၁၀နှစ်တာကာလအတွင်း နှစ်ဆခန့် တိုးမြင့်လာလျက်ရှိသည်ဟု ၎င်းတို့၏ သုတေသနပြုချက်၌ ဖော်ပြထားသည်။

များပြား

ထိုသို့ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်များ ပိုမိုပျော်ဝင်မှုများသဖြင့် ပင်လယ်ပျော်သတ္တဝါများ သေကျေပျက်စီးမှုနှင့် ကြုံတွေ့ရလျက်ရှိပြီး ပင်လယ်ရေ အဆိပ်အတောက်ဖြစ်မှု တဖြည်းဖြည်း များပြားလာလျက်ရှိကြောင်း သိရသည်။

ဖြစ်တည်မှု

ကမ္ဘာ့ရာသီဥတု ပူနွေးလာမှုသည်လည်း ပင်လယ်နှင့် သမုဒ္ဒရာတို့၏ ရေမျက်နှာပြင် အပူချိန်မြင့်တက်လာခြင်းနှင့် တိုက်ရိုက်သက်ဆိုင်လျက်ရှိရာ ပင်လယ်နှင့် သမုဒ္ဒရာတို့၏ သဘာဝဖြစ်တည်မှုအနေအထားကို ပြောင်းလဲစေလျက်ရှိသည်။

ကမ္ဘာ့နိုင်ငံများ၏ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ပိုမိုထုတ်လွှတ်မှုများခြင်းကြောင့် ပင်လယ်နှင့် သမုဒ္ဒရာတို့က ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ စုပ်ယူမှုများခြင်းသည် ရေနေသတ္တဝါတို့၏ မျိုးစိတ်များကို ဆိုးရွားစွာ ထိခိုက်စေလျက်ရှိကြောင်း ၎င်းတို့က ပြောကြားသည်။ ။ **(အင်တာနက်)**

✻ ကျောဖုံးမှ

ဖွင့်လှစ်

ထို့ကြောင့် နိုင်ငံတော် အကြီးအကဲက နယ်မြေဒေသအလိုက် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးအတွက် စိုက်ပျိုးရေ ရရှိရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရန် အခါမလပ်လမ်းညွှန်ပေးလျက်ရှိသည်။ ယင်းလမ်းညွှန်ချက်အရ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရှမ်းပြည်နယ်(တောင်ပိုင်း) ဆည်မြောင်းဦးစီးဌာနက တာဝန်ယူတည်ဆောက်ပြီးစီးသွားသည့် ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် နမ့်စန်မြို့နယ်၏ အနောက်မြောက်ဘက် ခြောက်မိုင်အကွာ ဝမ်ပုံကျေးရွာအနီးရှိ ဝမ်ပုံရေလှောင်တမံကို ၂၀၀၅ခုနှစ် အောက်တိုဘာ ၂၅ရက်က ဖွင့်လှစ်ပေးခဲ့သည်။

စိုက်ပျိုး

ဝမ်ပုံရေလှောင်တမံတည်ဆောက်ပြီး၍ ရှမ်းပြည်နယ် (တောင်ပိုင်း) အနေဖြင့် ပထမသီးနှံနှင့် ဒုတိယသီးနှံ စုစုပေါင်း ဧက ၁၇၅၀ စိုက်ပျိုးခဲ့သည်။

သောက်သုံးရေ

ဝမ်ပုံရေလှောင်တမံမှာ ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့နယ်အတွင်း ရေဆင်းဧရိယာ ၈ဒသမ ၄မိုင်ရှိပြီး နှစ်စဉ် ပျမ်းမျှစီးဝင်ရေ ဧကပေ၄၂၀၀ ရှိသည့် ဝမ်ပုံချောင်းပေါ်တွင် မြေသားတမံပိတ်၍ တည်ဆောက်ထားသည့် ပင်မတမံမှာ အလျားပေ၆၀၀၊ အမြင့်ပေ ၇၀ ရှိပြီး ကန်ရေပြည့် ရေလှောင်ပမာဏမှာ ဧကပေ ၄၅၈၀ ရှိသည်။ ရေလှောင်တမံတွင် သံကူကွန်ကရစ်အမျိုးအစား ရေထုတ်မြွှန်ပါရှိပြီး အလျား ၂၁၇ပေ ရှိသည်။ ရေထုတ်မြွှန်တွင် သုံးပေအချင်းရှိသည့် ပိုက်တစ်ခုနှင့် ခြောက်လက်မ အချင်းရှိသည့် ပိုက်တစ်ခုတပ်ဆင်ထားကာ စိုက်ပျိုးရေ ပေးဝေမှုသာမက သောက်သုံးရေပါ ပေးဝေနိုင်ပြီဖြစ်ကြောင်း သတင်းမှတ်စု ဓော့ငုတင်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

မြန်မာ့ရုပ်မြင်သံကြား

၁၃၇၀ပြည့်နှစ် တပေါင်းလပြည့်ကျော် ၈ရက် (ဥပုသ်နေ့)

၁၈-၃-၂၀၀၉ ရက် (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
- ၇:၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈:၀၀ ၆။ အတီးပြိုင်ပွဲ
- ၈:၁၅ ၇။ (၆၄)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြုအစီအစဉ်
- ၈:၂၀ ၈။ International News
- ၈:၄၀ ၉။ နွေအတွက် စိုက်ပျိုးမခက် အလင်းပါဆောင်မည့် ခပေါင်းရေလှောင်တမံ

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄:၁၀ ၂။ အဆိုပြိုင်ပွဲ
- ၄:၂၀ ၃။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၄:၃၀ ၄။ သီချင်းကြီးပဒေသာ
- ၄:၃၅ ၅။ တပ်မတော်နေ့ဂုဏ်ပြုတေးသီချင်းပြိုင်ပွဲဆုရတေးများ
- ၄:၄၅ ၆။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ စတုတ္ထနှစ်(ဥပဒေပညာအထူးပြု) (ဥပဒေပညာ)
- ၅:၀၀ ၇။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၅:၀၅ ၈။ **တစ်လောကလုံးလင်းပါစေ** ပြေတီဦး၊ မိုးပြည့်ပြည့်မောင်၊ မေသဉ္ဇာဦး၊ ဝါဝါအောင်၊ ဇော်ဖူးပွင့် (ဒါရိုက်တာ-စင်ရော်မောင်မောင်)
- ၅:၂၅ ၉။ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
- ၅:၃၅ ၁၀။ တေးဂီတအစီအစဉ်
- ၅:၄၀ ၁၁။ (၆၄)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြုအစီအစဉ်
- ၆:၀၀ ၁၂။ ညနေခင်းသတင်း
- ၆:၃၀ ၁၃။ မိုးလေဝသအခြေအနေ
- ၆:၃၅ ၁၄။ မြန်မာ့ဓလေ့ရိုးရာလက်ဆောင်
- ၆:၅၀ ၁၅။ ထက်မြက်ပျော်ရွှင် အိမ်ထောင်ရှင်
- ၇:၁၀ ၁၆။ ရသပေါ်လွင် သရုပ်ဆောင်လွှင်ပြင်
- ၇:၄၀ ၁၇။ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး(အပိုင်း-၁)
- ၈:၀၀ ၁၈။ ပြည်တွင်းသတင်း
- ၁၉။ နိုင်ငံတကာသတင်းများ
- ၂၀။ မိုးလေဝသအခြေအနေ
- ၂၁။ နိုင်ငံခြားဇာတ်လမ်းတွဲ **မြူခိုးဝေဝေချစ်သက်တည်** (အပိုင်း-၇)
- ၂၂။ **သူရဲကောင်းတို့မွေ့လျော်ရာ** သျှားညို၊ မင်းသူ၊ ဇာနည်၊ မင်းထက်ကျော်ဇင်၊ မြသဥ္ဇာလီ၊ ခိုင်နှင်းဝေ၊ ဆုပန်ထွာ (ဒါရိုက်တာ-သက်တင်)
- ၂၃။ မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်း တရားတော်

၀၃ စိုက်ပျိုးထုတ်လုပ်ပြုပြင်ရောင်းချသူများအသင်း ဖွဲ့စည်းမည်

ရန်ကုန် မတ် ၁၇

၀၃ စိုက်ပျိုးထုတ်လုပ်ပြုပြင်ရောင်းချသူများအသင်း ဖွဲ့စည်းရေးနှင့်စပ်လျဉ်း၍ ညှိနှိုင်းအစည်းအဝေးကို မတ်၂၀ရက် မွန်းလွဲ ၁နာရီခွဲတွင် အမှတ်၂၂၄-အေ၊ ၅-လွှာ ဦးဝိစာရလမ်း ဗဟန်းမြို့နယ် ရန်ကုန်မြို့ရှိ **Myanmar Belle Co., Ltd.**၌ ကျင်းပမည်ဖြစ်သည်။ စိတ်ပါဝင်စားသူများအနေဖြင့် အဆိုပါအစည်းအဝေးသို့ တက်ရောက်နိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ဖုန်း-၅၃၆၃၃၄၊ ၅၃၆၃၃၃ လိုင်းခွဲ (၆၀၆)၊ ၇၂၅၈၃၅၊ ၀၉-၈၆-၈၅၃၉၉၊ ၀၉-၅၀-၀၂၂၈၆၊ ၀၉-၅၁-၄၁၀၈၀၀တို့သို့ ဆက်သွယ် မေးမြန်းစုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကလောမြို့ ဟင်္သာကုန်းလမ်း ကျောက်ချောခင်း

ကလော မတ် ၁၇

ကလောမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း (ငွေလုံးငွေရင်း)လုပ်ငန်းအဖြစ် ဆောင်ရွက်သည့် ကလောမြို့ ဟင်္သာကုန်းလမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းကို ဖေဖော်ဝါရီ ၂၁ရက်က ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်မြင့်ဆွေ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မင်းနိုင်နှင့် တာဝန်ခံအင်ဂျင်နီယာတို့က လုပ်ငန်းပြီးစီးမှုခြေအနေများကို ရှင်းလင်းတင်ပြကြကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**



မြန်အောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း နိုင်ငံတော် ထောက်ပံ့ငွေဖြင့် ဆောင်ရွက်သော ဇလုပ်တံတား တည်ဆောက်ခြင်း လုပ်ငန်း ဆောင်ရွက်နေမှုကို မတ်၂ရက်က ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယ အင်ဂျင်နီယာမှူး ဦးစိုးသန်း ကြည့်ရှု စစ်ဆေးရာ အမှုဆောင်အရာရှိ ဦးတင့်လွင်ဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးစန်းမြင့်ဝင်းတို့က ရှင်းလင်းတင်ပြကြစဉ်။ (မြို့နယ်စည်ပင်)

တရားသူကြီးချုပ်ဟောင်းအား ရာထူးပြန်ခန့်ရန် ပါကစ္စတန်အစိုးရ သဘောတူညီ

အစ္စလမ္မာဘတ် မတ် ၁၇

ပါကစ္စတန်နိုင်ငံ၌ နိုင်ငံရေးအကျပ်အတည်း ပြေလည်ရေးနှင့်တကွ အကြမ်းဖက်ထိပ်တိုက်ရင်ဆိုင်ရေးအဖြစ် ပြောင်းလဲပစ်ရန် ခြိမ်းခြောက်လျက်ရှိသော လမ်းပေါ်ထွက် ဆန္ဒပြလှုံ့ဆော်မှု အဆုံးသတ်သွားစေရေးအတွက် ရာထူးမှဖယ်ရှားခံထားရသူ နိုင်ငံတော် တရားသူကြီးချုပ် ချောင်ဒရီအား ရာထူးပြန်ခန့်ရန် ပါကစ္စတန်အစိုးရက မတ် ၁၆ ရက်က သဘောတူလိုက်ပြီဖြစ်သည်။

အကြမ်းဖက်

ပါကစ္စတန်နိုင်ငံမှ နိုင်ငံရေးအကျပ်အတည်း ပေါ်ပေါက်လာမှုအပေါ် အမေရိကန်နှင့် ဗြိတိန်နိုင်ငံတို့က စိုးရိမ်မကင်းရှိကြသည်။ ပါကစ္စတန်နိုင်ငံတွင် ပဋိပက္ခဖြစ်မှုများလာလျှင် တာလီဘန်နှင့် အယ်လ်ခိုင်ဒါ အကြမ်းဖက်အုပ်စုများ ပါကစ္စတန်နိုင်ငံ၌ အခြေခိုင်လာမည်ကို စိုးရိမ်လျက်ရှိကြသည်။

အမ်အင်န်အေ၊ရိုက်တာ

ငွေကြေးအကျပ်အတည်းနှင့် ရင်ဆိုင်ခဲ့ရမှုမှ ဘရာဇီးလွတ်မြောက် မကြာမီ စီးပွားရေး ပြန်လည်ဦးမော့လာမည်ဟုဆို

ရီယိုဒီဂျနေးရိုး မတ် ၁၇

ဘရာဇီးနိုင်ငံ၏စီးပွားရေးသည် ဖွံ့ဖြိုးတိုးတက်မှု လက္ခဏာများကို ပြနေပြီဖြစ်ကြောင်း၊ ၂၀၀၈ခုနှစ် နောက်ဆုံး သုံးလပတ်တွင် မှတ်ပုံတင်သောစာရင်းများအရ ပြည်တွင်းအသားတင်ကုန်ထုတ်လုပ်မှု(ဂျီဒီပီ)၃ဒသမ၆ရာခိုင်နှုန်း ကျဆင်းခဲ့ရာမှ မကြာမီပြန်လည်ဦးမော့လာမည်ဖြစ်ကြောင်း မတ်၁၆ရက်က အစိုးရ၏တရားဝင် သတင်းထုတ်ပြန်ချက် တစ်ရပ်တွင် ဖော်ပြသည်။

လွန်ခဲ့သောနှစ် နောက်ဆုံး သုံးလပတ်တွင် ဘရာဇီးနိုင်ငံအနေဖြင့် စီးပွားရေးအကျပ်အတည်းကို ဆိုးဆိုးရွားရွားခံစားခဲ့ရကြောင်း၊ သို့သော်လည်း လက်ရှိအနေအထား လက္ခဏာများအရ ယခုနှစ် ပထမသုံးလပတ်အတွင်း ငွေကြေးအကျပ်အတည်းနှင့် ရင်ဆိုင်ခဲ့ရမှုမှ လွတ်မြောက်ကာ စီးပွားရေးပြန်လည် စတင်ခေါင်းထောင်လာမည့် အခြေအနေသို့ ဦးတည်နေကြောင်း ဌာနဆိုင်ရာအကြီးအကဲတစ်ဦးဖြစ်သူ ဒီလ်မာရှော့ဆက်ဖ်က ထုတ်ဖော်ပြောကြားခဲ့သည်။

ကူညီထောက်ပံ့

ထို့အပြင် ဒုတိယနှစ်ဝက်တွင် မိမိတို့အနေဖြင့် ပြည်တွင်းဈေးကွက်ကို ကြီးကြီးမားမား ချဲ့ထွင်မည်ဖြစ်ကြောင်း၊ ဘရာဇီးအစိုးရအနေဖြင့်လည်း စီးပွားရေးအကျပ်အတည်းကို တိုက်ဖျက်ရန် ကူညီထောက်ပံ့မှုများကို ပြုလုပ်နေကြောင်း၊ ယခုအခါ အခက်အခဲအချို့ကို ဖြေရှင်းပြီးဖြစ်ကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

တောင့်တင်းခိုင်မာ

ဘရာဇီးနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ၎င်းတို့၏ ရင်းနှီးမြှုပ်နှံမှုများတွင် သတိအနေအထား လက္ခဏာများပြနေကြသည်ကို မိမိအနေဖြင့်ဝန်ခံကြောင်း၊ သို့သော်လည်း စီးပွားရေးအကျပ်အတည်း၏ ရိုက်ခတ်မှုများကို ဖြေရှင်းနိုင်သည့် ဘဏ္ဍာရေးကဏ္ဍသည် တောင့်တင်းခိုင်မာလာပြီဖြစ်ကြောင်း သူမက ဆက်လက်ပြောကြားသည်။ **(အင်တာနက်)**

အာဖရိကစိန်

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့ရှိ စီးပွားရေး လုပ်ငန်းရှင်တစ်ဦး၏အိမ်၌ ရွှေ ၂၄ ကာရက်ဖြင့် မွမ်းမံထားသည့် ချောကလက်မုန့်၏ ထိပ်ပိုင်း၌ အာဖရိကစိန် ၁၅လုံး မြှုပ်သွင်းပြသထားသည်ကို မတ် ၁၇ ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

နို့ချိုတိုက်ကျွေး



တရုတ်နိုင်ငံ ကျီကျင်းပြည်နယ်၌ ငါးမျိုးစပ်များအား နို့ချိုတိုက်ကျွေးလျက်ရှိသည်ကို မတ် ၁၇ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

ကုန်သွယ်မှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု ကမ္ဘောဒီးယားနှင့် ဗီယက်နမ်အကျိုးတူလုပ်ဆောင်

ဖနောင်ပင် မတ် ၁၇

ကမ္ဘောဒီးယားနှင့် ဗီယက်နမ် နှစ်နိုင်ငံအနေဖြင့် ယခင်နှစ်အတွင်း ကုန်သွယ်မှုဆိုင်ရာ အကျိုးတူပူးပေါင်းဆောင်ရွက်ရာ၌ အမေရိကန်ဒေါ်လာ ၁ဒသမ၇ဘီလီယံ ရရှိကြောင်း မတ် ၁၆ ရက်တွင် ဖနောင်ပင်ပို့စ် သတင်းဌာနက ဖော်ပြသည်။

၂၀၁၀ပြည့်နှစ်တွင် နှစ်နိုင်ငံ ကုန်သွယ်မှုကဏ္ဍ တိုးမြှင့် ဆောင်ရွက်မည်ဖြစ်ပြီး ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ နှစ်ဘီလီယံရရှိရန် မျှော်မှန်းထားရှိသည်။

ဆောင်ရွက်နိုင်ခဲ့

ယခင်နှစ်အတွင်းက နှစ်နိုင်ငံနယ်ခြားဂိတ်များကို ဖွင့်လှစ်ထားပြီး သယ်ယူပို့ဆောင်ရေးကဏ္ဍနှင့် လျှပ်စစ်စွမ်းအင်ကဏ္ဍတို့ကို အောင်အောင်မြင်မြင် ဆောင်ရွက်နိုင်ခဲ့ကြောင်း အဆိုပါသတင်း၌ ဖော်ပြသည်။

ရင်းနှီးမြှုပ်နှံ

ဗီယက်နမ်နိုင်ငံသည် ကမ္ဘောဒီးယား၌ လုပ်ငန်းစီမံကိန်း ၁၉ခုကို ရင်းနှီးမြှုပ်နှံလျက်ရှိရာ ၎င်းနိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံမှုတွင် အဆင့် ၁၀ ၌ရှိနေသည်ဟု ဆိုသည်။

(အင်တာနက်)

အီရတ်မြောက်ပိုင်း၌ အရပ်သား သုံးဦးသေဆုံး

ကယ်ကွတ် မတ် ၁၇

အီရတ်နိုင်ငံမြောက်ပိုင်း ကယ်ကွတ်မြို့တွင် အီရတ်အရပ်သားသုံးဦး မတ် ၁၅ရက်က သေဆုံးခဲ့သည်ဟု ပြည်နယ်ရဲတပ်ဖွဲ့က ပြောကြားကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။

သေဆုံး

ကယ်ကွတ်မြို့ တောင်ဘက် ကီလိုမီတာ ၄၀အကွာရှိ ဒါကျူမြို့တွင် ကားတစ်စီးပေါ်မှ အကြမ်းဖက်သမားများက ၎င်းတို့အား သေနတ်ဖြင့် ပစ်ခတ်ခဲ့သဖြင့် သေဆုံးခဲ့ခြင်းဖြစ်သည်။

ပစ်ခတ်

ပစ်ခတ်တိုက်ခိုက်ခဲ့သည့် အကြောင်းရင်းကိုမူ မသိရှိရသေးကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ **(အင်တာနက်)**

အာဖဂန်တပ်ဖွဲ့နှင့် တာလီဘန်တို့ အပြန်အလှန် တိုက်ပွဲဖြစ်ပွား

ကင်ဘာရာ မတ် ၁၇

အာဖဂန်နစ္စတန်နိုင်ငံတွင် တာလီဘန် လက်နက်ကိုင်များနှင့် အပြန်အလှန်ပစ်ခတ်မှုဖြစ်ပွားစဉ် ဩစတြေးလျတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့ကြောင်း ဩစတြေးလျကာကွယ်ရေးဝန်ကြီးဌာနက မတ် ၁၇ ရက်တွင် သတင်းထုတ်ပြန်သည်။

ဝမ်းနည်းကြေကွဲ

မိမိတို့တပ်ဖွဲ့ဝင်တစ်ဦး ဆုံးရှုံးခဲ့ရသည့်သတင်းကို ကြေညာခဲ့ရသည့်အတွက် နက်နက်ရှိုင်းရှိုင်း ဝမ်းနည်းကြေကွဲမှုကိုခံစားရကြောင်း ကာကွယ်ရေးအဖွဲ့ အကြီးအကဲ အန်ဂတ်ဟော်စတန်က သတင်းထောက်များသို့ ပြောကြားခဲ့သည်။

ဖွင့်ဟပြောကြား

ကင်ဘာရာမြို့ ပါလီမန်တွင် အစည်းအဝေးကျင်းပစဉ်အတွင်း ဝန်ကြီးချုပ် ကီဗင်ရွတ်ဒ်က သေဆုံးသူတပ်ဖွဲ့ဝင်၏ မိသားစုအား လှိုက်လှိုက်လှဲလှဲ ဝမ်းနည်းကြေကွဲရပါကြောင်း ဖွင့်ဟပြောကြားခဲ့သည်။

စစ်ဆင်ရေးဆင်နွှဲ

အာဖဂန်နစ္စတန်နိုင်ငံတွင် ၂၀၀၂ ခုနှစ် ဖေဖော်ဝါရီလကတည်းက သေဆုံးခဲ့သည့် ဩစတြေးလျတပ်ဖွဲ့ဝင် စုစုပေါင်း ကိုးဦးရှိသွားပြီဖြစ်သည်။ အာဖဂန် နစ္စတန်နိုင်ငံ တောင်အလယ်ပိုင်းဒေသရှိ အန္တရာယ်ထူပြောသော ဥရုဂန်ပြည်နယ်တွင် လက်ရှိ စစ်ဆင်ရေးဆင်နွှဲနေသော ဩစတြေးလျတပ်ဖွဲ့ဝင် ၁၁၀၀ခန့်ရှိကြောင်း သတင်း၌ ဖော်ပြသည်။

(အင်တာနက်)

တရုတ်လျှပ်စစ်ဖြန့်ဖြူးရေးကုမ္ပဏီ စီအက်စ်ဂျီ ယခုနှစ်၌ ဒေါ်လာ ၁၀ဒသမ ၃၈ ဘီလီယံ ရင်းနှီးမြှုပ်နှံမည်

ပေကျင်း မတ် ၁၇

တရုတ်နိုင်ငံ၏ ဒုတိယအကြီးဆုံး လျှပ်စစ်ဖြန့်ဖြူးရေးကုမ္ပဏီဖြစ်သည့် တရုတ်တောင်ပိုင်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးကုမ္ပဏီ (စီအက်စ်ဂျီ)က ယခုနှစ်အတွင်း ၎င်း၏ အဓိကစီမံကိန်းကြီး ၂၀ တွင် အမေရိကန်ဒေါ်လာ ၁၀ဒသမ၃၈ ဘီလီယံ ရင်းနှီးမြှုပ်နှံမည်ဖြစ်ကြောင်း အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေသော ချိုင်းနားဒေးလီးသတင်းစာက မတ် ၁၇ရက်တွင် သတင်းထုတ်ပြန်သည်။

ပြုပြင်မွမ်းမံ

ယင်းကုမ္ပဏီသည် မြို့တွင်းလျှပ်စစ်ဖြန့်ဖြူးရေးလုပ်ငန်းများ ပြန်လည်ပြုပြင်မွမ်းမံရေးလုပ်ငန်းနှင့် အဆင့်မြှင့်တင်ရေးလုပ်ငန်းများတွင် ငွေပမာဏ ယွမ်၆၂ ဒသမ ၂ဘီလီယံ ရင်းနှီးမြှုပ်နှံမည်ဖြစ်ပြီး အသစ်ထပ်မံတည်ဆောက်မည့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးစီမံကိန်း လုပ်ငန်းများတွင် ယွမ်ငွေ ၈ ဒသမ ၈ဘီလီယံ သုံးစွဲမည်ဖြစ်ကြောင်း သိရသည်။

ဖြန့်ဖြူးရေး

စီအက်စ်ဂျီကုမ္ပဏီသည် နိုင်ငံ၏ အရှေ့ပိုင်းနှင့် အနောက်ပိုင်း လျှပ်စစ်ဓာတ်အားပေးပို့ ဖြန့်ဖြူးရေးစီမံကိန်း ၁၁ခုတွင် ငွေကြေးအချို့ သုံးစွဲမည်ဖြစ်ကြောင်းလည်း သိရသည်။ **(အင်တာနက်)**

ယူဂန္ဓာနိုင်ငံ ကမ်ပါလာမြို့၌ အဆောက်အအုံတစ်လုံး ပြိုကျပျက်စီးမှုဖြစ်ပေါ်ခဲ့ရာ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်ကို မတ် ၁၇ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

ဖန်လုံအိမ်အာနိသင်လျှော့ချရေးကုန်ကျစရိတ် ပစ္စည်းဝယ်ယူသည့်နိုင်ငံများကျခံရန် တရုတ်လိုလား

ဝါရှင်တန် မတ် ၁၇

ကမ္ဘာ့တစ်ဝန်းတွင် ဖန်လုံအိမ်အာနိသင်ထုတ်လွှတ်သည့်ပမာဏ လျှော့ချရေးအစီအစဉ်အဖြစ် တရုတ်နိုင်ငံလုပ် ကုန်ပစ္စည်းများ ဝယ်ယူသည့် နိုင်ငံများက တရုတ်နိုင်ငံရှိ စက်ရုံများမှထုတ်လွှတ်သည့် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့နှင့်ပတ်သက်၍ စရိတ်စက တာဝန်ယူရမည်ဖြစ်ကြောင်း တရုတ်တာဝန်ရှိ ပုဂ္ဂိုလ်တစ်ဦးက မတ်၁၆ရက်တွင် ပြောကြားသည်။

ပြောကြား

တရုတ်နိုင်ငံ၏ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ထုတ်လွှတ်သည့်ပမာဏသည် ၁၅ရာခိုင်နှုန်းမှ ၂၅ရာခိုင်နှုန်းခန့်အထိရှိပြီး ကုန်ပစ္စည်းထုတ်လုပ်သည့်စက်ရုံများကြောင့်ဖြစ်သည်ဟု တရုတ်ရာသီဥတုပြောင်းလဲမှုဆိုင်ရာဌာန၏ ညွှန်ကြားရေးမှူး ဂါအိုလီက ပြောကြားသည်။ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ ထုတ်လွှတ်မှုလျှော့ချရေးစရိတ်စကများကို တရုတ်ကုန်ပစ္စည်းဝယ်ယူသည့် နိုင်ငံများက ကျခံရမည်ဖြစ်ပြီး ကုန်ထုတ်လုပ်သည့်နိုင်ငံတွင် တာဝန်မရှိဟု ဂါအိုက ရာသီဥတုဆိုင်ရာဖိုရမ်အစည်းအဝေးတစ်ခု၌ ပြောကြားသည်။

ဝယ်ယူ

တရုတ်နိုင်ငံသည် အမေရိကန်ပြည်ထောင်စုနည်းတူ သက်တမ်း ၁၇နှစ်ရှိပြီဖြစ်သည့် ရာသီဥတုပြောင်းလဲမှုပြဿနာများ လျှော့ချရေးဆိုင်ရာ ကျိုတိုစာချုပ်ကို လက်မှတ်မရေးထိုးခဲ့ပေ။ တရုတ်နိုင်ငံမှ ကုန်ပစ္စည်းအများစုကို အမေရိကန်၊ ကနေဒါနှင့်မက္ကဆီကိုနိုင်ငံတို့က ဝယ်ယူလျက်ရှိသည်။

အမ်အင်န်အေ၊ရိုက်တာ

တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့ရှိ ပင်လယ်ဆိပ်ကမ်း၌ ကုန်သေတ္တာသင်္ဘောများ ကုန်တင်ကုန်ချလုပ်ငန်းဆောင်ရွက်ရန် ဆိုက်ကပ်ထားသည်ကို မတ် ၁၇ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

မက္ကဆီကို၌ ခရီးသည်တင်ဘတ်စ်ကား ကုန်တင်ကားတိုက်မိ

မက္ကဆီကိုစီးတီး မတ် ၁၇

မက္ကဆီကိုနိုင်ငံမြောက်ပိုင်း ကိုဟွိုလာပြည်နယ်၌ ခရီးသည်တင်ဘတ်စ်ကားနှင့် ကွန်တင်နာကားတိုက်မိရာ ၁၀ ဦး သေဆုံးပြီး ၃၀ ဒဏ်ရာရရှိကြောင်း ဒေသဆိုင်ရာ သတင်းဌာနက ထုတ်ပြန်ကြေညာသည်။

ပို့ဆောင်ပေးခဲ့

ယင်းဖြစ်ပွားမှုသည် မတ် ၁၆ရက် ညနေပိုင်းက ဖြစ်ပေါ်ခဲ့ရာ သေဆုံးသူများမှာ နေရာ၌ပင် သေဆုံးခဲ့ကြောင်း ဒဏ်ရာရရှိသူများအား သက်ဆိုင်ရာမှ လူနာတင်ယာဉ်များ၊ ရဟတ်ယာဉ်တို့ဖြင့် ပြည်နယ်ဆေးရုံသို့ ပို့ဆောင်ပေးခဲ့သည်။ (ဓါတ်ပုံ)

အဆိုပါဖြစ်ရပ်နှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိသည်။

(အင်တာနက်)

လွန်ခဲ့သော၁၅နှစ်အတွင်း ကမ္ဘာပေါ်တွင် သစ်တောဟက်တာသန်း၇၀ ပြုန်းတီးခဲ့

ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့၏အစီရင်ခံစာ၌ ဖော်ပြ

ရောမ မတ် ၁၇

ကမ္ဘာကြီးအနေဖြင့် လွန်ခဲ့သော ၁၉၉၀ပြည့်နှစ်မှ ၂၀၀၅ခုနှစ်အထိ ၁၅နှစ်တာကာလအတွင်း သစ်တောဧရိယာ ဟက်တာသန်းပေါင်း၇၀ကျော် ဆုံးရှုံးခဲ့ရကြောင်း ကမ္ဘာ့ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့(အက်ဖ်အေအို)က မတ်၁၆ရက်တွင် ထုတ်ပြန်သော အစီရင်ခံစာ၌ ဖော်ပြသည်။

ကမ္ဘာ့သစ်တောများ ပေါက်ရောက်ရာနိုင်ငံများအား လေ့လာစစ်တမ်းကောက်ယူထားသော ယင်းအစီရင်ခံစာအရ သစ်တောပြုန်းတီးမှုအများစုမှာ တောင်အမေရိကတိုက်၊ အာဖရိကတိုက်နှင့် ကာရစ်ဘီယံဒေသတို့တွင် အများဆုံးဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖော်ပြထား

ဖွံ့ဖြိုးဆဲနိုင်ငံများတွင် အစားအစာတိုးမြှင့်ထုတ်လုပ်မှုနှင့် စက်သုံးဆီဈေးနှုန်းများ ကြီးမြင့်လာသဖြင့် သားငါးထုတ်လုပ်မှု၊ ကောက်ပဲသီးနှံများမှ အစားအစာထုတ်လုပ်မှု၊ တိရစ္ဆာန်အစားအစာထုတ်လုပ်မှုနှင့် ဇီဝလောင်စာဆက်လက်ထုတ်လုပ်မှုများကြောင့် မကြာမီကာလအတွင်း သစ်တောပြုန်းတီးမှု လျော့နည်းလာဖွယ်ရာ မရှိသေးကြောင်း ယင်းအစီရင်ခံစာတွင် ဖော်ပြသည်။

ရေးသားဖော်ပြ

၁၉၉၀ပြည့်နှစ်မှ ၂၀၀၅ခုနှစ်အတွင်း လက်တင်အမေရိကတွင် သစ်တောပြုန်းတီးမှုသည် ဟက်တာပေါင်း ၆၄သန်းအထိ ရှိခဲ့ရာ ကမ္ဘာ့သစ်တောပြုန်းတီးမှု၏ ၇ရာခိုင်နှုန်းရှိကြောင်း ယင်းအစီရင်ခံစာ၌ ဆက်လက်ဖော်ပြထားသည်။

(အင်တာနက်)

ဝမ်းရောဂါဖြစ်ပွားမှု ဘင်္ဂလားဒေ့ရှ်၌ ၆၀၀၀၀ခန့်ရှိ

ဒါကာ မတ် ၁၇

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ယခုနှစ်တွင်း ရာသီဥတု ပူပြင်းလျက်ရှိစဉ် လူ ၆၀၀၀၀ နီးပါး ဝမ်းလျှောရောဂါ ခံစားနေကြရကြောင်း တာဝန်ရှိပုဂ္ဂိုလ်များက မတ် ၁၆ရက်တွင် ပြောကြားသည်။

ရာသီဥတု ရုတ်တရက်ပူပြင်းသဖြင့် လွန်ခဲ့သည့် ရက်သတ္တနှစ်ပတ်အတွင်း ဝမ်းလျှောရောဂါ ကူးစက်လျက်ရှိရာ ယခုလအတွင်း လူ ၁၆၄၂၇ဦး ယင်းရောဂါ ဖြစ်ပွားခဲ့ကြသည်။

ယခုနှစ်အတွင်း နိုင်ငံတစ်ဝန်းရှိ ဝမ်းလျှောရောဂါဖြစ်ပွားသူ ၃၅၈၄၉ ဦး အစိုးရဆေးရုံများသို့ တက်ရောက်ကုသခဲ့ရသည်ဟု ကျန်းမာရေးနှင့် လူမှုဝန်ထမ်းဌာနလက်အောက်ရှိ ဝမ်းလျှောရောဂါထိန်းချုပ်ရေးဌာနစိတ် အကြီးအကဲ ဖြစ်သူ နူရူအစ္စလမ်က ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

ထို့အပြင် ယခုနှစ်အတွင်း ဝမ်းလျှောရောဂါဖြစ်ပွားသူ ၂၃၅၅၁ဦးသည် ဒါကာမြို့တော်ရှိ နိုင်ငံတကာ ဝမ်းလျှောရောဂါကုဆေးရုံကြီးတွင် တက်ရောက်ကုသခဲ့သည်ဟု အဆိုပါဌာနက ပြောကြားသည်။

ဝမ်းလျှောရောဂါဖြစ်ပွားသော်လည်း ယင်းရောဂါကြောင့် သေဆုံးသူမရှိဟု သိရသည်။ ရာသီဥတု ပိုမိုပူပြင်းလာခဲ့ပါက ယင်းရောဂါဖြစ်ပွားသူဦးရေသည် လာမည့်သီတင်းပတ်များအတွင်း ပိုမိုမြင့်တက်လာနိုင်ကြောင်း သိရသည်။

အမ်အင်န်အေ၊ ဆင်ဟွာ

အီရတ်၌သေဆုံးသည့် ကန်တပ်ဖွဲ့ဝင် ၄၂၅၈ ဦးရှိသွားပြီ

ဘဂ္ဂဒက် မတ် ၁၇

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ ဖြစ်ပွားသော တိုက်ခိုက်မှုကြောင့် ရရှိသောဒဏ်ရာဖြင့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့ကြောင်း အမေရိကန်စစ်ဘက်က မတ် ၁၆ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။

ဖော်ပြခဲ့

စစ်ဘက်က ထုတ်ပြန်သော သတင်းအကျဉ်းတွင် ယင်းနေ့က ဘဂ္ဂဒက်မြို့အတွင်း ကင်းလှည့်စဉ် စစ်ဆင်ရေး၌ရရှိသော ဒဏ်ရာကြောင့် ဘဂ္ဂဒက်ရှိ နိုင်ငံစုံတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးကြောင်း ဖော်ပြခဲ့သည်။

ဆက်လက်ဖော်ပြ

သေဆုံးသည့် တပ်ဖွဲ့ဝင်၏အမည်ကို ထုတ်ဖော်ကြေညာခြင်း မရှိဘဲ ဆွေမျိုးသားချင်းများအား အသိပေးအကြောင်းကြားရေးကိုလည်း ဆိုင်းငံ့ထားကြောင်း၊ ယင်းဖြစ်ရပ်ကို လောလောဆယ် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိကြောင်း အဆိုပါသတင်း၌ ဆက်လက်ဖော်ပြသည်။

သတင်းထုတ်ပြန်

အီရတ်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါများ စတင်ကျူးကျော်ခဲ့သည့် ၂၀၀၃ခုနှစ် မတ်လမှစတင်ကာ ယနေ့အထိ ယင်းနိုင်ငံတွင် သေဆုံးခဲ့သည့် အမေရိကန် တပ်ဖွဲ့ဝင်ဦးရေမှာ ၄၂၅၈ဦး ရှိသွားပြီဖြစ်ကြောင်း ပင်တဂွန်စစ်ဌာနချုပ်၏ စာရင်းဇယားများကို အခြေခံ၍ မီဒီယာများက သတင်းထုတ်ပြန်သည်။

(အင်တာနက်)

ပါကစ္စတန် ရဝါပင်ဒီမြို့၌ အသေခံဗုံးဖောက်ခွဲတိုက်ခိုက်

အစ္စလမ္မာဘတ် မတ် ၁၇

ပါကစ္စတန်နိုင်ငံ ရဝါပင်ဒီမြို့၌ မတ် ၁၆ရက်က ဘတ်စ်ကားဂိတ်တစ်ခု၌ အသေခံဗုံးဖောက်ခွဲတိုက်ခိုက်မှုဖြစ်ပွားရာ ကိုးဦးသေဆုံးပြီး ၁၈ဦး ဒဏ်ရာရရှိကြောင်း ဒေသအာဏာပိုင်များက ပြောကြားသည်။

ယင်းအခင်းဖြစ်ပွားရာ နေရာသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များ ရောက်ရှိကာ ထိခိုက်ဒဏ်ရာရရှိသူများအား ရဝါပင်ဒီဆေးရုံသို့ အရေးပေါ်ပို့ဆောင်ပေးခဲ့ကြောင်း ထပ်လောင်း ပြောကြားသည်။

အများဆုံးဖြစ်ပွား

အဆိုပါဒေသသည် ပါကစ္စတန်နိုင်ငံအတွင်းရှိ အစိုးရဆန့်ကျင်ရေး လက်နက်ကိုင်များ အကြမ်းဖက်တိုက်ခိုက်မှု အများဆုံးဖြစ်ပွားရာ ဒေသဖြစ်သည်။

(အင်တာနက်)

အလုပ်လက်မဲ့နိုင်ငံခြားသား ဗြိတိန်မှပြန်ရန် ပြည်သူအများစု လိုလား

လန်ဒန် မတ် ၁၇

နိုင်ငံခြားသားများအနေဖြင့် အလုပ်မရှိလျှင် သူတို့နိုင်ငံမှ ထွက်ခွာသွားသင့်သည်ဟု ဗြိတိန်ပြည်သူလေးပုံသုံးပုံတို့က ယုံကြည်ကြောင်း ဖိုင်နင်ရှယ်တိုင်းမ်သတင်းစာ၏ ပြည်သူ့သဘောထားစစ်တမ်းတွင် မတ် ၁၇ရက်က ဖော်ပြပါရှိသည်။

ဗြိတိန်နိုင်ငံအတွင်း အခြားသော ဥရောပသမဂ္ဂ(အီးယူ)ဝင်နိုင်ငံများမှ နိုင်ငံခြားသားများ အလုပ်လုပ်ကိုင်ခြင်းကို ဗြိတိန်ပြည်သူအများစုက မလိုလားကြောင်း တွေ့ရသည်ဟု ဆိုသည်။

အမ်အင်န်အေ၊ရိုက်တာ

ပါကစ္စတန်နိုင်ငံ ရဝါပင်ဒီမြို့၌ အသေခံဗုံးဖောက်ခွဲတိုက်ခိုက်မှုဖြစ်ပွားရာ၌ ထိခိုက်ဒဏ်ရာရရှိသူ တစ်ဦးအား ပြည်နယ်ဆေးရုံသို့ ပို့ဆောင်နေသည်ကို မတ် ၁၇ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

တူရကီ၌ ယာဉ်တိုက်မှု ၁၄ဦးသေဆုံး ၃၃ဦးဒဏ်ရာရ

အစ္စတန်ဘူလ် မတ် ၁၇

တူရကီနိုင်ငံ အရှေ့တောင်ပိုင်း၌ မတ် ၁၆ရက်က ယာဉ်တိုက်မှုနှစ်ခု ဖြစ်ပွားသဖြင့် ၁၄ဦးသေဆုံးပြီး ၃၃ဦး ဒဏ်ရာရသွားကြောင်း အနာတိုလီယာ သတင်းဌာနက မတ် ၁၇ရက်တွင် ကြေညာသည်။

သေဆုံး

ပထမယာဉ်တိုက်မှုမှာ ဂါဇီယန်တက်ပြည်နယ် နစ်ဇစ်ဘီရီစစ် အီ-၉၀ အဝေးပြေးလမ်းမကြီးတွင် ခရီးသည်တင် ဘတ်စ်ကားနှင့် ခရီးသည်တင်ကားငယ်တို့ တိုက်မိခြင်းဖြစ်ပြီး ကိုးဦးသေဆုံးပြီး ၂၃ဦး ဒဏ်ရာရသွားသည်။

ဒဏ်ရာရရှိ

ဒုတိယယာဉ်တိုက်မှုမှာ ထိုပြည်နယ်တွင်း နစ်ဇစ်မြို့အတွင်း ဖြစ်သည်။ ငါးဦး သေဆုံးပြီး ၁၀ဦး ဒဏ်ရာရရှိသွားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

18-3 (05).pmd 1 3/18/2009, 12:41 AM

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးအား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သြစတြေးလျနိုင်ငံသံအမတ်ကြီး H.E. Ms. Michelle Su-Wen Chan လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

လယ်ယာ/ဆည်မြောင်း ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးအား သြစတြေးလျနိုင်ငံ သံအမတ်ကြီးလာရောက်တွေ့ဆုံ

နေပြည်တော် မတ် ၁၇

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးအား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သြစတြေးလျနိုင်ငံသံအမတ်ကြီး H.E. Ms. Michelle Su-Wen Chan သည် ယမန်နေ့ မွန်းလွဲ ၁နာရီက နေပြည်တော်ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံပြီး နှစ်နိုင်ငံလယ်ယာကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးနှင့် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး ကိစ္စရပ်များကို ဆွေးနွေးကြသည်။

တွေ့ဆုံဆွေးနွေး

အဆိုပါ တွေ့ဆုံပွဲသို့ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့်လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

(၆၄)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော် တည်ဆောက်ရာတွင် ချမှတ်ထားသည့် မူဝါဒလမ်းစဉ်(၇)ရပ် ပြီးမြောက် အောင်မြင်စေရေးအတွက် တိုင်းရင်းသားပြည်သူများနှင့် အတူ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

၂။ ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးမူဝါဒအဖြစ် ခံယူပြီး အသက်ပေး၍ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

၃။ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဟန့်တားနှောင့်ယှက်သော ပြည်တွင်း၊ ပြည်ပ အဖျက်သမားများကို တိုင်းရင်းသားပြည်သူတို့နှင့်အတူ လက်တွဲချေမှုန်းရေး။

၄။ နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် ပိုင်နက်လုံခြုံရေးကို ကာကွယ်စောင့်ရှောက်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီ မျိုးချစ်တပ်မတော် တည်ဆောက်ရေး။

ပဏာမလက်ရွေးစင် အားကစားသမားများ စခန်းသွင်း လေ့ကျင့်နေမှု

ဝန်ကြီးဗိုလ်မှူးချုပ်သူရအေးမြင့် ကြည့်ရှုအားပေး

ရန်ကုန် မတ် ၁၇

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်သည် ယမန်နေ့နံနက် ၇နာရီက ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း၌ ဖွင့်လှစ်သင်ကြားလျက်ရှိသည့် ၂၀၀၉ခုနှစ် နွေရာသီအားကစားသင်တန်းများ သင်ကြားနေမှု အခြေအနေများကို လိုက်လံကြည့်ရှုအားပေးပြီး သင်တန်းသား ကလေးငယ်များအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးသည်။

ယင်းနောက် ဝန်ကြီးသည် လာအိုနိုင်ငံ၌ ကျင်းပမည့် (၂၅)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် စခန်းသွင်းလေ့ကျင့်လျက်ရှိသော မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ်၊ မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်၊ မြန်မာနိုင်ငံဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံတိုက်ကွမ်ဒိုအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ အလေးမအဖွဲ့ချုပ်တို့မှ ပဏာမလက်ရွေးစင် အားကစားသမားများ လေ့ကျင့်နေမှုကို သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မီးဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်

ရေဦး မတ် ၁၇

ရေဦးမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယရဲမှူး ဝင်းမြင့် ဦးဆောင်ကြီးကြပ်မှုဖြင့် မြို့နယ်စည်ပင်အမှုဆောင်အရာရှိ ဦးထွန်းထွန်းဦး၊ မြို့နယ်မီးသတ်တပ်ဖွဲ့မှူး ဦးစန်းဦးတို့နှင့် ဈေးအကျိုးတော်ဆောင်အဖွဲ့ဝင်များ ပူးပေါင်းပြီး ဖေဖော်ဝါရီ ၁၅ရက် နံနက် ၁၁နာရီက ရေဦးမြို့ မြို့မဈေး၌ ဈေးမီးဘေးကြိုတင်ကာကွယ်ရေးအတွက် သရုပ်ပြ ဇာတ်တိုက်လေ့ကျင့်ကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ပညာပေးဟောပြော

မတ် ၁၅ရက်က ရန်ကုန်အနောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့၏ မူခင်းပညာပေး ဟောပြောပွဲကို ကြည့်မြင်တိုင်မြို့နယ် အမှတ်(၃)အထက(ထီးတန်း)၌ကျင်းပရာ ခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ ရဲမှူးစိန်ထွန်းက မူခင်းပညာပေး ဟောပြောစဉ်။ (မြန်မာနိုင်ငံရဲတပ်ဖွဲ့)

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ အထွေထွေဘဏ်လုပ်ငန်းသင်တန်း အရာရှိအဆင့် သင်တန်း အမှတ်စဉ်(၁၃) သင်တန်းဆင်းပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ဘဏ်များကြီးကြပ်ရေးကော်မတီ ကြီးမှူး အထွေထွေဘဏ်လုပ်ငန်းသင်တန်း အရာရှိအဆင့်သင်တန်းဆင်း

ရန်ကုန် မတ် ၁၇

ဘဏ်များကြီးကြပ်ရေးကော်မတီက ကြီးမှူးဖွင့်လှစ်သည့် အထွေထွေဘဏ်လုပ်ငန်းသင်တန်း အရာရှိအဆင့် သင်တန်း အမှတ်စဉ်(၁၃) ဆင်းပွဲကို ယမန်နေ့ မွန်းလွဲ ၂နာရီက ရန်ကုန်မြို့ ရန်ကင်းမြို့နယ်ရှိမြန်မာနိုင်ငံဘဏ်များအသင်း ဇမ္ဗူရစ်ရွှေစင်ခန်းမ၌ ကျင်းပရာ ဘဏ်များကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေတက်ရောက်၍ အမှာစကားပြောကြားပြီး ထူးချွန်သင်တန်းသားများအား ဆုများချီးမြှင့်သည်။

ပြောကြား

ထို့နောက် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးသန်းညိန်းက သင်တန်းဆင်းလက်မှတ်များနှင့် သင်တန်းဆရာ ဆရာမများအား ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ပြီး သင်တန်းသားများကိုယ်စား သင်တန်းသားတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

တက်ရောက်

သင်တန်းဆင်းပွဲ အခမ်းအနားသို့ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနရှိ ဦးစီးဌာနနှင့်လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံဘဏ်များအသင်းအမှုဆောင်များ၊ ဖိတ်ကြားထားသူများ၊ ဆရာ ဆရာမများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ကြာမြင့်

အဆိုပါသင်တန်းသို့ နိုင်ငံပိုင်ဘဏ်များနှင့် ပုဂ္ဂလိကဘဏ်များမှ သင်တန်းသား သင်တန်းသူ ၄၅ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ရက်သတ္တ၁၂ပတ်ကြာမြင့်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မိုးကောင်း၌ လမ်းဘေးကပ်တုံးများ ဆေးသုတ်မွမ်းမံ

မိုးကောင်း မတ် ၁၇

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ပွင့်လင်းရာသီတွင် မြို့သာယာလှပရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ ဖေဖော်ဝါရီ ၁ရက်က မိုးကောင်းမြို့တွင်းလမ်းများ ဘေးဝဲယာတစ်လျှောက်၌ ကပ်တုံးများ ဆေးသုတ်မွမ်းမံအလှဆင်ခြင်း၊ ပန်းအလှပင်များ အစားထိုး လဲလှယ်စိုက်ပျိုးပေးခြင်းလုပ်ငန်းများ စုပေါင်းဆောင်ရွက်မှုကို အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းနိုင် ကြီးကြပ်ပေးကြောင်းသိရသည်။

(၀၀၁)

လှိုင်လင် မြို့မဈေး၌ မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြ

လှိုင်လင် မတ် ၁၇

လှိုင်လင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးအရှေ့ဘက်တွင် မီးဘေးကြိုတင် ကာကွယ်ရေးအတွက် ဖေဖော်ဝါရီ ၄ရက်က မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးကြီးကြပ်ရေးကော်မတီနှင့် ဈေးသူဈေးသားများ ပူးပေါင်း၍ မီးငြိမ်းသတ်မှု ဇာတ်တိုက်လေ့ကျင့်သရုပ်ပြမှုကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးမြင့်ဝင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဦးစီးမှူး ဦးဂျော့ချ်မျိုးမြင့်နှင့် ဌာနဆိုင်ရာများ တက်ရောက်ကြည့်ရှု အားပေးကြကြောင်း သိရသည်။

(၀၁၇)

နိုင်ငံ့ဝန်ထမ်းသင်တန်းဆရာများ လေ့ကျင့်သင်ကြားရေး သင်တန်းဖွင့် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူ အမှာစကားပြောကြား

နေပြည်တော် မတ် ၁၇

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့တွင် တည်ထောင်ထားရှိသည့် နိုင်ငံ့ဝန်ထမ်း သင်တန်းဆရာများ လေ့ကျင့်သင်ကြားရေး အာဆီယံလူ့စွမ်းအားဗဟိုဌာန(ASEAN Resource Center for Training of Trainers for Civil Service) အစီအစဉ်ဖြင့် နိုင်ငံ့ဝန်ထမ်း သင်တန်းဆရာများ လေ့ကျင့်သင်ကြားရေး သင်တန်းအမှတ်စဉ်(၁/၂၀၀၉) ဖွင့်ပွဲကို ယမန်နေ့နံနက် ၉နာရီက နေပြည်တော်ရှိ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ရုံး သင်တန်းခန်းမ၌ ကျင်းပရာ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

အမှာစကားပြောကြား

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူ နိုင်ငံ့ဝန်ထမ်း သင်တန်းဆရာများ လေ့ကျင့်သင်ကြားရေး သင်တန်းအမှတ်စဉ် (၁/၂၀၀၉) ဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

တက်ရောက်

အဆိုပါ သင်တန်းဖွင့်ပွဲသို့ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်များဖြစ်ကြသည့် ဦးအောင်မြင့်၊ ဦးလှမြင့်ဦး၊ ဦးဝင်းအောင်၊ ဦးစိုးဦး၊ ဦးညီထွန်းနှင့် ဦးကျော်အောင်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာနနှင့် ဝန်ထမ်းရေးရာဦးစီးဌာနတို့မှ ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ပို့ချသင်ကြားပေးမည်

အဆိုပါသင်တန်း၌ ဝန်ကြီးဌာနများနှင့် အဖွဲ့များရှိ လေ့ကျင့်ရေးသင်တန်းကျောင်းများ၌ နည်းပြတာဝန် ထမ်းဆောင်လျက်ရှိသူ ၂၁ဦး၊ ဗဟိုဝန်ထမ်းတက္ကသိုလ် နှစ်ခုမှ နည်းပြတာဝန်ထမ်းဆောင်လျက်ရှိသူ ကိုးဦး စုစုပေါင်း ၃၀တို့အား လေ့ကျင့်ရေး လိုအပ်ချက်များကို သတ်မှတ်ပေးခြင်း၊ လေ့ကျင့်ရေး အစီအစဉ်ပုံစံရေးဆွဲခြင်းနှင့် သင်ခန်းစာ အကျဉ်းများ၊ မှတ်စုများပြုစုခြင်း၊ တက်ကြွသည့် စာသင်ခန်းတစ်ခုဖြစ်ရန် စီမံခန့်ခွဲခြင်း၊ ပံ့ပိုးကူညီမှုစွမ်းရည်၊ နည်းလမ်းပြခြင်း၊ ထိန်းသိမ်းကြပ်မတ်ပေးခြင်းနှင့် သင်ကြားမှု အထောက်အကူဆိုင်ရာ ဘာသာရပ်ငါးခုတို့ကို ရက်သတ္တသုံးပတ်ကြာပို့ချသင်ကြားပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အိန္ဒိယ ကိုလ်ကတ္တားမြို့ရှိ AMRI ဆေးရုံကြီးမှ ဆရာဝန်ကြီးများ ဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်



အိန္ဒိယသမ္မတနိုင်ငံ ကိုလ်ကတ္တားမြို့ရှိ AMRI ဆေးရုံကြီးမှ ဒါရိုက်တာ Mr. D N Agarwal က နှုတ်ခွန်းဆက်စကား ပြောကြားစဉ်။ (သတင်းစဉ်)

ရန်ကုန် မတ် ၁၇

အိန္ဒိယသမ္မတနိုင်ငံ ကိုလ်ကတ္တားမြို့ရှိ AMRI (Advanced Medicare Research Institute Ltd.) ဆေးရုံကြီးမှ ဆရာဝန်ကြီးများသည် မတ် ၁၅ရက် ညနေပိုင်းက ရန်ကုန်မြို့ ကုန်သည်ကြီးများ ဟိုတယ်၌ ဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲကို ကျင်းပသည်။

ဟောပြောဆွေးနွေး

အခမ်းအနားတွင် ရှေးဦးစွာ AMRI ဆေးရုံကြီးမှ ဒါရိုက်တာ Mr. D N Agarwal က နှုတ်ခွန်းဆက်စကား ပြောကြားပြီး ဆွေးနွေးပွဲသဘာပတိအဖြစ် (အငြိမ်းစား) ဆေးပညာ ပါမောက္ခ ဒေါက်တာစောနိုင်က ဆောင်ရွက်သည်။ AMRI ဆေးရုံကြီးမှ ဦးနှောက်နှင့် အာရုံကြောခွဲစိတ် ဆရာဝန်ကြီး Prof. Dr. R.N Bhattacharya က Endoscopic Neurosurgery in the era of MicroNeuro Surgery ခေါင်းစဉ်ဖြင့် လည်းကောင်း၊ နှလုံးနှင့် ရင်ခေါင်း ခွဲစိတ်ပါရဂူ Dr. K. M Mandana က Valve Repairs & Paediatric Cardiac Surgery ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ဆီးနှင့်ကျောက်ကပ်ရောဂါဆိုင်ရာ အထူးကုပါရဂူ Dr. Arghya Majumdar က An overview of Renal Transplant therapy ခေါင်းစဉ်ဖြင့် လည်းကောင်း၊ အရိုးခွဲစိတ်အထူးကု ဆရာဝန်ကြီး Dr.Joydeep Banerjee Chowdhury က Recent advances in management of Osteoarthritis of knee ခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီး ဟောပြောဆွေးနွေးကြပြီး တက်ရောက် လာသူများ၏ သိရှိလိုသည်များကို ပြန်လည် ဆွေးနွေးဖြေကြားကြသည်။

ကျေးဇူးတင်စကား

ထို့နောက် AMRI မှ Director Dr. Pronab Das Gupta က ကျေးဇူးတင်စကား ပြောကြားပြီး သဘာပတိ ပါမောက္ခဒေါက်တာစောနိုင်က ဟောပြောသူ ဆရာဝန်ကြီးများအား ဂုဏ်ပြုပန်းစည်းများ ပေးအပ်သည်။

ဖွင့်လှစ်ထား

အိန္ဒိယသမ္မတနိုင်ငံ ကိုလ်ကတ္တားမြို့ရှိ AMRI ဆေးရုံကြီးများ၏ မြန်မာပြည်ရုံးခွဲကို ရန်ကုန်မြို့ ဗဟန်းမြို့နယ် ပုလဲကွန်ဒို တိုက်(ဘီ) ပထမထပ် အခန်း F-28 တွင် Myanmar Vertex Co., Ltd. အမည်ဖြင့် ဖွင့်လှစ်ထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်ပြည်တစ်လွှား မီးမပွားရေး တားဆီးပေး

မတ် ၁၆ရက်က ရန်ကုန်မြို့ အင်းစိန်မြို့နယ် ဘူတာရုံလမ်းရှိ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန မွေးမြူရေး အစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်းတွင် အင်းစိန်မြို့နယ် မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူများက အရေးပေါ်မီးငြိမ်းသတ်နည်းများနှင့် မီးငြိမ်းသတ်ရေး ဇာတ်တိုက်လေ့ကျင့်ခန်းများကို ဝန်ထမ်းများအား လက်တွေ့သင်ကြားပြသပေးစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း အမြို့မြို့အနယ်နယ် လိုတိုရှင်းသတင်းများ

ကျေးလက်ရေပေးရေး ဖားကန့်၌ ဆောင်ရွက်

ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးအေးချိုသည် ဖားကန့်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်လျက်ရှိသော ဆည်ဇင်းကျေးရွာ ကျေးလက်ရေပေးရေးလုပ်ငန်းမှ ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းကို ဖေဖော်ဝါရီ ၂၃ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိဦးမြင့်အောင်နှင့် တာဝန်ခံအင်ဂျင်နီယာဦးဇင်မင်းထွန်းတို့က လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေကို ရှင်းလင်းတင်ပြကြသည်။ (မြို့နယ်စည်ပင်)

နွားထိုးကြီး၌ ငွေချည် (၆)ဝါ အထွက်ကောင်း

နွားထိုးကြီးမြို့နယ်တွင် ငွေချည်(၆)ဝါ တစ်ဧက ပိဿာ၁၀၀၀အထိ ထွက်နေပြီး အနည်းဆုံး ပိဿာ၄၀၀ထွက်လျက်ရှိသည်။ ဝါကို မိုးကောင်းသောက်ဧကများတွင် စိုက်ပျိုးသော ရှာကြီး၊ ပြင်စည်၊ ပဲချက်နှင့် ခက်လန်းရှေ့တန်းစိုက်ပျိုးရေးစခန်းများ၌ ဧက၆၀၀၀ခန့်အထိ စိုက်ပျိုးထုတ်လုပ်နေကြသည်။ (ဝ၉၂)

နွေစပါးလျာထားချက်ပြည့်မီကျော်လွန်ရေးဆောင်ရွက်

ပုလဲမြို့နယ် မြောက်ယမားရေလှောင်တမံမှ ဆည်ရေဖြင့် ၂၀၀၈-၂၀၀၉ ခုနှစ် နွေစပါးစိုက်ဧက ၁၅၅၀ပြည့်မီကျော်လွန် စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်အတွင်းရေးမှူး ဦးဇော်ထွန်းအောင်နှင့်မြို့နယ်မြေစာရင်းဦးစီးအရာရှိ ဦးပြည့်ဖြိုးထွန်းတို့ ဦးဆောင်သော မြို့နယ်စိုက်/ကြပ်အဖွဲ့သည် ဇန်နဝါရီဖြရက်မှ စတင်ကာ မြောင်းလက်တံ တစ်ခုချင်းအလိုက် တောင်သူများနှင့်တွေ့ဆုံပြီး လျာထားချက်ပြည့်မီကျော်လွန်အောင် စိုက်ပျိုးရေး၊ အထွက်ကောင်းမျိုးသန့် သက်လျှင်စပါးများစိုက်ပျိုးရေး ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ကြသည်။ (မြို့နယ် ပြန်/ဆက်)

ရေစကြို၌ လမ်းခင်းရန်ငွေလှူဒါန်း

မကွေးတိုင်း ရေစကြိုမြို့ ဒေါ်ဦးဘိုးဘွားရိပ်သာတွင် ဖေဖော်ဝါရီ ၁၂ ရက်က ရေစကြိုတမာတန်းလမ်းအပိုင်း ကတ္တရာတိုးချဲ့လမ်းခင်းရန်အတွက် အလှူငွေပေးအပ်ပွဲကျင်းပရာ အလှူရှင်(ကံပွင့်အမွေးတိုင်လုပ်ငန်း) ဦးအောင်သန်း-သီရိသုမ္မေသိင်္ဂီ ဒေါ်ခင်သန်းဦးတို့က ငွေကျပ် ၁၃၄ သိန်းကို မြို့မိမြို့ဖ ဦးလှမင်းထံ ပေးအပ်လှူဒါန်းသည်။ (ဝ၆၉)

ဈေးရောင်းပွဲတော်နှင့်ကုန်စည်ပြပွဲ ကောလင်း၌ကျင်းပ

ကောလင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ စီစဉ်မှုဖြင့် ရွှေခြသေ့ဈေးရောင်းပွဲတော်နှင့် ကုန်စည်ပြပွဲကို ကောလင်းမြို့ ပြည်သူ့အားကစားကွင်းတွင် ဖေဖော်ဝါရီ ၁၈ ရက် နံနက် ၇ နာရီက ကျင်းပရာ ကသာခရိုင်ဥက္ကဋ္ဌ ဦးလှဝေနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ ယင်းပြပွဲကိုဖေဖော်ဝါရီ ၂၂ ရက်အထိ ကျင်းပခဲ့သည်။ (ဝ၁၂)

ပင်းတယ၌ ကျောက်ချောလမ်းဖွင့်

ပင်းတယမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်ပြီးစီးခဲ့သော ချယ်ရီလမ်း ကျောက်ချောလမ်းဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၁ ရက်က ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးတင်လတ်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင့်ဝေတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ **(မြို့နယ် ပြန်/ဆက်)**

အမရပူရ၌ စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်

အမရပူရမြို့နယ် နတ်ရေကန်ကျေးရွာအုပ်စု ရှားတောလေးကျေးရွာတွင် ဘဝတက္ကသိုလ် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲနှင့်စာအုပ်၊ စာစောင်များ ပေးအပ်လှူဒါန်းပွဲကို ဖေဖော်ဝါရီ ၁၂ရက် နံနက် ၁၀နာရီက ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌဦးအေးသန်းက အဖွင့်အမှာစကားပြောကြားပြီး မန္တလေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးမြင့်က စာကြည့်တိုက်များ ဖွင့်လှစ်ရခြင်းရည်ရွယ်ချက် ရှင်းလင်းပြောကြားပြီး အလှူရှင်များလှူဒါန်းသောစာအုပ်၊ စာစောင်များကို စာကြည့်တိုက်မှူး ဦးအောင်ညွန့်က လက်ခံယူသည်။ (မြို့နယ် ပြန်/ဆက်)

အရာတော်၌ ကျောင်းသားကျောင်းသူများ မြတ်ဆရာပူဇော်

အရာတော်မြို့နယ် အမှတ်(၁)နယ်မြေ ကမ္ဘောဇရပ်ကွက် အခြေခံပညာမူလတန်းကျောင်းမှ ကျောင်းကော်မတီဝင်များ ကြီးမှူး၍ ကျောင်းသားကျောင်းသူများ မြတ်ဆရာပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၂၀ရက် နံနက် ၁၀နာရီက ယင်းအခြေခံပညာမူလတန်းကျောင်း၌ ကျင်းပသည်။ **(မြို့နယ် ပြန်/ဆက်)**

မိုးကောင်းမြို့နယ်၌ ကျေးလက်စက်ရေတွင်းဖွင့်

ကချင်ပြည်နယ် မိုးကောင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ တာဝန်ယူ ဆောင်ရွက်ပြီးစီးသည့် လမ်းခွကျေးရွာအုပ်စု နှစ်လက်မစက်ရေတွင်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၀ရက် နံနက် ၉နာရီခွဲက အဆိုပါစက်ရေတွင်းရှေ့မုခ်ဦး၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးသန်းစိန်နှင့် တာဝန်ရှိသူများက စက်ရေတွင်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ (ဝဝ၁)

မီးဘေးသင့်ပြည်သူများအား ထောက်ပံ့ငွေနှင့် ပစ္စည်းများပေးအပ်

မြင်းခြံ မတ် ၁၇

မီးဘေးသင့်ပြည်သူများအား ထောက်ပံ့ငွေနှင့်ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို မတ် ၁၁ရက် မွန်းလွဲ ၁နာရီက မြင်းခြံမြို့ အမှတ်(၁)တိုးချဲ့ရပ်ကွက် ဓမ္မာရုံ၌ ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှမိုးက အမှာစကား ပြောကြားပြီး တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက လှူဒါန်းသည့် တစ်အိမ်လျှင် ငွေကျပ် ၂၀၀၀၀နှုန်းဖြင့် မီးဘေးသင့် အိမ်ခြေ၄၁အိမ်အတွက် ငွေကျပ်၈၂၀၀၀၀ကို လည်းကောင်း၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌက ငွေကျပ် ၂၄၀၀၀တန်ဖိုးရှိ ပစ္စည်းများကိုလည်းကောင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌက ငွေကျပ် ၄၂၀၀၀ တန်ဖိုးရှိ ပစ္စည်းများကို လည်းကောင်း ပေးအပ်လှူဒါန်းကြသည်။ **(ခရိုင် ပြန်/ဆက်)**

အင်ဂျန်းယန်မြို့နယ်၌ လင်းရောင်ခြည်စာကြည့်တိုက်ဖွင့်

အင်ဂျန်းယန် မတ် ၁၇

ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် အင်ဂျန်းယန်မြို့နယ် မြစ်ဆုံကျေးရွာ မူကြိုကျောင်း၌ လင်းရောင်ခြည် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၁ရက်က ကျင်းပရာ မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဦးအောင်ကြည်နှင့် ကျေးရွာအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမရီတန်ဂွန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး မြို့နယ်ဦးစီးမှူးဦးအောင်ကြည်က စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေး လုပ်ငန်းများကို ဆွေးနွေးပြောကြားကာ သုတ ရသ မဂ္ဂဇင်းနှင့် ဂျာနယ်စာစောင် ၅၀ကို စာကြည့်တိုက်ကော်မတီထံသို့ ပေးအပ်လှူဒါန်းသည်။ (မြို့နယ် ပြန်/ဆက်)

✳ ရှေ့ဖုံးမှ

အဆိုပါ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးစီမံကိန်းကို ၂၀၀၅ခုနှစ် အောက်တိုဘာလမှစတင်၍ ဖောက်လုပ်ခဲ့ရာ ၂၀၀၈ခုနှစ် မတ်လတွင် ရန်ကုန် အမှတ်(၃)လမ်းမကြီးမှ နေပြည်တော် စီလမ်းဆုံအထိ တစ်လမ်းမောင်း၊ နှစ်လမ်းသွား (One Way/Two Lane) ပြီးစီးခဲ့ပြီး စမ်းသပ်အသုံးပြုလျက် ရှိရာမှ ယခုအခါ နှစ်လမ်းမောင်း၊ နှစ်လမ်းသွား (Two Way/Tow Lane) ပြီးစီးပြီဖြစ်၍ မကြာမီ တရားဝင်ဖွင့်လှစ်နိုင်တော့မည်ဖြစ်သည်။

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးဖောက်လုပ်ရန်အတွက် ၁၉၅၉ခုနှစ်တွင် နိုင်ငံခြားအတိုင်ပင်ခံ အင်ဂျင်နီယာအဖွဲ့သည် အကြိုအင်ဂျင်နီယာလုပ်ငန်းအဖြစ် စီမံကိန်းအစီရင်ခံစာကို မြန်မာနိုင်ငံအစိုးရသို့ တင်သွင်းခဲ့သည်။ သို့သော်လည်း နှစ်ပေါင်း ၄၀ အတွင်း အကြောင်းအမျိုးမျိုးကြောင့် လက်တွေ့ဆောင်ရွက်နိုင်ခဲ့ခြင်းမရှိချေ။

ရာသီမရွေးတည်ရှိနေတဲ့ အင်းအိုင်တွေ၊ အင်းကောတွေကို ဖြတ်သန်းဖောက်လုပ်ရတာကြောင့် မြေပြန့်လွင်ပြင်ကို ဖြတ်သန်းဖောက်လုပ်ရတဲ့လမ်းတွေနဲ့ မတူတဲ့ အခက်အခဲတွေကို ရင်ဆိုင်ကျော်လွှားခဲ့ရပါတယ်။

ဦးတင့်ဆန်း
စီမံကိန်းအင်ဂျင်နီယာ
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း

ကွန်ကရစ်လမ်းမကြီး

ယခု လက်တွေ့ အကောင်အထည်ဖော် ဖောက်လုပ်လျက်ရှိသော ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးသည် ရန်ကုန် အမှတ်(၃)လမ်းဆုံမှ မန္တလေး

ရန်ကုန်-နေပြည်တော်လမ်းပိုင်း၏ မိုင်တိုင်အမှတ် (၂၆/၄) မှ (၈၃/၆) အတွင်း Two Way/Two Lane ကွန်ကရစ်လမ်း ပြီးစီးမှုကို ဤသို့တွေ့ရသည်။ (သတင်းစဉ်)

စကားအင်းအိုင်းအထိ အရှည် ၃၂၅ မိုင် ၆ ဖာလုံဖြစ်ပြီး တစ်ဖက်လျှင် လေးလမ်းသွားဖြင့် ရှစ်လမ်းသွား ကွန်ကရစ်လမ်းမကြီးဖြစ်သည်။

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး၏ အဓိကထူးခြားချက်မှာ အမြန်လမ်းမကြီးဖြတ်သန်းရာ လမ်းတစ်လျှောက်၌ ကန့်လန့်ဖြတ် ဆုံတွေ့ရသော လမ်းများအားလုံးသည် အမြန်လမ်းမကြီး၏အောက်မှသာ ဖြတ်သန်းသွားခြင်းဖြစ်ပြီး အမြန်လမ်းမကြီးပေါ်မှ ဖြတ်သန်းရသော ကားလမ်းခုံးကျော်များ လုံးဝ မရှိခြင်းပင်ဖြစ်သည်။ ထိုသို့ အမြန်လမ်းမကြီးအောက်မှ ဖြတ်သန်းရသည့်မြို့၊ ရွာလမ်းများအတွက် Under Pass များ တည်ဆောက်ပေးထားခြင်းမှာ နိုင်ငံတကာရှိ အမြန်လမ်းမကြီးနှင့် မတူသော ထူးခြားချက်ဖြစ်သည်။

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး၏ အပိုင်း(၁)သည် ရန်ကုန် အမှတ်(၃) လမ်းဆုံမှ နေပြည်တော်(ပန်းတင်)အထိ ၂၂၁မိုင် ၁ဖာလုံ၊ အပိုင်း(၂)သည် နေပြည်တော်(ပန်းတင်)မှ မန္တလေးစကားအင်းအိုင်းအထိ ၁၃၁မိုင် ၅ဖာလုံ စုစုပေါင်း ၃၅၂မိုင် ၆ဖာလုံရှည်လျားပြီး လမ်းတာပေါင် အကျယ် ပေ၂၀၀၊ လမ်းနယ်အကျယ် ပေ၄၀၀၊ လမ်းလယ်ကျွန်း ပေ၃၀၊ လမ်းပခုံးအကျယ် ၃၅ပေ၊ အောက်ခံကွန်ကရစ်ထု ၆လက်မ၊ မျက်နှာပြင်လွှာ ကွန်ကရစ်ထု ၁၂လက်မ၊ ခံနိုင်ဝန် တန်၈၀ ဖြစ်သည်။

တာဝန်ယူဆောက်လုပ်

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးကို ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် ကာကွယ်ရေးဝန်ကြီးဌာန စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံးတို့က ခွဲဝေတာဝန်သတ်မှတ်၍ ခေတ်မီနည်းစနစ်များ အသုံးပြုကာ နိုင်ငံတကာအဆင့်မီ ရှစ်လမ်းသွား ကွန်ကရစ်လမ်းမကြီးအဖြစ် ဖောက်လုပ်နေခြင်းဖြစ်သည်။ တာဝန်ခွဲဝေ သတ်မှတ်ထားမှုအရ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက မိုင်၁၈၀ ၃ဖာလုံ၊ စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံးက ၁၇၂မိုင် ၃ဖာလုံ တာဝန်ယူဆောင်ရွက်ကြရသည်။

အပိုင်းလိုက် တာဝန်ယူဆောင်ရွက်ရမှု အနေအထားမှာ အမှတ်(၃) လမ်းဆုံမှ မြို့ချောင်း ၈၃မိုင် ၆ဖာလုံကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းကလည်းကောင်း၊ မြို့ချောင်းမှ သာဂရ ၈၉မိုင် ၃ဖာလုံကို စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံးကလည်းကောင်း၊ သာဂရမှ ပန်းတင်၄၈မိုင်ကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းကလည်းကောင်း၊ ပန်းတင်မှ ကူကွဲ ၈၃မိုင်ကို စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံးကလည်းကောင်း၊ ကူကွဲမှ စကားအင်းအိုင်း ၄၈မိုင် ၅ဖာလုံကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းကလည်းကောင်း တာဝန်ယူဆောင်ရွက်ကြသည်။

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး၏ စုစုပေါင်း၃၂၅မိုင် ၆ဖာလုံအနက် မိုင်၁၈၀ ၃ဖာလုံကို တာဝန်ယူဆောင်ရွက်ရသော ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းတွင် စီမံကိန်းအင်ဂျင်နီယာအဖြစ် ဦးတင့်ဆန်း၊ လမ်းအပိုင်းလိုက် တာဝန်ခံများအဖြစ် အင်ဂျင်နီယာမှူးများဖြစ်ကြသော ဦးမြင့်ကြည်နှင့် ဦးကြည်ဇော်မြင့်၊ တံတားအပိုင်းလိုက်တာဝန်ခံများအဖြစ် အင်ဂျင်နီယာမှူးကြီး ဦးဟန်စိုးနှင့် အင်ဂျင်နီယာမှူး(မြို့ပြ) ဦးသိန်းအောင်တို့က တာဝန်ယူဆောင်ရွက်ကြသည်။

နားရက်မရှိ

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းသည် ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး ဖောက်လုပ်ရာတွင် လမ်းအပိုင်းနှင့် တံတားအပိုင်းတို့၌ အင်ဂျင်နီယာဝန်ထမ်း၊ ပညာသည်ဝန်ထမ်း၊ ယန္တရားဝန်ထမ်း၊ ကျွမ်းကျင်ဝန်ထမ်းနှင့် လုပ်သားဝန်ထမ်း စုစုပေါင်း ၂၄၃၂ဦး၊ စက်ယန္တရား ၁၀၉၇ စီးတို့ဖြင့် နားရက်မရှိဘဲ နေ့ည အဆိုင်းများခွဲ၍ ဆောင်ရွက်နေခြင်းဖြစ်သည်။

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးကို တာဝန်ယူဖောက်လုပ်လျက်ရှိကြသည့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံးတို့မှ တာဝန်ရှိသူများအား လုပ်ငန်းခွင်သို့သွားရောက်၍ ကိုယ်တိုင်ကိုယ်ကျကွင်းဆင်းလေ့လာ တွေ့ဆုံမေးမြန်းဖြစ်ခဲ့သည်။

ရှေးဦးစွာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ စီမံကိန်းအင်ဂျင်နီယာ ဦးတင့်ဆန်းအား လမ်းဖောက်လုပ်ရာတွင် တွေ့ကြုံရသည့် အခက်အခဲများနှင့် စပ်လျဉ်း၍ မေးမြန်းရာတွင် “အမြန်လမ်းမကြီးဖြစ်တာကြောင့် အကွေ့အကောက်၊ အတက်အဆင်း အနည်းဆုံးဖြစ်အောင် ဆောင်ရွက်ရပါတယ်။

ရန်ကုန်-နေပြည်တော်လမ်းပိုင်း၌ Two Way/Two Lane ကွန်ကရစ်လမ်းပြီးစီးနေပြီဖြစ်၍ သတ်မှတ်မိုင်နှုန်းအတိုင်း မောင်းနှင်နိုင်သော ယာဉ်ငယ်များ ဤသို့ စမ်းသပ်မောင်းနှင် အသုံးပြုလျက်ရှိသည်။ (သတင်းစဉ်)

ဒီလို ဆောင်ရွက်ရာမှာတော့ တောင်ထူထပ်ပြီး မို့...
တွေကိုဖြတ်ပြီး ဖောက်ရသလို ပေ ၈၀နှင့် ပေ...
ချောက်ကမ်းပါးတွေကိုလည်း စနစ်တကျ မြေ...
ပဲခူးရိုးမတောင်ခြေက အစပြု စီးဆင်းလာတဲ့ ချေ...
ဖြတ်သန်းရခြင်း၊ ရာသီမရွေးတည်ရှိနေတဲ့ အင်း...
ဖြတ်သန်းရခြင်းတို့ကြောင့် မြေပြန့်လွင်ပြင်ကို...
လမ်းတွေနဲ့ မတူတဲ့ အခက်အခဲတွေကို ရင်ဆို...

လမ်းအူကြောင်း

နိုင်ငံတကာအဆင့်မီ လမ်းမကြီးဖြစ်စေ...
ရှာရာမှာ ကောင်းနိုးရာရာ၊ မြေပုံပေါ်က လျာထာ...
ရှာဖွေတဲ့လမ်းကြောင်းတွေ တစ်ဆက်တည်းဖြစ်...
ဖြစ်တဲ့ အနိမ့်အမြင့်တိုင်းကိရိယာ (Level Instru...
(Theodolite Instrument) တွေနဲ့ လောင်ဂျီတွဒ်၊...
(GPS-Global Positioning System) တွေကိုအ...
တိုင်းတာခဲ့ရပါတယ်။ လမ်းကြောင်းပေါ်မှာ ဆည်...
တည်ဆောက်ရေးလုပ်ငန်းတွေပေါ် ရောက်ရှိတဲ့အ...
ရေလှောင်ဇရိယာတွေကလွတ်အောင် ရှောင်ကွင်...

တောတောင်တွေ၊ တောင်ကုန်းတွေကို ဖြ...
သစ်အိုသစ်ဆွေးတွေနဲ့ လမ်းသားအဖြစ် အသုံးပြု...
တွေကို ဖယ်ရှားခဲ့ရပါတယ်။ မြစ်ချောင်းတွေ၊ အင်...
ဖြတ်သန်းရတဲ့အခါတွေမှာ ရွှံ့နွံတွေကို ဖယ်ရှားရခြ...
မြောက်မြားစွာနဲ့ အချိန်ယူဆောင်ရွက် ရပါတယ်...
တွေကို ရှာဖွေပြီး သယ်ယူအစားထိုးပေးရခြင်...
ခြောက်သွေ့မှုနှုန်း အလွန်နှေးကွေးတဲ့ အင်းကော...
ဘူမိဗေဒရေပိတ်လွှာ (Geotextile) နည်းစနစ်အ...
တယ်။

ရန်ကုန်-နေပြည်တော်အပိုင်းဟာ ခြောက်...
ခြောက်လခန့်သာ အလုပ်လုပ်ချိန်ရှိပြီး အချိန်မီပြီး...
အဆိုင်းများခွဲ၍ အပင်ပန်းအဆင်းရဲခံကာ ဆောင်...
လုပ်ငန်းတွေဟာ မိုးရွာသွန်းမှုအပေါ်မှာ အထူးဂရုစိ...
ဖြစ်လို့ တစ်နှစ်မှာ ငါးလခန့်သာ အလုပ်လုပ်ချိန်...
ကာလတွေမှာ နေ့ဆိုင်း၊ ညဆိုင်းတွေနဲ့ ရရှိတဲ့အ...
ဆောင်ရွက်ခဲ့ရပါတယ်”ဟု ပြောကြားသည်။

လျာထားဆောင်ရွက်...

ဆက်လက်၍ အမှတ်(၃)လမ်းဆုံမှ မြို့...
လမ်းပိုင်းများကို တာဝန်ယူကြီးကြပ်ရသော ပြည်...
အင်ဂျင်နီယာမှူး(မြို့ပြ) ဦးမြင့်ကြည်အား လုပ်...
ပတ်သက်၍ မေးမြန်းရာ “အမှတ်(၃) လမ်းဆုံမှ...
ပေ ၂၀၀ အကျယ် မြေကြီးတာပေါင်လုပ်ငန်းတွေ...
တွေ ဆောင်ရွက်လျက်ရှိပါတယ်။ ကွန်ကရစ်လု...
အသွားလမ်း/အပြန်လမ်းတွေ ပြီးစီးနေပါပြီ။ တံ...
လမ်း၊ အပြန်လမ်း အားလုံးပြီးစီးနေပါပြီ။ လမ်းအ...
တွေအနေနဲ့ အမှတ်(၃)လမ်းဆုံမှာ တစ်ခု၊ ဖြူး...
စီလမ်းဆုံမှာ တစ်ခု ဆောက်လုပ်လျက်ရှိပါတယ်...
ပန်းတင်လမ်းပိုင်းမှာ မြေကြီးတာပေါင်လုပ်ငန်း ၄၀...
လမ်းသားမြေဖို့ခြင်းလုပ်ငန်းတွေနဲ့ မြေဖိသိပ်ခြ...
နေပါတယ်။ နေပြည်တော် ပန်းတင်မှ မန္တလေး စ...



ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး၏ အပိုင်း(၁)သည် ရန်ကုန် အမှတ်(၃) လမ်းဆုံမှ နေပြည်တော်(ပန်းတင်)အထိ ၂၂၁မိုင် ၁ဖာလုံ၊ အပိုင်း(၂)သည် နေပြည်တော်(ပန်းတင်)မှ မန္တလေး စကားအင်းအိုင်းအထိ ၁၃၁မိုင် ၅ဖာလုံ စုစုပေါင်း ၃၅၂မိုင် ၆ဖာလုံရှည်လျားပြီး လမ်းတာပေါင် အကျယ် ပေ၂၀၀၊ လမ်းနယ်အကျယ် ပေ၄၀၀၊ လမ်းလယ်ကျွန်း ပေ၃၀၊ လမ်းပခုံးအကျယ် ၃၅ပေ၊ အောက်ခံကွန်ကရစ်ထု ၆လက်မ၊ မျက်နှာပြင်လွှာ ကွန်ကရစ်ထု ၁၂လက်မ၊ ခံနိုင်ဝန်တန် ၈၀ ဖြစ်။

ရန်ကုန်မှ မန္တလေးအထိ အမြန်လမ်းမကြီး ပေါ်မှာ အသွား၊ အပြန် တံတား စုစုပေါင်း အစင်း ၅၇၀ စုစုပေါင်းပေအရှည် ၄၈၀၀၀ ကျော် ဆောင်ရွက်ရမှာ ဖြစ်တဲ့အတွက် ရန်ကုန်-နေပြည်တော် စီလမ်းဆုံအထိ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက အသွား၊ အပြန်တံတား စုစုပေါင်း ၂၁၂စင်း စုစုပေါင်းပေအရှည် ၁၈၀၀၀ ကျော် တည်ဆောက်ပြီးစီးပြီ ဖြစ်။ နေပြည်တော် စီလမ်းဆုံမှ ပန်းတင်အပိုင်းနဲ့ ကူကွဲ-စကားအင်း အပိုင်းရှိ တံတားတွေကိုလည်း ဆက်လက် တည်ဆောက်ဆဲဖြစ်ပြီး ယခုအခါ ၂၀ ရာခိုင်နှုန်းခန့် တည်ဆောက်ပြီးစီးနေပြီဖြစ်ပြီး ၂၀၁၀ ပြည့်နှစ် နှစ်ကုန်ပိုင်းမှာ ၁၀၀ရာခိုင်နှုန်း ပြီးစီးအောင် ဆောင်ရွက်သွားမည်။

ရန်ကုန်-မန္တလေး အမြန် လမ်းမကြီး၏ နေပြည်တော် စီလမ်းဆုံ၌ နေပြည်တော်အဝင်လမ်းနှင့် **Under Pass** ကို ဤသို့ တွေ့ရသည်။
(သတင်းစဉ်)

ဒီလို ဆောင်ရွက်ရာမှာတော့ တောင်ထူထပ်ပြီး မို့မောက်မြင့်မားတဲ့ တောင်ကုန်းတွေကိုဖြတ်ပြီး ဖောက်ရသလို ပေ ၈၀နှင့် ပေ၁၀၀ခန့်နက်တဲ့ လျှိုမြောင်ချောက်ကမ်းပါးတွေကိုလည်း စနစ်တကျ မြေဖို့ပေးရခြင်းမျိုး ရှိပါတယ်။ ပဲခူးရိုးမတောင်ခြေက အစပြု စီးဆင်းလာတဲ့ ချောင်းကြီး၊ ချောင်းငယ်တွေကို ဖြတ်သန်းရခြင်း၊ ရာသီမရွေးတည်ရှိနေတဲ့ အင်းအိုင်တွေ၊ အင်းကောတွေကို ဖြတ်သန်းရခြင်းတို့ကြောင့် မြေပြန့်လွင်ပြင်ကို ဖြတ်သန်းဖောက်လုပ်ရတဲ့ လမ်းတွေနဲ့ မတူတဲ့ အခက်အခဲတွေကို ရင်ဆိုင်ကျော်လွှားခဲ့ရပါတယ်။

လမ်းအူကြောင်း

နိုင်ငံတကာအဆင့်မီ လမ်းမကြီးဖြစ်စေရေးအတွက် လမ်းအူကြောင်း ရှာရာမှာ ကောင်းနိုးရာရာ၊ မြေပုံပေါ်က လျာထားလမ်းကြောင်းနဲ့ ကွင်းဆင်း ရှာဖွေတဲ့လမ်းကြောင်းတွေ တစ်ဆက်တည်းဖြစ်စေဖို့ မြေတိုင်းကိရိယာတွေ ဖြစ်တဲ့ အနိမ့်အမြင့်တိုင်းကိရိယာ (Level Instrument)၊ ထောင့်တိုင်းကိရိယာ (Theodolite Instrument) တွေနဲ့ လောင်ဂျီတွဒ်၊ လတ္တီတွဒ်ဖော်ပြတဲ့ ကိရိယာ (GPS-Global Positioning System) တွေကိုအသုံးပြုပြီး အထပ်ထပ်အခါခါ တိုင်းတာခဲ့ရပါတယ်။ လမ်းကြောင်းပေါ်မှာ ဆည်မြောင်းတွေ၊ ရေအားလျှပ်စစ် တည်ဆောက်ရေးလုပ်ငန်းတွေပေါ် ရောက်ရှိတဲ့အခါတွေမှာ လမ်းအူကြောင်းကို ရေလောင်ဇရိယာတွေကလွတ်အောင် ရှောင်ကွင်းဖောက်လုပ်ခဲ့ရပါတယ်။

တောတောင်တွေ၊ တောင်ကုန်းတွေကို ဖြတ်သန်းရာမှာ မြေဆွေးတွေ၊ သစ်အိုသစ်ဆွေးတွေနဲ့ လမ်းသားအဖြစ် အသုံးပြုဖို့ မသင့်လျော်တဲ့ မြေသားတွေကို ဖယ်ရှားခဲ့ရပါတယ်။ မြစ်ချောင်းတွေ၊ အင်းအိုင်တွေ၊ အင်းကောတွေကို ဖြတ်သန်းရတဲ့အခါတွေမှာ ရွှံ့နွံတွေကို ဖယ်ရှားရခြင်းဟာ ခက်ခဲလှပြီး အင်အားမြောက်မြားစွာနဲ့ အချိန်ယူဆောင်ရွက် ရပါတယ်။ မြေသားကောင်းမွန်တဲ့မြေတွေကို ရှာဖွေပြီး သယ်ယူအစားထိုးပေးရခြင်း၊ အချို့ ရွှံ့စေးမြေတွေနဲ့ ခြောက်သွေ့မှုနှုန်း အလွန်နှေးကွေးတဲ့ အင်းကောမြေတွေမှာ နည်းပညာသုံး ဘူမိဗေဒရေပိတ်လွှာ (Geotextile) နည်းစနစ်အသုံးပြုပြီး ဆောင်ရွက်ခဲ့ရပါတယ်။

ရန်ကုန်-နေပြည်တော်အပိုင်းဟာ ခြောက်လခန့် မိုးရွာသွန်းတာကြောင့် ခြောက်လခန့်သာ အလုပ်လုပ်ချိန်ရှိပြီး အချိန်မီပြီးစီးရေးအတွက် နေ့ရောညပါ အဆိုင်းများခွဲ၍ အပင်ပန်းအဆင်းရဲခံကာ ဆောင်ရွက်ခဲ့ရပါတယ်။ ကွန်ကရစ်လုပ်ငန်းတွေဟာ မိုးရွာသွန်းမှုအပေါ်မှာ အထူးဂရုစိုက်ဆောင်ရွက်ရတဲ့ လုပ်ငန်းဖြစ်လို့ တစ်နှစ်မှာ ငါးလခန့်သာ အလုပ်လုပ်ချိန် ရရှိပါတယ်။ အရေးကြီးတဲ့ ကာလတွေမှာ နေ့ဆိုင်း၊ ညဆိုင်းတွေနဲ့ ရရှိတဲ့အချိန်ကို အပြည့်အဝ အသုံးပြု ဆောင်ရွက်ခဲ့ရပါတယ်''ဟု ပြောကြားသည်။

လျာထားဆောင်ရွက်

ဆက်လက်၍ အမှတ်(၃)လမ်းဆုံမှ မြို့ချောင်း၊ သာဂရမှ ပန်းတင် လမ်းပိုင်းများကို တာဝန်ယူကြီးကြပ်ရသော ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ အင်ဂျင်နီယာမှူး(မြို့ပြ) ဦးမြင့်ကြည်အား လုပ်ငန်းပြီးစီးမှု အခြေအနေနှင့် ပတ်သက်၍ မေးမြန်းရာ ''အမှတ်(၃) လမ်းဆုံမှ နေပြည်တော် စီလမ်းဆုံအထိ ပေ ၂၀၀ အကျယ် မြေကြီးတာပေါင်လုပ်ငန်းတွေပြီးစီးလို့ အချောသပ်လုပ်ငန်းတွေ ဆောင်ရွက်လျက်ရှိပါတယ်။ ကွန်ကရစ်လုပ်ငန်းအနေနဲ့ နှစ်လမ်းသွား အသွားလမ်း/အပြန်လမ်းတွေ ပြီးစီးနေပါပြီ။ တံတားတွေဆိုရင်လည်း အသွားလမ်း၊ အပြန်လမ်း အားလုံးပြီးစီးနေပါပြီ။ လမ်းအသုံးပြုခ ကောက်ခံရေးစခန်းတွေအနေနဲ့ အမှတ်(၃)လမ်းဆုံမှာ တစ်ခု၊ ဖြူးမှာ တစ်ခုနဲ့ နေပြည်တော် စီလမ်းဆုံမှာ တစ်ခု ဆောက်လုပ်လျက်ရှိပါတယ်။ နေပြည်တော် စီလမ်းဆုံမှ ပန်းတင်လမ်းပိုင်းမှာ မြေကြီးတာပေါင်လုပ်ငန်း ၄၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်လို့ လမ်းသားမြေဖို့ခြင်းလုပ်ငန်းတွေနဲ့ မြေဖိသိပ်ခြင်းလုပ်ငန်းတွေ ဆောင်ရွက်နေပါတယ်။ နေပြည်တော် ပန်းတင်မှ မန္တလေး စကားအင်းအပိုင်းလမ်းပိုင်းကို ၂၀၁၀ပြည့်နှစ်မှာပြီးစီးဖို့ လျာထားဆောင်ရွက်လျက်ရှိပါတယ်''ဟု ပြောကြားသည်။

ထို့နောက် အမှတ်(၃)လမ်းဆုံမှ မြို့ချောင်းလမ်းအပိုင်းတွင် မိုင်တိုင်အမှတ် (၂၆/၄)မှ (၈၃/၆)အထိလည်းကောင်း၊ သာဂရမှ နေပြည်တော်လမ်းအပိုင်းတွင် မိုင်တိုင်အမှတ် (၁၇၃/၁)မှ (၂၀၀/၁)အထိလည်းကောင်း တာဝန်ယူ ကြီးကြပ်ရသော ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ အင်ဂျင်နီယာမှူး(မြို့ပြ) ဦးကြည်ဇော်မြင့်အား လုပ်ငန်းပြီးစီးမှုအခြေအနေနှင့် လုပ်ငန်းခွင်အတွင်း ကြုံတွေ့ခဲ့ရသည့် အခက်အခဲများနှင့်စပ်လျဉ်း၍ မေးမြန်းရာတွင် ''ကျွန်တော်တာဝန်ယူရတဲ့ လမ်းအပိုင်းတွေမှာ ကွန်ကရစ်လမ်းပြီးစီးမှုအနေနဲ့ မိုင်တိုင်အမှတ်(၂၆/၄) မှ (၈၃/၆)အထိအတွင်းမှာ ၅၇မိုင် ၂ဖာလုံ၊ မိုင်တိုင် အမှတ်(၁၇၃/၁) မှ (၂၀၀/၁)အတွင်းမှာ ၂၇မိုင် စုစုပေါင်း ၈၄မိုင် ၂ဖာလုံ တည်ဆောက်ပြီးစီးခဲ့ပါတယ်။ မြေသားတာပေါင် ပေ၂၀၀အကျယ် တည်ဆောက်ခြင်းကို ၂၀၀၅ခုနှစ် အောက်တိုဘာလမှာ စတင်ခဲ့ပြီး ၂၀၀၈ခုနှစ် ဇန်နဝါရီလမှာ နေပြည်တော်အထိ ပြီးစီးခဲ့ပါတယ်။ ကွန်ကရစ်လမ်းတည်ဆောက်ခြင်းကို ၂၀၀၆ခုနှစ် အောက်တိုဘာလမှာစတင်ခဲ့ပြီး ၂၀၀၉ခုနှစ် မတ်လမှာ နေပြည်တော်အထိ ပြီးစီးခဲ့ပါတယ်။

ကြုံတွေ့ခဲ့ရတဲ့ အခက်အခဲတွေကတော့ ပြောရရင်အများကြီးပါ။ အမြန်လမ်းမကြီးကို ပဲခူးရိုးမတစ်ကြောက မြို့၊ ရွာတွေနဲ့ဝေးတဲ့နေရာမှာ ဖောက်လုပ်ရတာကြောင့် အုပ်ချုပ်မှုလုပ်ငန်းပိုင်းမှာ အခက်အခဲတွေ့ရပါတယ်။ ရိက္ခာထောက်ပံ့တဲ့အပိုင်းမှာ မြို့၊ ရွာတွေနဲ့နီးရင် ပြဿနာမရှိပေမယ့် မြို့၊ ရွာနဲ့ဝေးတာကြောင့် လမ်းမပေါက်ခင်ကာလမှာ အခက်အခဲ များစွာကြုံခဲ့ရပါတယ်။ ပဲခူးရိုးမဟာ မိုးများတဲ့ဒေသဖြစ်လို့ အလုပ်လုပ်ရတဲ့ကာလ သိပ်တိုတောင်းပါတယ်။ တစ်နှစ်မှာ ခြောက်လပဲ လုပ်ချိန်ရှိပါတယ်။ ဒီခြောက်လမှာ သတ်မှတ်ထားတဲ့ အတိုင်းအတာပြီးစီးအောင် အစွမ်းကုန် ကြိုးစားဆောင်ရွက်ကြရပါတယ်။

ရန်ကုန်-နေပြည်တော် လမ်းပိုင်းတစ်နေရာ၌ **Two Way/ Two Lane** ကွန်ကရစ်လမ်းပြီးစီးမှု အနေအထားကို ဤသို့ တွေ့ရသည်။
(သတင်းစဉ်)

ရန်ကုန်-နေပြည်တော်လမ်းပိုင်း မိုင်တိုင်အမှတ် (၁၄၄/၆) အနီး၌ တည်ဆောက်ထားသော အရှည်ပေ ၉၉၀ ရှိ ခပေါင်းတံတားကို ဤသို့ တွေ့ရသည်။
(သတင်းစဉ်)

အခက်ခဲဆုံး

နောက်ထပ်ကြုံတွေ့ရတဲ့အခက်အခဲကတော့ တောဆင်တွေရဲ့အန္တရာယ်ပါပဲ။ မိုးတွင်းကာလမှာ တောထဲမှာ စခန်းလေးတွေထားခဲ့ရတော့ တောဆင်တွေရဲ့ အန္တရာယ်ကြောင့် လူ့အသက်ဆုံးရှုံးရတဲ့အထိ ထိခိုက်မှုအန္တရာယ်ရှိခဲ့ပါတယ်။ ညဘက်တွေမှာ စခန်းကို တောဆင်တွေ ချဉ်းကပ်လာပြီဆိုရင် စခန်းတစ်ခုနဲ့တစ်ခု စက်နဲ့အကြောင်းကြားတာတို့၊ ဗျောက်အိုးဖောက်တာတို့ လုပ်ခဲ့ရပါတယ်။ ပဲခူးရိုးမကို ဖြတ်ကျော်ရတဲ့အခါ ဖောင်ကြီးနဲ့ ပဲခူးမြစ်အပိုင်း မိုင်တိုင်အမှတ်(၂၀/၄)နဲ့(၃၈/၆)ကြားမှာ ပဲခူးရိုးမကို ကန့်လန့်ဖြတ်ပြီး တက်ခဲ့ရပါတယ်။ တစ်ကြောင်းထိုးလမ်းဖောက်လုပ်စဉ်က လှည်းလမ်းတောင်မရှိတဲ့ အခြေအနေမှာ တောဆင်ရိုင်းတွေကို ရင်ဆိုင်ခဲ့ရတာကြောင့် အခက်ခဲဆုံးပါပဲ။

အင်ဂျင်နီယာပိုင်းအရ ပြောရရင်တော့ အမြန်လမ်းမ အင်္ဂါရပ်နဲ့ လိုက်လျော ညီထွေမှုရှိအောင် လမ်းဖြောင့်ရပြီး အနိမ့်အမြင့် ညီညာမှုရှိအောင် လုပ်ခဲ့ပါတယ်။ ကျွန်တော်တာဝန်ယူရတဲ့အပိုင်းမှာ စစ်တောင်းမြစ်ဝှမ်း ဆည်အစုအဖွဲ့တွေကို ရှောင်ကွင်းဖောက်လုပ်ရပြီး လမ်းဖြောင့်ဖြူးမှုရှိအောင်လည်း ဖောက်လုပ်ရပါတယ်။ ပဲခူးရိုးမဖြစ်တဲ့အတွက် ရေစီးဆင်းတဲ့ ပမာဏကို ခန့်မှန်းဖို့ မလွယ်ပါဘူး။

စာမျက်နှာ ၁၀ ကော်လံ ၁

စာမျက်နှာ ၉ မှ

တံတားတစ်စင်းရဲ့ လိုအပ်တဲ့အရှည်ကို တိုင်းတာတဲ့နေရာမှာ အချို့တံတားတွေဟာ မူလခန့်မှန်းထားတဲ့အရှည်နဲ့ မိုးတွင်းမှာ လုံလောက်မှုမရှိလို့ ပြန်လည်တည်ဆောက်ရတဲ့ အနေအထားလည်းရှိပါတယ်။ ရေစီးဆင်းမှု မြန်ဆန်တာကြောင့် မိုးရွာပြီး နှစ်နာရီအတွင်း ရေမရှိတော့ပါဘူး။ ရေစီးဆင်းချိန်ကို စောင့်ဆိုင်းပြီးမှ တံတားအရှည်ပမာဏကို တိုင်းတာ ဆောက်လုပ်ခဲ့ရပါတယ်။ ဘယ်လိုပင်အခက်အခဲရှိရှိ တာဝန်ရှိသူများက အမြဲကြပ်မတ်ကူညီပံ့ပိုးဖြည့်ဆည်းပေးမှုတို့ကြောင့် အချိန်တိုအတွင်း အောင်မြင်ပြီးစီးခဲ့ခြင်းဖြစ်ပါတယ်"ဟု ပြောကြားသည်။

ယင်းနောက် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူသောလမ်းပိုင်းများရှိ တံတားများတည်ဆောက်ရာတွင် တာဝန်ယူကြီးကြပ်ရသူတစ်ဦးဖြစ်သည့် အင်ဂျင်နီယာမှူး(မြို့ပြ) ဦးသိန်းအောင်အား တံတားများတည်ဆောက်ရာတွင် ကြုံတွေ့ရသော အခက်အခဲများနှင့် တံတားလုပ်ငန်းများပြီးစီးမှု အခြေအနေတို့ကို မေးမြန်းရာတွင် "ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးဟာ နိုင်ငံတကာအဆင့်မီ လမ်းမကြီးဖြစ်လို့ အမြန်လမ်းမကြီးရဲ့ အင်္ဂါရပ်တွေနဲ့အညီ တံတားတွေကိုလည်း နိုင်ငံတကာအဆင့်မီ ပုံစံထုတ်တည်ဆောက်ခဲ့ရပါတယ်။ အမြန်လမ်းမကြီးရဲ့ လိုအပ်တဲ့လမ်းအူကြောင်းနဲ့ မြေပြင်အနေအထားတွေအရ တံတားတွေကို ထည့်သွင်းစဉ်းစားတည်ဆောက်ခဲ့ရပါတယ်။ အချို့မြစ်ချောင်းတွေဟာ အမြန်လမ်းမကြီးနဲ့ ထောင့်မှန်မဟုတ်ဘဲ အစောင်းဖြတ်သန်းမှုတွေရှိတာကြောင့် Skew Angle Bridge တွေအဖြစ် ပုံစံထုတ်တည်ဆောက်ခဲ့ပါတယ်။

တစ်ပြိုင်တည်းတည်ဆောက်

လုပ်ရိုးလုပ်စဉ်တံတားတွေ တည်ဆောက်ခဲ့စဉ်က တံတားအူကြောင်း Alignment ကို ဦးစားပေးပြီး တည်ဆောက်ခဲ့ပါတယ်။ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးပေါ်မှာကတော့ လမ်းအူကြောင်းကို ဦးစားပေးပြီး တံတားတွေ တည်ဆောက်ခဲ့ပါတယ်။ လမ်းဖောက်လုပ်ခြင်းနဲ့ တံတားဆောက်လုပ်ခြင်းကို အချိန် တစ်ပြိုင်တည်း တည်ဆောက်ခဲ့ရပြီး တံတားနဲ့ လမ်း တစ်ချိန်တည်းပြီးစီးအောင် ဆောင်ရွက်ရတဲ့ လုပ်ငန်းဖြစ်ပါတယ်။ လမ်းအူကြောင်းမှာ အကွေ့အကောက်အနည်းဆုံးဖြင့် တည်ဆောက်ရတဲ့ လမ်းမကြီးဖြစ်လို့ လမ်းအူကြောင်းကို ဦးစားပေးကာ တံတားတွေကို တည်ဆောက်ခဲ့ခြင်းဖြစ်ပါတယ်။

အမြန်လမ်းမကြီးဟာ တောင်နဲ့မြောက် သွယ်တန်းဖောက်လုပ်ထားတဲ့ ပြည်ထောင်စုလမ်းမကြီးနဲ့ အရှေ့-အနောက် ဆက်သွယ်ဆက်စပ်ပေးတဲ့ လမ်း ၁၁ လမ်းအပြင် ဆည်မြောင်းလမ်းတွေ၊ သစ်တော၊ လယ်ယာထွက်ကုန်ပစ္စည်းထုတ်လုပ်တဲ့ လမ်းမကြီးနဲ့ အခြား မဖြစ်မနေလိုအပ်တဲ့ လမ်းတွေကို အမြန်လမ်းမကြီးအပေါ်က ဖြတ်သန်းခြင်းမရှိစေဘဲ လမ်းမကြီးအောက်မှသာ ဖြတ်သန်းအသုံးပြုနိုင်ဖို့ လမ်းအောက်တံတားတွေကို ထည့်သွင်း တည်ဆောက်ရခြင်းဖြစ်ပါတယ်။ အမြန်လမ်းမကြီးမှာ ရေကျော်မှု၊ ရေတိုက်စားမှုမရှိစေဖို့နဲ့ ရေစီးရေလာကောင်းမွန်စေဖို့ ရေပြွန်တံတားတွေ ထည့်သွင်းတည်ဆောက်ရခြင်းဖြစ်ပါတယ်။

ရန်ကုန်မှ မန္တလေးအထိ အမြန်လမ်းမကြီးပေါ်မှာ အသွား၊ အပြန်တံတား စုစုပေါင်း အစင်း ၅၇၀ စုစုပေါင်းပေအရှည် ၄၈၀၀၀ကျော် ဆောင်ရွက်ရမှာဖြစ်တဲ့အတွက် ရန်ကုန်-နေပြည်တော် စီလမ်းဆုံအထိ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက အသွား၊ အပြန်တံတား စုစုပေါင်း ၂၁၂စင်း စုစုပေါင်းပေအရှည် ၁၈၀၀၀ကျော် တည်ဆောက်ပြီးစီးပြီဖြစ်ပါတယ်။ နေပြည်တော် စီလမ်းဆုံမှ ပန်းတင်အပိုင်းနဲ့ ကူကွဲ-စကားအင်းအပိုင်းရှိ တံတားတွေကိုလည်း ဆက်လက်တည်ဆောက်ဆဲဖြစ်ပြီး ယခုအခါ ၂၀ရာခိုင်နှုန်းခန့် တည်ဆောက်ပြီးစီးနေပြီဖြစ်ပြီး ၂၀၁၀ပြည့်နှစ် နှစ်ကုန်ပိုင်းမှာ ၁၀၀ရာခိုင်နှုန်း ပြီးစီးအောင် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ကြိုတင်စီစဉ်

အမြန်လမ်းမကြီးနည်းတူ တံတားများကိုလည်း ရှစ်လမ်းသွားတံတားဖြစ်အောင် လေးလမ်းသွားတံတားနှစ်စင်း တည်ဆောက်ရပါတယ်။ ပထမအဆင့် အုတ်မြစ်လေးလမ်းသွားနဲ့ အပေါ်ထည်နှစ်လမ်းသွား တံတားအဖြစ် တည်ဆောက်ခဲ့ပြီး အပေါ်ထည် လေးလမ်းသွားတံတားအဖြစ် တိုးချဲ့တည်ဆောက်ဖို့ ကြိုတင်စီစဉ်ဆောင်ရွက်ထားပါတယ်။ တံတားအကျယ်မှာ ပထမအဆင့် နှစ်လမ်းသွားတံတား ၃၂ပေ ၆လက်မ၊ယာဉ်သွားလမ်းအကျယ် ၂၈ပေဖြစ်ပါတယ်။ ဒုတိယအဆင့် လေးလမ်းသွားတံတားအကျယ် ၅၄ ပေ ၆ လက်မ၊ ယာဉ်သွားလမ်းအကျယ် ပေ ၅၀တည်ဆောက်သွားမှာ ဖြစ်ပါတယ်။ တံတားအုတ်မြစ်လုပ်ငန်းမှာ မြေအမျိုးအစားပေါ်မူတည်ပြီး ၁၆ လက်မသံကူကွန်ကရစ်ပိုင်တိုင်နဲ့ သံကူကွန်ကရစ်ဘိုးပိုင်ဖြစ်ပါတယ်။ တံတားကိုယ်ထည်မှာ သံကူကွန်ကရစ်တိုင်ဖြစ်ပြီး တံတားအပေါ်ထည်မှာ သံကူကွန်ကရစ်ရက်မနဲ့ သံမဏိသံပေါင်ရက်မ (Plate Ginder) ဖြစ်ပြီး သံကူကွန်ကရစ်ကြမ်းခင်းအဖြစ် တည်ဆောက်ထားပါတယ်။

ပြည်တွင်းထွက်ပစ္စည်း

တံတားတည်ဆောက်ရေး အဓိကပစ္စည်းတွေကို ပြည်တွင်းကရရှိတဲ့ ဘိလပ်မြေ၊ သံချောင်းလုံး၊ ကျောက်စရစ်၊ သဲများကို အသုံးပြုထားပါတယ်။ နိုင်ငံခြားငွေ ကုန်ကျမှုမရှိစေဖို့ ပြည်တွင်းထွက်ပစ္စည်းတွေကို အဓိက အသုံးပြုခဲ့ပါတယ်။ သံမဏိသံပေါင်ရက်မတွေကို မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းအမှတ်(၂)သံမဏိစက်ရုံ(မြောင်းတကာ)က ထုတ်လုပ်ပေးပါတယ်။ 90' plate ginder တွေနဲ့ တည်ဆောက်ခြင်းဖြင့် ခန်းဖွင့်ကျယ်တွေကို တည်ဆောက်နိုင်ပြီး အချိန်တိုအတွင်းမှာ မြန်မြန်ဆန်ဆန်ပြီးအောင် ဆောင်ရွက်နိုင်ခဲ့ပါတယ်။

ပဲခူးရိုးမကို အစပြုစီးဆင်းတဲ့ မြစ်၊ ချောင်းများရဲ့ ဇလဗေဒဆိုင်ရာ အချက်အလက်တွေ ယခင်ကမရှိခဲ့လို့ တည်ဆောက်နေတဲ့ကာလမှာ လေ့လာပြီး ရေရှည်ခိုင်ခံ့မယ့် အစီအစဉ်နဲ့ တည်ဆောက်မှုနည်းစနစ်တွေကို အသုံးပြုခဲ့ပါတယ်။ ခေတ်မီနည်းစနစ်တွေနဲ့ ခေတ်ပေါ်ဓာတုဆေးရည် (Chemical)တွေကို သုံးစွဲခဲ့လို့ လိုအပ်တဲ့ကွန်ကရစ်စွမ်းအားကို အချိန်တိုအတွင်းရရှိစေပြီး အရည်အသွေး၊ စံချိန်စံညွှန်းမီတံတားတွေတည်ဆောက်နိုင်ခဲ့ပါတယ်။ နောင်တည်ဆောက်မယ့်လုပ်ငန်းတွေအတွက် အတွေ့အကြုံနဲ့နည်းစနစ်ကောင်းတွေကို ရရှိခဲ့ပါတယ်။

စွမ်းအားပြည့်ဆောင်ရွက်

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးကို အချိန်တိုအတွင်း တည်ဆောက်ပြီးစီးနိုင်စေဖို့ စက်၊ ယာဉ်ယန္တရားအင်အားကိုအဓိကထားပြီး စွမ်းအားပြည့် နေ့ရော၊ ညပါဆောင်ရွက်ခဲ့ပါတယ်။ တံတားလုပ်ငန်းသုံးဘိုးပိုင်စက်၊ ကရိန်းတွေနဲ့ အခြားစက်၊ ယာဉ် စုစုပေါင်း ၁၃၅စင်းကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း(ရုံးချုပ်)အစီအစဉ်ဖြင့် ရယူအသုံးပြုခဲ့ပါတယ်။ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးဟာ လမ်းရော တံတားပါ တစ်ပြိုင်နက်တည်း၊ တစ်ချိန်တည်းဆောင်ရွက်ရပြီး လုပ်ငန်းသုံးစက်ပစ္စည်းတွေ လုပ်ငန်းခွင်ကို အချိန်မီရောက်ရှိစေဖို့ ကုန်းလမ်း၊ ရေလမ်းတွေနဲ့ အဆင့်ဆင့် ခက်ခက်ခဲခဲ သယ်ယူ ပို့ဆောင်ရွှေ့ပြောင်းခဲ့ရပါတယ်။ လုပ်ငန်းတွေကို ရာသီမရွေး နေ့ရောညပါ ဆောင်ရွက်နိုင်ဖို့ ယာယီတံတားတွေထိုးခြင်း၊ ယာယီကျွန်းတွေ ပြုလုပ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ရပါတယ်။ ချောင်းတွေရဲ့ရေစီးနှုန်းကို ခန့်မှန်းရခက်တာကြောင့် မူလခန့်မှန်းထားတာထက် အရှည်ပေပိုတိုးပြီး ဆောက်ခဲ့ရတာမျိုးလည်း ရှိပါတယ်။ လမ်းကို မူတည်ပြီးမှ တံတားတည်ဆောက်ခဲ့ရတာ ဖြစ်ပါတယ်။

မိုင်အရှည်ကြီးကို ဖြတ်သန်းဖောက်လုပ်ရတာဖြစ်လို့ မတူညီတဲ့ မြေအမျိုးအစားတွေကို ကြုံတွေ့ရတဲ့အခါ အုတ်မြစ်ဒီဇိုင်းတွေ မတူတော့ပါဘူး။ တံတားဒီဇိုင်းပြုလုပ်တဲ့အခါမှာလည်း ပုံစံအမျိုးမျိုး ပြုလုပ်တည်ဆောက်ခဲ့ရပါတယ်။ ထူးခြားချက်ကတော့ တံတားတွေဟာ ရှစ်လမ်းသွား တံတားအဖြစ် တစ်ကြိမ်တည်း တည်ဆောက်ရခြင်းမဟုတ်ဘဲ တစ်လမ်းနဲ့တစ်လမ်း လမ်းလယ်ကျွန်း ပေ ၃၀ခွာပြီး လေးလမ်းသွား တံတားနှစ်စင်းစီ ဆောက်လုပ်ခဲ့ရပါတယ်။ ဒီလိုလေးလမ်းသွားတံတား အသွားလမ်း၊ အပြန်လမ်းတံတားတွေဖြစ်တာကြောင့် တံတားတစ်စင်းအပေါ် တစ်စင်း မှီခိုခြင်းမရှိဘဲ သီးခြားစီ တည်ဆောက်ထားတာဖြစ်ပါတယ်။ တံတားတစ်စင်း ချွတ်ယွင်းမှုရှိလို့ ပြုပြင်ဖို့ လိုအပ်တဲ့အခါမှာလည်း လမ်းကြောင်းပြတ်တောက်မှုမရှိဘဲ ကျန်တံတားတစ်စင်းကို အသုံးပြုနိုင်မှာဖြစ်ပါတယ်"ဟု ပြောကြားသည်။

(ဆက်လက်ဖော်ပြပါမည်)

ရေကြောင်းသတိပေးချက် ထုတ်ပြန်

ရန်ကုန် မတ် ၁၇

စွမ်းအင်ဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းသည် ပြည်တွင်းသုံး ကမ်းလွန်သဘာဝ ဓာတ်ငွေ့ပိုက်လိုင်း သွယ်တန်းရေး စီမံကိန်းအတွက် (**Pipeline Route Survey**)တိုင်းတာခြင်းလုပ်ငန်းကို ဆောင်ရွက်မည်ဖြစ်ရာ ရေနက်ပိုင်းအတွက် တိုင်းတာရေးရေယာဉ် **MV Teknik Kembara** ဖြင့်လည်းကောင်း၊ ရေတိမ်ပိုင်းအတွက် တိုင်းတာရေးရေယာဉ် **MV Smart-01** ဖြင့်လည်းကောင်း မတ် ၁၂ ရက်ခန့်မှ ဧပြီ ၁၅ ရက်ခန့်အထိ ဆောင်ရွက်သွားမည်ဖြစ်သည်။

Pipeline Route Survey တိုင်းတာရေးလုပ်ငန်းများ ဆောင်ရွက်မည့် လမ်းကြောင်းတစ်လျှောက် တည်နေရာများမှာ **Point-Landfall** တွင် မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၅၄ မိနစ် ၂၈ ဒသမ ၉ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၃၇ မိနစ် ၄၇ ဒသမ ၂၈စက္ကန့်၊ **Point TP-1**တွင် မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၅၁ မိနစ် ၂၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၃၈ မိနစ် ၀၀ စက္ကန့်၊ **Point TP-2** တွင် မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၄၆ မိနစ် ၃၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၃၅ မိနစ် ၃၀ စက္ကန့်၊ **Point TP-3** တွင် မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၃၁ မိနစ် ၈၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၂၂ မိနစ် ၂၀ စက္ကန့်၊ **Point TP-4** တွင် မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၂၅ မိနစ် ၅၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၃ မိနစ် ၈၀ စက္ကန့်နှင့် **Point-Yadana Platform** တွင် မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၀၇ မိနစ် ၂၃ ဒသမ ၉၅ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ၄၆ မိနစ် ၅၅ ဒသမ ၆၄ စက္ကန့် အထိဖြစ်သည်။

ပြည်တွင်းသုံး ကမ်းလွန်သဘာဝ ဓာတ်ငွေ့ပိုက်လိုင်း သွယ်တန်းရေး စီမံကိန်းအတွက်(**Pipeline Route Survey**)တိုင်းတာခြင်းလုပ်ငန်းကို ရေနက်ပိုင်းနှင့် ရေတိမ်ပိုင်း တိုင်းတာရေး ရေယာဉ်များဖြင့် ဆောင်ရွက်နေစဉ် ကာလအတွင်း လုပ်ငန်းများနှောင့်နှေးကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါ လမ်းကြောင်း ဧရိယာတစ်လျှောက်မှ လေးကီလိုမီတာ ပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက်(**Notice to Mariner's**) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီး/ငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ် သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်းနှင့် ငါးဖမ်းကိရိယာများ ချထားခြင်းများ မပြုလုပ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနက အသိပေးကြေညာထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်များဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပမည်

ရန်ကုန် မတ် ၁၇

၂၀၀၉ခုနှစ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်များဆိုင်ရာ အသိပညာပေးဟောပြောပွဲကို မတ် ၂၄ရက် (အင်္ဂါနေ့) နံနက် ၁၀နာရီခွဲတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် အဆောက်အအုံ၌ ကျင်းပမည်ဖြစ်ပြီး မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဦးထွန်းလွင်က ဟောပြောမည်ဖြစ်ရာ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပညာရေးဘွဲ့စာပေးစာယူ အနီးကပ်သင်တန်း ဖွင့်မည်

ရန်ကုန် မတ် ၁၇

၂၀၀၈-၂၀၀၉ ပညာသင်နှစ်၊ ပညာရေးဘွဲ့စာပေးစာယူ သင်တန်းသား ဆရာ၊ ဆရာမများကိုယ်တိုင် တက်ရောက်သင်ယူရမည့် နွေရာသီအနီးကပ်သင်တန်းနှင့် ဖြေဆိုရမည့် စာမေးပွဲများကို ရန်ကုန်ပညာရေးတက္ကသိုလ်၌ ကျင်းပမည်ဖြစ်ရာ အပတ်စဉ်(၂၇) ပထမနှစ်သင်တန်းနှင့် အပတ်စဉ်(၂၆) ဒုတိယနှစ်သင်တန်းများကို ဧပြီ ၂၄ ရက်မှ မေ ၁၅ ရက်အထိ ဖွင့်လှစ်သင်ကြားပြီး စာမေးပွဲကို မေ ၁၈ရက်မှ မေ ၂၂ရက် အထိကျင်းပမည် ဖြစ်သည်။ သင်တန်းတက်ရောက်ရန်အတွက် ဧပြီ ၂၃ ရက် နောက်ဆုံးထား သတင်းပေးပို့ရမည်ဖြစ်သည်။ **(သတင်းစဉ်)**

တောင်ပိုင်းဒေသများ၌ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

ရန်ကုန် မတ် ၁၇

ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက မွန်ပြည်နယ်တွင် နေရာကွက်ကျား မိုးအနည်းငယ်ထစ်ချုန်းရွာခဲ့ပြီး ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်း၊ ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ကာ ကျန်ပြည်နယ်နှင့်တိုင်းတို့၌ အများအားဖြင့် သာယာခဲ့သည်။

နေ့အပူချိန်များမှာ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် ပဲခူးတိုင်းတို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ၊ စစ်ကိုင်းတိုင်းအထက်ပိုင်းတွင် မတ်လ၏ ပျမ်းမျှအပူချိန်တို့အောက် ၅ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ပြီး၊ တနင်္သာရီတိုင်းတွင် မတ်လ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်ပိုခဲ့ကာ ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

ထူးခြားသည့်နေ့အပူချိန်များမှာ ချောက်မြို့နှင့် အောင်လံမြို့တို့တွင် ၃၉ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ မှတ်သားဖွယ်ရာမိုးရေချိန်မှာ ကျိုက္ခမီမြို့တွင် သုညဒသမ ၁၂ လက်မ ဖြစ်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။ မတ် ၁၈ ရက် ညနေအထိခန့်မှန်းချက်မှာ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်ပြီး ကျန်ပြည်နယ်နှင့် တိုင်းတို့၌ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

အောင်မိုး၏ တစ်လုံးတည်းသောဂိုးဖြင့် ကမ္ဘောဇတို့ အနိုင်ရ

သတင်းမြင်ကွင်းနှင့် ဓာတ်ပုံမှတ်တမ်း - ဖိုးသော်ဇင်
စာမျက်နှာဖွဲ့စည်းမှု - တိုးလွင် (မြန်မာ့အလင်း)

ရန်ကုန် မတ် ၁၇

၂၀၀၈-၂၀၀၉ ခုနှစ် ဘောလုံးရာသီ မြန်မာလိဂ်(အဆင့်မြင့်တန်း) ရှုံးထွက်ဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ် ပထမအကျော့ပွဲစဉ်များကို ယနေ့ညနေ ၃နာရီခွဲတွင် အောင်ဆန်းကွင်းနဲ့ သုဝဏ္ဏကွင်းတို့၌ ဆက်လက်ကျင်းပရာ ကမ္ဘောဇအသင်းနဲ့ စွမ်းအင်အသင်းတို့ အနိုင်ရသွားပါတယ်။

အောင်ဆန်းကွင်း

ကမ္ဘောဇ	-	**တစ်ဂိုး**
ပို့ဆောင်ရေး	-	**ဂိုးမရှိ**

ကမ္ဘောဇအသင်းကတော့ အခုပွဲမှာ အောင်မိုးရဲ့တစ်လုံးတည်းသောဂိုးနဲ့ ပထမအကျော့မှာ ရလဒ်ကောင်းသွားပါတယ်။ ဒါပေမယ့် ကမ္ဘောဇအသင်းဟာ အမာခံတွေဖြစ်တဲ့ အေးဆန်း၊ ဟန်ဝင်းအောင်၊ အောင်ကျော်ဦးနဲ့ ကျော်သီဟတို့ ဒဏ်ရာ အကင်းမသေသေးတာကြောင့် ကမ္ဘောဇအသင်းဟာ အကောင်းဆုံးခြေစွမ်းထုတ်မပြနိုင်ခဲ့ပါဘူး။ ပို့ဆောင်ရေးအသင်း လူငယ်ကစားသမားအများစုနဲ့ ဖွဲ့စည်းထားတာဖြစ်လို့ ကစားအားရှိပေမယ့် တိုက်စစ်ပိုင်းမှာ အဆုံးသတ် အားနည်းခဲ့လို့ ပထမပိုင်းမှာ ဂိုးမရှိ သရေကျနေပါတယ်။

အနိုင်ဂိုး

ဒုတိယပိုင်းမှာတော့ ကမ္ဘောဇအသင်း အနိုင်ရဖို့ တိုက်စစ်အားမြှင့်လာပြီး မိနစ် ၅၀ မှာ ကျော်သီဟ အပိုင်ကန်သွင်းခွင့်ရပေမယ့် ဘေးထွက်သွားလို့ နစ်နာခဲ့ရပါတယ်။ ၅၅ မိနစ်မှာတော့ ကမ္ဘောဇအသင်း တစ်လုံးတည်းသော အနိုင်ဂိုးရသွားပြီး တောင်ပံကစားသမား အောင်မိုးက ညာခြမ်းကနေ ထောင့်ဖြတ်ကန်သွင်းယူခဲ့တာဖြစ်ပါတယ်။ ပို့ဆောင်ရေးအသင်း ချေပဂိုးရဖို့ အခွင့်အရေးရခဲ့ပေမယ့် ကြည်လင်း၊ အောင်မြင့်ထွန်းနဲ့ ပြည့်ဖြိုးဦးတို့ အသုံးမချနိုင်ခဲ့သလို ကမ္ဘောဇကလည်း စိုးမင်းဦး၊ ကျော်သီဟတို့ ဂိုးသွင်းခွင့်တွေလွဲချော်ခဲ့လို့ တစ်ဂိုး ဂိုးမရှိနဲ့သာ ပြီးဆုံးခဲ့ပါတယ်။

သုဝဏ္ဏကွင်း

စွမ်းအင်	-	**နှစ်ဂိုး**
သစ်တောရေးရာ	-	**တစ်ဂိုး**

သစ်တောအသင်းဟာ ခိုင်ဇော်ထွန်းရဲ့ ဂိုးနဲ့ ဦးဆောင်နိုင်ခဲ့ပေမယ့် အနိုင်ကို မထိန်းနိုင်လို့ အရေးနိမ့်သွားရတာပါ။ စွမ်းအင်အတွက် ချေပဂိုးနဲ့ အနိုင်ဂိုးကို တိုက်စစ်မှူး အောင်ကျော်မျိုးက သွင်းယူပေးခဲ့ပြီး ပွဲဟာအကြိတ်အနယ်ရှိခဲ့ပါတယ်။

ကွာတားဖိုင်နယ်-ဒုတိယအကျော့

အောင်ဆန်းကွင်း

လယ်ယာ/ဆည်မြောင်း - စီးပွား/ကူးသန်း။

သုဝဏ္ဏကွင်း

ပြည်ထဲရေး - ဘဏ္ဍာ/အခွန်။
(မြန်မာ့အလင်း)

ကာကွယ်

ကမ္ဘောဇတိုက်စစ်ကို ပို့ဆောင်ရေးဂိုးသမား ဖြိုးမင်းမောင်နှင့် နောက်ခံလူ ကျော်ဇေယျာမင်းတို့ ကာကွယ်စဉ်။ (မြန်မာ့အလင်း)

မန္တလေးအသင်း(ရန်ကုန်) နှစ်ပတ်လည်အသင်းသားစုံညီစည်းဝေး

ရန်ကုန် မတ် ၁၇

မန္တလေးအသင်း(ရန်ကုန်) (၃၂)ကြိမ်မြောက် နှစ်ပတ်လည်အသင်းသားစုံညီ အစည်းအဝေး၊ နိုင်ငံတော်က ချီးမြှင့်သည့် ဘွဲ့ထူး၊ ဂုဏ်ထူးရရှိသူများ၊ အမျိုးသားစာပေဆု၊ ရုပ်ရှင်အကယ်ဒမီဆုရရှိသူများ၊ ပညာရည်ချွန်ဆုရရှိသူများအား ဂုဏ်ပြုချီးမြှင့်ပွဲကို မတ် ၁၅ရက် နံနက် ၉နာရီက အမှတ် ၆၂၈/၆၃၂ ကုန်သည်လမ်းနှင့် လမ်း ၃၀(ပထမထပ်) ပန်းဘဲတန်းမြို့နယ် မန္တလေးအသင်းတိုက် ရတနာပုံ အနုပညာခန်းမဆောင်၌ ကျင်းပသည်။

ရှေးဦးစွာ သဘာပတိ မန္တလေးအသင်း ဥက္ကဋ္ဌဦးမြသောင်း(JEWEL HOTEL) က အဖွင့်အမှာစကားပြောကြားသည်။ **(ယာပုံ)**

ဆက်လက်၍ ၂၀၀၈ခုနှစ် အမှုဆောင်အဖွဲ့အစီရင်ခံစာကို အသင်းအတွင်းရေးမှူး ဒေါ်မြင့်မြင့်စိန် တွဲဖက်အတွင်းရေးမှူး(၁) ဦးကျော်စံ (DIAMOND NEON)၊ တွဲဖက်အတွင်းရေးမှူး(၂) ဦးတီတိုး (မန်းမြန်မာ)တို့ကလည်းကောင်း၊ ဘဏ္ဍာရေးရှင်းတမ်းကို ဘဏ္ဍာရေးမှူး ဒေါ်ခင်ဝင်းမူကလည်းကောင်း ဖတ်ကြားတင်သွင်းအတည်ပြုကြသည်။

ဖျာပုံမြို့နယ် သာခုကန်ကျေးရွာအုပ်စု ဆားဂွန်းကျေးရွာ ယမုံနာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို မတ် ၂ ရက်က ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးလွင်မင်း၊ မြို့နယ်ဦးစီးမှူး ဒေါ်ဆွေဆွေမိုးနှင့် ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးမဒန်မိုဟာတို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

ဆုများချီးမြှင့်

ထို့နောက် မန္တလေးချမ်းသာကြီး ဆန်လှူအသင်းသို့ ဆွမ်းဆန်တော် အလှူငွေကျပ် ၁၀သိန်းကို ဗိုလ်မှူးကြီးဝေလင်း (ငြိမ်း)က ပေးအပ်သည်။ ဆက်လက်၍ ထူးချွန်ဆုရရှိသူများ အသင်းဂုဏ်ထူးဆောင်နာယက ဦးကျော်ညွန့်၊ ဗိုလ်မှူးကြီးဝေလင်း (ငြိမ်း)၊ အသင်းဥက္ကဋ္ဌ ဦးမြသောင်းနှင့် တာဝန်ရှိသူများက ဂုဏ်ထူးဆောင်ဆုများ ချီးမြှင့်ကြသည်။

ရွေးချယ်တင်မြှောက်

ယင်းနောက် ၂၀၀၉-၂၀၁၀ ခုနှစ် မန္တလေးအသင်း(ရန်ကုန်) အမှုဆောင်သစ်ကို ပြန်လည်ရွေးချယ်တင်မြှောက်ရာ ဥက္ကဋ္ဌ ဦးမြသောင်းနှင့် အတွင်းရေးမှူး ဒေါ်မြင့်မြင့်စိန်တို့ ပါဝင်သော အမှုဆောင်အဖွဲ့ဖြင့် ပြန်လည်ဖွဲ့စည်းလိုက်သည်။ **(မြန်မာ့အလင်း)**

အထက(၂)လမ်းမတော် အာစရိယပူဇော်ပွဲ

ရန်ကုန် မတ် ၁၇

အထက(၂) လမ်းမတော်(ယခင် မြဓာလာ)ကျောင်းတွင် ပညာသင်ကြားခဲ့သည့် ကျောင်းသား ကျောင်းသူဟောင်းများ၏ ဒသမအကြိမ်အာစရိယပူဇော်ပွဲကို မတ် ၂၂ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် အထက(၂) လမ်းမတော်ကျောင်း၌ ကျင်းပမည်ဖြစ်သည်။

လှူဒါန်းနိုင်

အသက်(၆၀)ပြည့် အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများနှင့် ၂၀၀၈ခုနှစ်အထိ ပညာသင်ကြားခဲ့ကြသည့် ကျောင်းသား ကျောင်းသူဟောင်းများသည် အာစရိယပူဇော်ပွဲသို့ မပျက်မကွက်တက်ရောက်ကြရန်နှင့် ပါဝင်လှူဒါန်းလိုသူများသည် လမ်းမတော်မြို့နယ် အနောက်ရထာလမ်းနှင့် လှည်းတန်းလမ်းထောင့်ရှိ အထက (၂)လမ်းမတော် အလှူခံဌာနတွင် မတ် ၁၆ ရက်မှ ၂၀ရက်အထိ နေ့စဉ် မွန်းတည့် ၁၂ နာရီမှ ညနေ ၄နာရီအထိလည်းကောင်း၊ အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်သန်းသန်းညွန့် ဖုန်း-၂၂၈၁၀၄၊ ၀၉-၈၅၁၆၁၉၉တို့သို့ လှူဒါန်းနိုင်သည်။ **(မြန်မာ့အလင်း)**

ဖေဖော်ဝါရီ ၂၇ရက်က မြစ်ကြီးနား ခရိုင် ဆဒုံးမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံး စာကြည့်တိုက်အတွက် မန္တလေးမြို့နေ ဦးသန်းထွဋ် (မြန်မာ့ ကျောက်စိမ်းကုမ္ပဏီ)က လှူဒါန်းသော ငွေကျပ်တစ်သိန်းတန်ဖိုးရှိ သုတစာအုပ် ၂၃၆ အုပ်ကို အလှူရှင်ကိုယ်စား ခရိုင်ဦးစီးအရာရှိ ဒေါ်မြင့်မြင့်ခိုင်က ဒေါ်ခင်မာဝင်း စာတောက်-၃ထံ ပေးအပ်လှူဒါန်းစဉ်။

(ခရိုင် ပြန်/ဆက်)

စပါးစိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပမည်

ရန်ကုန် မတ် ၁၇

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာ့လယ်ယာထွက်ကုန် ပစ္စည်းရောင်းဝယ်ရေးနှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်တို့ ပူးပေါင်း၍ ဈေးကွက်ဝင် စပါးမျိုးကောင်းမျိုးသန့်များ စိုက်ပျိုးထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေးတွင် ပုဂ္ဂလိကကဏ္ဍမှ ပါဝင်ဆောင်ရွက်ရေး အလုပ်ရုံဆွေးနွေးပွဲကို မတ် ၂၂ ရက်(စနေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ UMFCCI Office Tower ပထမထပ် မင်္ဂလာခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် စပါးမျိုးကောင်းမျိုးသန့်များ စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် စိုက်ပျိုးရေးပညာရှင်များက စာတမ်းငါးစောင် တင်ပြဆွေးနွေးကြမည်ဖြစ်ပြီး တက်ရောက်လာကြသူများမှလည်း အုပ်စုများခွဲ၍ ဆွေးနွေးကြပြီး အုပ်စုအလိုက်စာတမ်းများ ပြန်လည်တင်သွင်းဆွေးနွေးနိုင်ကြောင်းနှင့် အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လိုသူများသည် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဖုန်း-၀၁-၂၁၄၃၄၄ မှ ၄၉ အထိ ဆက်သွယ်၍ ကြိုတင်စာရင်းပေးသွင်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မကွေး၌ အင်္ဂလိပ်စာကျွမ်းကျင်မှုသင်တန်းဖွင့်

မကွေး မတ် ၆

မကွေးတိုင်း လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သည့် ဌာနတွင်း အင်္ဂလိပ်စာကျွမ်းကျင်မှုသင်တန်း ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂ရက်က တိုင်းရုံးအစည်းအဝေးခန်းမ၌ကျင်းပရာ တိုင်းဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးချိုထွန်းက အမှာစကား ပြောကြားသည်။ **(အောက်ပုံ)**

တက်ရောက်

အဆိုပါသင်တန်းသို့ တိုင်းခရိုင်နှင့် မြို့နယ်ရုံးဝန်ထမ်း၄၁ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ နှစ်လကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ **(တိုင်း ပြန်/ဆက်)**

ပြည်ထောင်စုဖွား သွေးချင်းများ တားဆီးကာကွယ် မီးရန်စွယ်

ကျေးရွာစာကြည့်တိုက်များအတွက် ပြင်ဦးလွင်၌ သတင်းစာ၊ဂျာနယ်နှင့် မဂ္ဂဇင်းများ လှူဒါန်း

ပြင်ဦးလွင် မတ် ၁၀

ပြင်ဦးလွင်မြို့နယ်အတွင်းရှိ ကျေးရွာစာကြည့်တိုက်များအတွက် ခရိုင်၊မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီမှ လှူဒါန်းသော သတင်းစာလချုပ်များ လှူဒါန်းပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၇ရက်က အသင်းရုံးခန်းမ၌ ကျင်းပသည်။

လှူဒါန်း

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအေးလွင်က အဖွင့်အမှာစကား ပြောကြားပြီး ကျေးရွာစာကြည့်တိုက်များအတွက် သတင်းစာလချုပ်များနှင့် ဂျာနယ်နှင့်မဂ္ဂဇင်းများကို မြို့နယ်ဥက္ကဋ္ဌ ဦးအေးလွင်နှင့် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခိုင်ခိုင်သင်းတို့က ကျေးရွာစာကြည့်တိုက်မှူးများထံ ပေးလှူဒါန်းသည်။ **(အောက်ပုံ)** **(ခရိုင် ပြန်/ဆက်)**

မိတ္ထီလာ၌ မီးဘေးကာကွယ်ရေးအတွက် ရန်ပုံငွေပေးအပ်လှူဒါန်း
မီးသတ်ပိုက်အသုံးပြု၍ မီးငြိမ်းသတ်နည်း လက်တွေ့သရုပ်ပြသ

မိတ္ထီလာ မတ် ၆

မိတ္ထီလာခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် မိတ္ထီလာမြို့ ဈေးကြီးအတွင်းတွင်ဈေးမိဈေးဖများပူးပေါင်းကျင်းပသော မိတ္ထီလာဈေးကြီး မီးဘေးကြိုတင်ကာကွယ်ရေးဆိုင်းဘုတ်တင်အခမ်းအနားနှင့် မီးဘေးကာကွယ်ရေးပစ္စည်းများ ဝယ်ယူထားရှိရေး ရန်ပုံငွေပေးအပ်လှူဒါန်းသူများ ဂုဏ်ပြုပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၃ရက် နံနက်က မိတ္ထီလာဈေးကြီးအတွင်း၌ ကျင်းပသည်။

ရှေးဦးစွာ မီးဘေးကြိုတင်ကာကွယ်ရေးဆိုင်းဘုတ်ကို မိတ္ထီလာခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်သန်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးကြည်တင်နှင့် ဈေးမိ ဈေးဖ ဦးဘကိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။**(အောက်ဝဲပုံ)**

ပေးအပ်ချီးမြှင့်

ထို့နောက် မီးဘေးကာကွယ်ရေးပစ္စည်းများဝယ်ယူရေးအတွက် အလှူငွေလှူဒါန်းကြသော အလှူရှင်များကို နယ်မြေခံတပ်မှ ဗိုလ်မှူးကြီးသန်းလွင်၊ မိတ္ထီလာခရိုင်ဥက္ကဋ္ဌ ဦးမြင့်သန်း၊ မိတ္ထီလာခရိုင်ရဲတပ်ဖွဲ့မှူးဒုတိယရဲမှူးကြီးထွန်းဦးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုလက်မှတ်များ ပေးအပ်ချီးမြှင့်ကြသည်။

လက်တွေ့သရုပ်ပြ

ဆက်လက်၍ မိတ္ထီလာဈေးကြီးမီးဘေးကာကွယ်ရေးပစ္စည်းများ ဝယ်ယူရေးအတွက် အလှူရှင်များက ရန်ပုံငွေကျပ် ၁၉၅၀၀၀၀ ကို ပေးအပ်လှူဒါန်းကြရာ ခရိုင်ဥက္ကဋ္ဌ ဦးမြင့်သန်းက အလှူရှင်များအား ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး ဈေးမိ ဈေးဖ ဦးဘကိုးက မီးဘေးကြိုတင်ကာကွယ်ရေးပစ္စည်းများ ဝယ်ယူထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

အလှူငွေပေးအပ်ပွဲအပြီးတွင် မိတ္ထီလာ မီးသတ်ဦးစီးဌာန မီးသတ်ဦးစီးမှူး ဦးမင်းစန်းအေးနှင့် မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ပိုက်အသုံးပြု၍ မီးငြိမ်းသတ်နည်းများကို လက်တွေ့သရုပ်ပြသကြသည်။

(၀၈၆)

ဧယျာရွှေမြေ F.C နှင့်စာချုပ် ချုပ်ဆိုနေသည့် ဇော်လင်းထွန်း။
(မြန်မာ့အလင်း)

● *ကျောဖုံးမှ*

ဧရာဝတီတိုင်း ကိုယ်စားပြုယှဉ်ပြိုင်မည့် Delta United F.C အသင်းက ကစားသမား ၁၉ဦး၊ စစ်ကိုင်းတိုင်း ကိုယ်စားပြု ဧယျာရွှေမြေ F.C က ကစားသမား ၁၄ဦးနှင့် မကွေးတိုင်း ကိုယ်စားပြု မကွေး F.C က ၁၇ဦးတို့ ပါဝင်ကြသည်။ Delta United F.C မှာ ကစားသမား၁၉ဦးအတွက် ပြောင်းရွှေ့ကြေးကျပ် ၂၈၂သိန်း၊ ဧယျာရွှေမြေ F.C မှာ ကစားသမား ၁၄ဦးအတွက် ပြောင်းရွှေ့ကြေးကျပ်သိန်း၃၇၀၊ မကွေး F.C မှာ ကစားသမား ၁၇ဦးအတွက် ပြောင်းရွှေ့ကြေးကျပ် ၃၇၅သိန်း အသုံးပြုကာ ခေါ်ယူခဲ့ခြင်း ဖြစ်ရာ ယနေ့ကစားသမား၅၀အတွက် ပြောင်းရွှေ့ကြေးကျပ်၁၀၂၈သိန်းရှိခဲ့ကြောင်း သိရသည်။ ယနေ့စာချုပ်ချုပ်ဆိုနိုင်ခဲ့သည့် ကစားသမားများထဲတွင် နာမည်ကြီး ကစားသမားများဖြစ်သည့် ဇော်ထက်အောင်၊ စည်သူဝင်း၊ ဇော်လင်းထွန်း၊ ရာဇာဝင်းသိန်းနှင့် အောင်မျိုးသန့်တို့ငါးဦးမှာ ပြောင်းရွှေ့ကြေးကျပ်သိန်း၅၀စီ၊ တစ်လ လစာကျပ် ၁၀သိန်းစီဖြင့် အမြင့်ဆုံးရရှိထားသည်။

လက်မှတ်ရေးထိုး

မြန်မာနေရှင်နယ်လိဂ် ကစားသမားများ၏ အပြောင်းအရွှေ့စာချုပ်များ လက်မှတ်ရေးထိုးပွဲကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးတင်အောင်နှင့် တာဝန်ရှိသူများ၊ သက်ဆိုင်ရာ ကလပ်အသင်းများမှ တာဝန်ရှိသူများ လက်မှတ်ရေးထိုးခဲ့ကြသည်။

မကွေးF.C တွင် ကစားရန် ဇော်ထက်အောင် လက်မှတ်ရေးထိုးစဉ်။
(မြန်မာ့အလင်း)

ပြောင်းရွှေ့ကြေး

မကွေး F.C မှာ ပြောင်းရွှေ့ကြေးကျပ် ၃၇၅သိန်း အသုံးပြု၍ ကစားသမား ၁၇ဦး ခေါ်ယူထားပြီး ယင်းအထဲတွင် ဇော်ထက်အောင်၊ စည်သူဝင်း၊ အောင်မြင့်အေး၊ ဘိုဘိုအောင်၊ ပြည့်ဖြိုးဦးစသည့် ကစားသမားများ ပါဝင်လျက်ရှိသည်။ အပြီးသတ်စာချုပ်ချုပ်ဆိုခဲ့သော ကစားသမားများမှာ စွမ်းအင်မှ ဇော်ထက်အောင်၊ ပြည်ထဲရေးမှ စည်သူဝင်း၊ မြို့တော်စည်ပင်မှ အောင်မြင့်အေးတို့ကို ပြောင်းရွှေ့ကြေးကျပ်သိန်း ၅၀၊ လစာကျပ် ၁၀သိန်းစီ၊ စီးပွား/ကူးသန်းမှ ဘိုဘိုအောင်ကို ပြောင်းရွှေ့ကြေး ကျပ်သိန်း ၃၀၊ လစာကျပ် ငါးသိန်း၊ ပို့ဆောင်ရေးမှ ပြည့်ဖြိုးဦးကို ပြောင်းရွှေ့ကြေး ကျပ်သိန်း ၂၀၊ လစာကျပ် ခြောက်သိန်း၊ မြို့တော်စည်ပင်မှ ဟိန်းကျော်သူ(ဂိုး)နှင့် ညီညီဝင်း၊ သစ်တောရေးရာမှ ခိုင်ဇော်ထွန်း၊ မြန်မာ့မီးရထားမှ စိုးမင်းနိုင်နှင့် ကျော်ကျော်မျိုးတို့ကို ပြောင်းရွှေ့ကြေး ကျပ်သိန်း၂၀စီနှင့် လစာကျပ်ငါးသိန်းစီ၊ ပို့ဆောင်ရေးမှ ကောင်းမြတ်ဦးကို ပြောင်းရွှေ့ကြေးကျပ် ၁၅သိန်း၊ လစာကျပ် ခြောက်သိန်း၊ မြို့တော်စည်ပင်မှ ဝင်းသူနှင့် ဇော်နိုင်ထွန်းတို့ကို ပြောင်းရွှေ့ကြေး ကျပ် ၁၅သိန်းစီနှင့် လစာ ကျပ်ငါးသိန်းစီ၊ မြို့တော်စည်ပင်မှ ဇော်မျိုးထွန်းနှင့် ဝင်းဇော်အောင်တို့ကို ပြောင်းရွှေ့ကြေးကျပ် ၁၀ သိန်းစီနှင့် လစာကျပ် သုံးသိန်းစီ၊ မြို့တော်စည်ပင်မှ ဟိန်းဇာအောင်နှင့် ငွေးဝင်းဖြိုးတို့ကို ပြောင်းရွှေ့ကြေး ကျပ်ငါးသိန်းစီနှင့် လစာကျပ် သုံးသိန်းစီဖြင့် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။ မြို့တော်စည်ပင်မှ ကိုးဦး၊ မြန်မာ့မီးရထားနှင့် ပို့ဆောင်ရေးတို့မှ နှစ်ဦးစီ၊ စွမ်းအင်၊ ပြည်ထဲရေး၊ စီးပွား/ကူးသန်းနှင့် သစ်တောရေးရာတို့မှ တစ်ဦးစီပါဝင်ကြသည်။ စာချုပ်ချုပ်ဆိုသည့် အခမ်းအနားကို အသင်းအထွေထွေမန်နေဂျာ ဦးသိန်းဝင်း၊ နည်းစနစ်ဒါရိုက်တာ ဦးတင်ဟန်နှင့် နည်းပြဦးကြည်လွင်တို့ တက်ရောက်ခဲ့ကြသည်။

Delta United F.C မှာပြောင်းရွှေ့ကြေး ၂၈၂သိန်းအသုံးပြု၍ ကစားသမား ၁၉ဦးအား စာချုပ်ချုပ်ဆိုခေါ်ယူထားပြီး ဆောက်လုပ်ရေးအသင်းမှ ၁၃ဦး၊ ဘဏ္ဍာ/အခွန်အသင်းမှ နှစ်ဦး၊ စီးပွား/ကူးသန်း၊ စွမ်းအင်၊ မြို့တော်စည်ပင်နှင့် အားကစားဝန်ကြီးဌာနတို့မှ တစ်ဦးစီတို့ပါဝင်ကြသည်။ စာချုပ်လက်မှတ်ရေးထိုးသည့် အခမ်းအနားကို Max Cement ကုမ္ပဏီမှ တာဝန်ရှိသူများ၊ အသင်းနည်းပြချုပ် ဦးဆန်းဝင်းတို့ တက်ရောက်ခဲ့သည်။ Delta United F.C သည် ဆောက်လုပ်ရေးအသင်းမှ မြန်မာ့လက်ရွေးစင်ကစားသမား စိုးသီဟအောင်ကို ပြောင်းရွှေ့ကြေး ကျပ်သိန်း ၃၀၊ လစာကျပ် ခုနစ်သိန်း၊ စီးပွား/ကူးသန်းမှ သီဟစည်သူ(ဂိုး)၊ စွမ်းအင်မှ အောင်ကျော်မျိုး၊ မြို့တော်စည်ပင်မှ ဇင်မျိုးအောင်၊ ဆောက်လုပ်ရေးမှ မင်းမင်းထွန်း၊ တင်ဇော်မိုး၊ မျိုးဝင်းထွဋ်၊ ဇော်ဇော်ဦးနှင့် ထွန်းလင်းအောင်တို့ကို ပြောင်းရွှေ့ကြေး ကျပ်သိန်း ၂၀စီနှင့် လစာကျပ် ငါးသိန်းစီ၊ ဘဏ္ဍာ/အခွန်မှ ကျော်ကျော်ခိုင်နှင့် မြင့်နိုင်၊ အားကစားဝန်ကြီးဌာနမှ မင်းမင်းသူ၊

လစာကျပ် ခုနစ်သိန်းဖြင့် Delta United တွင် ကစားမည့် စိုးသီဟအောင် လက်မှတ်ရေးထိုးစဉ်။
(မြန်မာ့အလင်း)

ဆောက်လုပ်ရေးမှ နေအောင်၊ ခင်မင်း၊ ခွန်ဧယျာထွန်းတို့ကို ပြောင်းရွှေ့ကြေး ကျပ် ၁၀သိန်းစီနှင့် လစာ ကျပ်လေးသိန်းစီ၊ ဆောက်လုပ်ရေးမှ ပြည့်ဖြိုးဦး၊ ဟိန်းမင်းလတ်၊ သန်းထိုက်နှင့် သိုင်းထွန်းဇော်တို့ကို ပြောင်းရွှေ့ကြေးကျပ် ရှစ်သိန်းစီနှင့် လစာကျပ် သုံးသိန်းစီတို့ဖြင့် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

ဧယျာရွှေမြေ

ဧယျာရွှေမြေ F.C မှာ ပြောင်းရွှေ့ကြေး သိန်း ၃၇၀ အသုံးပြု၍ ကစားသမား ၁၄ ဦးအား ခေါ်ယူ စာချုပ်ခဲ့ခြင်းဖြစ်သည်။ စီးပွား/ကူးသန်းမှ ၁၁ ဦး၊ အားကစားဝန်ကြီးဌာနမှ နှစ်ဦးနှင့် မြို့တော်စည်ပင်မှ တစ်ဦးတို့ပါဝင်ပြီး လက်မှတ်ရေးထိုးပွဲကို ရွှေနဂါးမင်းကုမ္ပဏီမှ တာဝန်ရှိသူများ၊ အသင်းအုပ်ချုပ်သူ ဦးမြင့်သိန်း၊ နည်းပြချုပ် ဦးဉာဏ်ဝင်းနှင့် နည်းပြအဖွဲ့ဝင်များ တက်ရောက်ခဲ့သည်။ စီးပွား/ကူးသန်းမှ မြန်မာ့လက်ရွေးစင်ကစားသမား ဇော်လင်းထွန်း၊ ရာဇာဝင်းသိန်း၊ အောင်မျိုးသန့်တို့ကို ပြောင်းရွှေ့ကြေးကျပ် သိန်း ၅၀စီနှင့် လစာကျပ် ၁၀သိန်းစီ၊ စီးပွား/ကူးသန်းမှ ထူးကျော်၊ ဇော်မိုး

မကွေး F.C အထွေထွေမန်နေဂျာ ဦးသိန်းဝင်းနှင့် ဘိုဘိုအောင်တို့ လက်မှတ်ရေးထိုးအပြီး။
(မြန်မာ့အလင်း)

ထက်(ဂိုး)နှင့်မျိုးဇော်ထွန်းတို့ကို ပြောင်းရွှေ့ကြေးကျပ် သိန်း ၃၀စီနှင့် လစာကျပ်ငါးသိန်းစီ၊ စီးပွား/ကူးသန်း မှ ချမ်းချမ်းနှင့် တင်ယု(ဂိုး)၊ မြို့တော်စည်ပင်မှ ကျော်ငွေးဦးတို့ကို ပြောင်းရွှေ့ကြေးကျပ်သိန်း၂၀စီနှင့် လစာကျပ် ငါးသိန်းစီ၊ စီးပွား/ကူးသန်းမှ မင်းကိုကိုနှင့် ဇော်ဇော်အောင်၊ အားကစားဝန်ကြီးဌာနမှ ကျော်ကိုကိုနှင့် ဇော်လင်းထက်တို့ကို ပြောင်းရွှေ့ကြေးကျပ် ၁၅သိန်းစီနှင့် လစာကျပ် လေးသိန်းစီ၊ စီးပွား/ကူးသန်းမှ အောင်ကိုကိုဝင်းကို ပြောင်းရွှေ့ကြေး ကျပ်၁၀သိန်း လစာကျပ်သုံးသိန်းဖြင့် စာချုပ်ချုပ်ထားခြင်းဖြစ်သည်။

မကွေး F.C

မကွေး F.C အထွေထွေမန်နေဂျာ ဦးသိန်းဝင်းက **"မိမိတို့အနေဖြင့် နာမည်ကြီး ကစားသမားများရော လူငယ်ကစားသမားများကိုပါ ခေါ်ယူထားခြင်းဖြစ်ကြောင်း၊ ကစားသမားများအားလုံးကို တန်ကြေးပေးကာ ခေါ်ယူထားခြင်းဖြစ်ကြောင်း၊ ယခု ကစားသမား ၁၇ဦး စာချုပ်ချုပ်ပြီး သွားပြီဖြစ်ပြီး နောက်ထပ် ၁၃ဦး ခေါ်ယူရန်ရှိကြောင်း၊ ယင်းအထဲတွင် စိုးမြတ်မင်း၊ လွင်ဦးစသည့် ကစားသမားများပါဝင်မည်ဖြစ်ကြောင်း၊ အောင်မြင်မှုရအောင် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း"** ပြောကြားခဲ့သည်။

Delta United F.C နည်းပြချုပ် ဦးဆန်းဝင်းက **"မိမိတို့အသင်းမှာ နာမည်ကြီး ကစားသမားများ ခေါ်ယူမည်မဟုတ်ဘဲ လူငယ်ကစားသမားများဖြင့်သာ အသင်းကို တည်ဆောက် သွားမည်ဖြစ်ကြောင်း၊ မတ် ၁၈ရက်မှစ၍ လေ့ကျင့်မှုများပြုလုပ်သွားမည် ဖြစ်ကြောင်း၊ ဆောက်လုပ်ရေးအသင်းမှ စည်သူသန်းနှင့် ဆန်းဒေးသိန်းတို့ကိုလည်း ခေါ်ယူရန် ဆွေးနွေးနေကြောင်း"** ပြောကြားခဲ့သည်။

ဧယျာရွှေမြေ F.C နည်းပြချုပ် ဦးဉာဏ်ဝင်းက **"ယခုကစားသမား ၁၄ဦး ကို စာချုပ်ချုပ်နိုင်ခဲ့ပြီဖြစ်ပြီး နောက်ထပ် ၁၀ဦးဝန်းကျင် ထပ်မံခေါ်ယူရန်ရှိကြောင်း၊ နာမည်ကြီး ကစားသမားများပါဝင်သလို ရေရှည်အသုံးပြု၍ရမည့် လူငယ်ကစားသမားများလည်း ပါဝင်မည်ဖြစ်ကြောင်း မင်းသူနှင့် မျိုးမင်းထွန်းတို့ကို ခေါ်ယူရန် ဆွေးနွေးဆဲဖြစ်ကြောင်း"** ပြောကြားခဲ့သည်။ ။ (မြန်မာ့အလင်း)

ယနေ့ စာချုပ်ချုပ်ဆို နိုင်ခဲ့သည့် ကစားသမားများထဲတွင် နာမည်ကြီး ကစားသမားများဖြစ်သည့် ဇော်ထက် အောင်၊ စည်သူဝင်း၊ ဇော်လင်းထွန်း၊ ရာဇာဝင်းသိန်းနှင့် အောင်မျိုးသန့်တို့ ငါးဦးမှာ ပြောင်းရွှေ့ကြေး ကျပ်သိန်း ၅၀စီ၊ တစ်လ လစာကျပ် ၁၀သိန်းစီ ဖြင့် အမြင့်ဆုံး ရရှိထားသည်။

ရန်ကုန်တိုင်းမ်ဂျာနယ်ထွက်ရှိ

ရန်ကုန် မတ် ၁၇

'ဘတ်စ်ကားအခြေပြု မြို့ပြခရီးသွားလုပ်ငန်း တိုးတက်ဖွံ့ဖြိုးလာမည်လား' မြို့တွင်းခရီးသွားလုပ်ငန်းကို နိုင်ငံတကာအဆင့်မီ ခရီးသွားလုပ်ငန်းအဆင့်အထိ ဖြစ်ထွန်းလာစေရေး ဂျပန်၏ အကူအညီဖြင့် စတင်ဆောင်ရွက်နေပြီဖြစ်ရာ မကြာမီ ကာလအတွင်း ဘတ်စ်ကားအခြေပြု မြို့ပြခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာနိုင်မည့်အပေါ် ပညာရှင်များ၏ သုံးသပ်ချက် သတင်းဆောင်းပါး ပါသည့် ရန်ကုန်တိုင်းမ်ဂျာနယ် အတွဲ(၅)၊ အမှတ်(၁၂)ထွက်ရှိလာသည်။

ကဏ္ဍစုံ

ယင်းအပြင် WCDMA ဖုန်းများ စိတ်ဝင်စားသူနည်းပါး၊ မြန်မာနိုင်ငံတွင် မော်တော်ကားများကို ရေဖြင့်ခုတ်ခွဲ၍ မောင်းနှင်နိုင်တော့မည်၊ မြန်မာနိုင်ငံတွင် ပထမဆုံးသော နိုင်ငံတကာအဆင့်မီ နို့စက်ရုံကြီးတည်ဆောက်မည်၊ ပင်လယ်ကမ်းခြေများတွင် အပန်းဖြေသူများ အန္တရာယ်ကင်းရန် ရေတက်ရေကျချိန် များထုတ်ပြန်ရန်လို၊ ဆိုမာလီပင်လယ်ဓားပြများလက်မှ လွတ်မြောက်လာသော မြန်မာသင်္ဘောသားများနှင့် တွေ့ဆုံခြင်း၊ ပြောရေးဆိုခွင့်ရပ်ကွက်မှ 'မြန်မာကျောင်းသားများနှင့် အင်္ဂလိပ်ပညာရေး'အကြောင်း၊ 'အနုပညာဆိုတာ ဒီနေ့ထက် မနက်ဖြန် ပိုကောင်းအောင် လုပ်ဖို့လိုတယ်' လို့ဆိုလာတဲ့ လင်းဇာနည်ဇော်နှင့်တွေ့ဆုံခိုက် မေးမြန်းဖြစ်ခဲ့တာလေးတွေ ဖျော်ဖြေရေးသတင်းနှင့်အတူ ကဏ္ဍစုံလင်စွာဖြင့် ထွက်ရှိလာသည်။

နည်းပညာကဏ္ဍ

အာရှတိုက်သားများအတွက် အကောင်းဆုံး လူမှုဘဝအရည်အသွေးပြည့်ဝစေသည့် နိုင်ငံများတွင် စင်ကာပူထိပ်ဆုံး၌ရှိ၊ တရုတ်သည် တစ်ပါတီကွန်မြူနစ်စနစ်ကို စွန့်လွှတ်မည်မဟုတ်သကဲ့သို့ အနောက်တိုင်းပုံစံ ဒီမိုကရေစီစနစ်ကိုလည်း လက်ခံမည်မဟုတ်ဟုဆို၊ 'ဂျိမ်းစ်ဘွန်းအလား ထင်မှားခဲ့ရတယ်'ဇနီးမောင်နှံနှစ်ဦး အပန်းဖြေခရီးထွက်စဉ် တောင်ကုန်းအောက် ကားထိုးကျခဲ့သည့်ဖြစ်စဉ်၊ ဒေါသအမျက်ထွက်ခြင်းက အသက်သေဆုံးနိုင်သည်အထိ အန္တရာယ်ရှိ၊ အာရှ၏ အကြီးဆုံး ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်သုံး ဒီဇယ်စက်ရုံ စင်ကာပူတွင်တည်ဆောက်၊ မှောင်ခိုတင်သွင်းလာသော ဆင်စွယ်ငါးတန် ဗီယက်နမ်အကောက်ခွန်ကရှာဖွေတွေ့ရှိ၊ 'တစ်လိမ်နှစ်လိမ် ပွေလိမ်ရှုပ်သည့် လူသတ်သမား လိမ်စဉ်အားလုံးပေါ်ပြီ' မှုခင်းရေးရာကဏ္ဍ၊ ဟာသကဏ္ဍ၊ 'ပြောရဦးမယ် သူတို့က ဒီလိုတဲ့'ဖျော်ဖြေရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ နည်းပညာကဏ္ဍများ စုံလင်စွာပါရှိသည်။

(သတင်းစဉ်)

မျိုးဆက်သစ်လူငယ် ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပမည်

ရန်ကုန် မတ် ၁၇

မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ်ကကြီးမှူး၍ မျိုးဆက်သစ်လူငယ် ဂေါက်သီးရိုက်ပြိုင်ပွဲ(12th MGC Junior Golf Open Championships 2009)ကို ဧပြီ ၆ရက်နှင့် ၇ရက်တို့တွင် ရန်ကုန်မြို့ရှိ မြန်မာဂေါက်သီးရိုက်အသင်း ဇမိုင်ပြည်လမ်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

(12th MGC Junior Golf Open Championships2009) ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အသက် (၁၀-၁၂)နှစ်အတန်း၊အသက်(၁၃-၁၅)နှစ်အတန်း၊ အသက်(၁၆-၂၀)နှစ်အတန်းများနှင့် အမျိုးသမီးပြိုင်ပွဲ၌ အသက်(၁၀-၁၈)နှစ်အတန်းဟူ၍ လေးတန်းခွဲခြားပြီး ကျင်းပမည်ဖြစ်ကာ ပြိုင်ပွဲ၌ ဆုများကို အတန်းလိုက်ထိုက်ထိုက်တန်တန် ချီးမြှင့်မည်ဖြစ်သည်။

ပံ့ပိုးကူညီ

ယင်းပြိုင်ပွဲများ၏ ဆုများကို မြန်မာဂေါက်သီးရိုက်အသင်းနှင့် ကုမ္ပဏီများ၊ အဖွဲ့အစည်းများနှင့် တစ်ဦးချင်းအလှူရှင်များက ကူညီပံ့ပိုးကြမည် ဖြစ်သည်။

စုံစမ်းနိုင်

ပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်ကြမည့် မျိုးဆက်သစ်လူငယ် ဂေါက်သီးရိုက်အားကစားမောင်မယ်များသည် ဧပြီ၄ရက် မွန်းလွဲ၂နာရီ နောက်ဆုံးထား၍ မြန်မာဂေါက်သီးရိုက်အသင်း ဇမိုင် ပြည်လမ်းသို့ အမည်စာရင်းပေးသွင်းရမည်ဖြစ်ပြီး လူဦးရေအကန့်အသတ်ရှိမည်ဖြစ်သဖြင့် ကြိုတင်စာရင်းပေးသွင်းရမည်ဖြစ်သည်။ ပြိုင်ပွဲနှင့်ပတ်သက်၍ အသေးစိတ် သိရှိလိုသူများသည် မြန်မာဂေါက်သီးရိုက်အသင်း ဖုန်း-၆၆၁၇၀၂နှင့် ၆၆၅၅၃၁တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



ကြံခင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့သာယာလှပရေးအတွက် ဗိုလ်ချုပ်လမ်းထိပ် မြေယာရှုခင်းအလှ ဆောင်ရွက်ထားရှိမှုကို မတ် ၃ရက်က ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့က ရှင်းလင်းတင်ပြကြစဉ်။
(မြို့နယ်စည်ပင်)

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအတွက် ရွှေပြားများ ပူဇော်လှူဒါန်းနိုင်ရန် အသိပေးနှိုးဆော်ခြင်း

ရဟန်းရှင်လူပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် ဉာဏ်တော် ၃၂၅ ပေရှိ **"ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး"** အား နေပြည်တော်၌ တည်ထားပူဇော်လျက်ရှိပါသည်။

လှူဒါန်းနိုင်

စေတီတော်မြတ်ကြီးအတွက် ရွှေပြားများအား အောက်ပါအတိုင်း ပါဝင်လှူဒါန်းနိုင်ပါသည်-

(၁) ငှက်ပျောဖူးတော်တွင် ကပ်လှူရန်ရွှေပြား (၁ပေ× ၁ပေ) ၂၉၆၄ ချပ် ၁ ချပ် ကျပ် ၁၆၂၀၀၀၀ နှုန်း

(၂) ကြာနှင့်ရွဲများတွင် ကပ်လှူရန် ရွှေပါးလွှာ (၁ပေ× ၁ပေ) ၄၂၀၈ ချပ် ၁ ချပ် ကျပ် ၅၈၀၀၀၀ နှုန်း

ဆက်သွယ်နိုင်

ရွှေပြားနှင့် ရွှေပါးလွှာများ လှူဒါန်းလိုသူများသည် ဥပ္ပါတသန္တိစေတီတော် ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ အတွင်းရေးမှူး ဖုန်း - ၀၆၇-၄၁၄၂၀၅၊ ၄၁၄၂၀၂၊ ၄၁၄၂၀၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း အသိပေး နှိုးဆော်အပ်ပါသည်။

ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ

အထက(၁)ဒဂုံ မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် မတ် ၁၇

၁၉၇၅-၂၀၀၈ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့ကြပြီး အသက် (၆၀)ပြည့် ဆရာကြီး ဆရာမကြီးများအား မတ် ၂၉ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် အထက (၁)ဒဂုံ ဒဂုံသီရိခန်းမ၌ ဆရာကန်တော့ပွဲ ကျင်းပမည်ဖြစ်သည်။ ကန်တော့ခံ ဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများအားလုံး ပါဝင်တက်ရောက်ကြရန်နှင့် အလှူငွေများ ပါဝင်လှူဒါန်းလိုသော ကျောင်းသား ကျောင်းသူဟောင်းများသည် မသီရိမာ ဖုန်း-၀၉-၅၀-၂၁၂၄၁၊ နုနုရီ ဖုန်း-၀၉-၅၁-၇၈၄၀၇၊ မြတ်စိုးဝင်း ဖုန်း-၀၉-၅၁-၂၆၇၇၅၊ ဇော်မင်းဦး ဖုန်း-၀၉-၅၀-၀၂၅၇၁၊ လှမျိုးထွန်း ဖုန်း-၆၅၂၃၂၁၊ ၆၅၂၃၁၆၊ ၆၅၂၂၄၀၊ ကေခိုင်လင်း ဖုန်း-၀၉-၅၁-၂၇၂၁၅၊ ချိုလေးလွင် ဖုန်း-၂၄၀၄၈၃၊ အေးအေးမျိုး ဖုန်း-၀၉-၅၀-၁၆၆၀၅၊ ဝင့်ကြည်ညွန့် ဖုန်း-၀၉-၅၁-၁၂၅၂၁၊ အောင်သူထွန်း ဖုန်း-၀၉-၅၁-၃၂၈၅၁နှင့် ကျော်သူစိုး ဖုန်း-၀၉-၅၁-၆၆၂၉၄တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား

ပရီမီယာလိဂ်ပြိုင်ပွဲနှင့် မန်ယူ - လီဗာပူးပွဲရလဒ်....

မောင်မောင်မြင့်ဆွေ ရေးသားတင်ပြ၍ ဘိုဘိုမင်း စာမျက်နှာဖွဲ့စည်းသည်

လန်ဒန် မတ် ၁၇

ပရီမီယာလိဂ်ပွဲစဉ်(၂၉)အဖြစ် မတ် ၁၄ရက်က ယှဉ်ပြိုင်ကစားခဲ့တဲ့ မန်ယူနဲ့လီဗာပူးတို့ပွဲအပြီးမှာ မန်ယူတို့ လေးဂိုး-တစ်ဂိုးနဲ့ ရှုံးပွဲကြုံတွေ့ခဲ့ရတာနဲ့ ပတ်သက်ပြီး နိုင်ငံတကာဘောလုံးလောကမှာ အတော်လေး ဂယက်ရိုက်သွားခဲ့ပါတယ်။

ဒီပွဲအပြီးမှာ "ကျွန်တော့် နောက်တန်းကစားသမားတွေ အမှားအယွင်း လုပ်ခဲ့ကြတယ်" လို့ ဖာဂူဆန်က ထုတ်ဖော်ပြောကြားခဲ့သလို ပွဲအပြီးမှာ ဘယ်မီဒီယာသမားတွေကိုမျှ တွေ့ဆုံဖို့ အစီအစဉ်မရှိပါဘူးလို့ ဖာဂူဆန်က ပြောကြားခဲ့ပါတယ်။

တကယ်တော့ မန်ယူက အိုးထရက်ဖို့ဒ်မှာ ဒီနှစ်ဘောလုံးရာသီအတွင်း ရှုံးပွဲမရှိ စံချိန်ကိုတင်နေရာက ၁၁ ပွဲမြောက်မှာ အခုလို ရှုံးပွဲကြုံတွေ့ခဲ့ရခြင်းဖြစ်ပါတယ်။ မန်ယူအသင်းအတွက် ပရီမီယာလိဂ်ဖလားရယူရေးအတွက် ထိခိုက်မှုသိပ်မရှိခဲ့ပေမယ့် အရင်ကထက်ပိုပြီး အားထုတ်ရတော့မှာ ဖြစ်ပါတယ်။ ဒါကလည်း ပြိုင်ဘက်ဖြစ်တဲ့ ချယ်လ်ဆီးနဲ့ လီဗာပူးတို့က နိုင်ပွဲတွေကိုယ်စီရရှိခဲ့ကြလို့ ဖြစ်ပြီး အမှတ်ကွာဟမှု အနည်းငယ်ကျဉ်းမြောင်းသွားလို့ပဲ ဖြစ်ပါတယ်။

ဖြတ်ထိုးဉာဏ်

မန်ယူနဲ့လီဗာပူးတို့ရဲ့ ပွဲစဉ်အပြီးမှာ ဝေဖန်သုံးသပ်သူတွေက လီဗာပူးဟာ ဒီနှစ်ဘောလုံးရာသီမှာ အကောင်းဆုံး ခြေစွမ်းပြနိုင်ခဲ့တယ်လို့ ဆိုပေမယ့် တကယ်တမ်းမှာတော့ လီဗာပူးတို့ဟာ ပုံမှန်ခြေစွမ်းနဲ့ပဲ ကစားခဲ့ခြင်းဖြစ်ပါတယ်။ ဒါပေမယ့် တစ်ခုရှိတာက လီဗာပူး ကစားသမားတွေက ကစားကွက် မစီးနိုင်ခဲ့ပေမယ့် ဂိုးရအောင် ဖြတ်ထိုးဉာဏ် သုံးခဲ့တာပဲ ဖြစ်ပါတယ်။

အဲဒီနေ့က လီဗာပူးရဲ့ ပထမချေပဂိုးဟာ နောက်တန်းကရှေ့ကို တိုက်ရိုက်အဝေးဘောကန်တင်လိုက်တာကို တောရက်စ်က ဂိုးရအောင်သွင်းယူခဲ့ခြင်းပဲဖြစ်ပါတယ်။ အဲဒီနေ့က မန်ယူနောက်တန်းဟာ အမှားတွေလုပ်ခဲ့လို့ ဂိုးပြတ်ရှုံးပွဲကြုံတွေ့ခဲ့ရခြင်းဖြစ်ပြီး လီဗာပူးကစားကွက်ကောင်းခဲ့လို့တော့ မဟုတ်ပါဘူး။

မန်ယူဟာ အဲဒီပွဲမှာ ပင်ကိုဟန်အတိုင်း အိမ်ကွင်းမှာ ဩဇာရှိရှိနဲ့ ကစားနိုင်ခဲ့ပေမယ့် တိုက်စစ်မှူးတွေဖြစ်တဲ့ ရွန်နေနဲ့ တီဗက်ဇ်တို့က အပိုင်ကန်သွင်းခွင့် အခွင့်အရေးတွေ မရနိုင်ခဲ့သလို ကွင်းလယ်ကစားသမားတွေကလည်း တိုက်စစ်မှူးတွေ ဂိုးရအောင် ဖန်တီးပေးနိုင်မှု အားနည်းခဲ့ပါတယ်။

ဒါကြောင့် ဘောလုံးပွဲတွေမှာ ဖြစ်လေ့ဖြစ်ထရှိတဲ့ နောက်ခံလူအမှားကြောင့် ဂိုးပေးခဲ့ရတာ ရှိပေမယ့် တိုက်စစ်မှူးတွေ ချေပဂိုး ပြန်မသွင်းနိုင်တာလည်း အဓိက အချက်တစ်ချက် ဖြစ်ပါတယ်။

မန်ယူနည်းပြကြီး ဖာဂူဆန်။

ဒီပွဲနဲ့ပတ်သက်ပြီး ဖာဂူဆန်ကတော့ "ဘောလုံးပွဲတွေဟာ ကိုယ်ကအပိုင်တွက်ထားလို့ရတဲ့ပွဲ တစ်ပွဲမှမရှိပါဘူး။ အခုဒီပွဲမှာ ကျွန်တော်တို့အနေနဲ့ သရေနဲ့နိုင်ပွဲလို့ပဲ တွက်ထားခဲ့တာပါ။ ဒါပေမယ့် မမျှော်လင့်တဲ့ရလဒ်ထွက်သွားတယ်။ ဒါလည်း ဖြစ်လေ့ဖြစ်ထရှိတဲ့ ရလဒ်ပါပဲ။ ဒါပေမယ့် ဒီရလဒ်ကတော့မဖြစ်သင့်တဲ့ရလဒ်ဆိုတာ ကျွန်တော်ဝန်ခံပါတယ်" လို့ ဖာဂူဆန်က ပြောကြားခဲ့ပါတယ်။

အပိုင်အသုံးချ

မန်ယူအတွက် သင်ခန်းစာယူစရာပွဲဖြစ်တယ်ဆိုတာကို ချယ်လ်ဆီးနည်းပြဟောင်းနဲ့ အင်တာမီလန်နည်းပြ မော်ရင်ဟိုကတော့ "ဒီပွဲမှာ လီဗာပူးက သူ့ရဲ့ပုံမှန်ခြေစွမ်းအတိုင်း ကစားခဲ့သလို မန်ယူကလည်း သိပ်ထူးခြားမှုမရှိတဲ့ လူအခင်းအကျင်းနဲ့ ကစားခဲ့ကြတာပါ။ ထူးထူးခြားခြားဆိုလို့ လီဗာပူးတို့က ဦးနှောက်သုံးပြီး ရတဲ့အခွင့်အရေးကို အပိုင်အသုံးချသွားလို့ ဂိုးပြတ်သွားတာပါ။ မန်ယူတို့သင်ခန်းစာယူရမယ့်ပွဲပါ" လို့ ပြောကြားခဲ့ပါတယ်။

အကြိတ်အနယ်ရှိလာ

မန်ယူအသင်းဟာ ဒီနှစ်ဘောလုံးရာသီမှာ ဖလားငါးလုံးရရှိရေး မျှော်လင့်ချက်တွေနဲ့ ဖြတ်သန်းနေတာမို့ ဒီပွဲရလဒ်ဟာ အောင်မြင်မှု ဓာကပ်နေတဲ့ မန်ယူကို သတိပေးလိုက်သလို ဖြစ်သွားခဲ့ပါတယ်။ ဒါ့အပြင် အမှတ်ကွာဟမှု ကျဉ်းမြောင်းသွားတဲ့အတွက် ဒီနှစ်ပရီမီယာလိဂ်ဖလား ရယူရေးယှဉ်ပြိုင်မှုဟာ ပိုပြီး အကြိတ်အနယ်ရှိလာခဲ့ပြီ ဖြစ်ပါတယ်။

ဒါကြောင့် ပရီမီယာလိဂ်ထိပ်တန်းအသင်း နည်းပြကြီးဖြစ်ပေမယ့် အမှားအယွင်းနဲ့ လူအခင်းအကျင်း လွဲမှားမှုတွေ ရှိတတ်တယ်ဆိုတာ ဒီပွဲရလဒ်က ပြသသလို ဖြစ်ခဲ့ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ နည်းပြကြီး ဖာဂူဆန်က "ကျွန်တော် ပွဲထွက်ကစားသမား အစားထိုးတာ နည်းနည်းလိုသွားတယ်" လို့ ပြောကြားခဲ့တာပဲဖြစ်ပါတယ်။ ဘယ်သူ့ကို ဘယ်လို အစားထိုးကစားဖို့ဆိုတာကတော့ ဖာဂူဆန်က မပြောခဲ့ပါဘူး။

ဘယ်လိုပဲဖြစ်ဖြစ် လီဗာပူးနည်းပြဘင်နီတက်ဇ်ကတော့ သူ့အနေနဲ့ လီဗာပူးနည်းပြဘဝမှာ မန်ယူကို ဂိုးအရေအတွက်အများဆုံးနဲ့ နိုင်ပွဲယူနိုင်ခဲ့တယ်ဆိုတာ မှတ်တမ်း တင်နိုင်ခဲ့ပါတယ်။ ဒီပွဲမှာ လီဗာပူးကစားသမားတွေရဲ့ စိတ်ဓာတ်နဲ့ အခွင့်အရေးရရင် ဂိုးသွင်းနိုင်တဲ့ ခြေစွမ်းကိုတော့ လေးစားရမှာပါပဲ။

ဒီပွဲရလဒ်ဟာ အံ့အားသင့်စရာ ဖြစ်ပေမယ့် ပရီမီယာလိဂ်ဖလား ရယူရေးအတွက်ကတော့ ယှဉ်ပြိုင်မှုတွေ ပိုပြီးမြိုင်ဆိုင်စေခဲ့ပြီဆိုတာကတော့ အသေအချာပါပဲ ။ ။

(အင်တာနက်)

အာဆင်နယ်ခံစစ်မှူး ကိုလိုတိုရေး အသင်းပြောင်းမည်ဟုဆို

လန်ဒန် မတ် ၁၇

အိုင်ဗရီကို့စ်နှင့် အာဆင်နယ်ခံစစ်မှူး ကိုလိုတိုရေး(အပေါ်ပုံ)သည် နွေရာသီ အပြောင်းအရွှေ့ ဈေးကွက်တွင် အသင်းပြောင်းမည်ဟု ထုတ်ဖော်ပြောကြားလိုက်ခြင်းဖြင့် လာမည့်အနာဂတ်တွင် အာဆင်နယ်၌ ရေရှည်ဆက်ကစားမည်ဆိုသည့် ထင်ကြေးများကို အဆုံးသတ်စေခဲ့သည်။

အသင်းပြောင်းရန်တောင်းဆို

ကိုလိုတိုရေးသည် အီးမရိတ်တွင် မှန်းချက်နှင့်မကိုက်သော အခြေအနေကို ကြုံတွေ့ရပြီးနောက် ပြီးခဲ့သည့် ဇန်နဝါရီ အပြောင်းအရွှေ့ဈေးကွက်ကာလအတွင်းက အသင်းပြောင်းရန် တောင်းဆိုခဲ့သည်ဟု ဆိုသည်။

အပူတပြင်းကြိုးပမ်း

၎င်းအားခေါ်ယူရန် မန်စီးတီးအသင်းက အပူတပြင်း ကြိုးပမ်းလျက်ရှိပြီး ချယ်လ်ဆီးကလည်း ခေါ်ယူရန်စိတ်ဝင်စားလျက်ရှိကြောင်း သိရသည်။ တိုရေးသည် ၎င်း၏ကစားဖော် ဂါးလက်စ်နှင့် အဆင်မပြေဖြစ်နေသည့်အပြင် ယခုရာသီတွင် အာဆင်နယ်၏ ရပ်တည်မှုနှင့် ပတ်သက်၍လည်း စိတ်ပျက်လက်ပျက် ဖြစ်နေခဲ့ကြောင်း သတင်း၌ ဖော်ပြသည်။

(အင်တာနက်)

၂၀၁၈ ခုနှစ် သို့မဟုတ် ၂၀၂၂ ခုနှစ် ကမ္ဘာ့ဖလား အိမ်ရှင်အဖြစ်ကျင်းပခွင့်ရရေး အင်္ဂလန်ကမ်းလှမ်းထား

လန်ဒန် မတ် ၁၇

အင်္ဂလန်နိုင်ငံအနေဖြင့် ၂၀၁၈ ခုနှစ် ကမ္ဘာ့ဖလားအိမ်ရှင်အဖြစ် ကျင်းပခွင့်မရရှိခဲ့ပါက ၂၀၂၂ ခုနှစ်တွင် လက်ခံကျင်းပလိုသည်ဟု သတင်း၌ဖော်ပြသည်။

အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်သည် ယင်းပြိုင်ပွဲနှစ်ခုစလုံးကို အိမ်ရှင်အဖြစ် ကျင်းပရန် ကမ်းလှမ်းခဲ့ခြင်းဖြစ်ပြီး ၂၀၁၈ ခုနှစ်နှင့် ၂၀၂၂ ခုနှစ် ပြိုင်ပွဲနှစ်ခုစလုံးတွင် ဥရောပဖလားဘောလုံးပြိုင်ပွဲများကို ရည်ညွှန်းခြင်းမဟုတ်ကြောင်း ယင်းအဖွဲ့ချုပ်က ထုတ်ဖော်ပြောကြားခဲ့သည်။

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)သည် ၂၀၁၈ ခုနှစ်နှင့် ၂၀၂၂ ခုနှစ်ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရသည့် နိုင်ငံများကို ၂၀၁၀ ပြည့်နှစ် ဒီဇင်ဘာလ၌ ထုတ်ပြန်ကြေညာမည်ဖြစ်သည်။ **(အင်တာနက်)**

လီဗာပူးမှအငှားချထားသော တိုက်စစ်မှူးပိုရိုနင် ဟာသာဘာလင်အသင်း၌ ခြေစွမ်းပြ

လန်ဒန် မတ် ၁၇

ဘွန်ဒက်စ်လီဂါဇယားထိပ်မှ ဟာသာဘာလင်အသင်းသည် ပြီးခဲ့သည့် မတ် ၁၄ရက်က လေဗာကူဆင်အား တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ယူကာ လေးမှတ်အသာဖြင့် ပထမနေရာကို ဆက်လက်ထိန်းသိမ်းထားသည်။ ယင်းပွဲစဉ်တွင် တစ်လုံးတည်းသော အနိုင်ဂိုးကို ဗိုရိုနင်က ခြေစွမ်းပြသွင်းယူခဲ့သည်။

လီဗာပူးအသင်းမှ အငှားစာချုပ်ဖြင့် ဟာသာဘာလင်သို့ လာရောက်ကစားနေသူ ဗိုရိုနင်သည် ခြောက်ပွဲကစားရာတွင် ရှစ်ဂိုးသွင်းယူထားခဲ့သူဖြစ်သည်။ ယင်းပွဲစဉ်၌ မိနစ် ၅၀တွင် ဗိုရိုနင်သွင်းယူသောဂိုးအား လေဗာကူဆင်ဂိုးသမား ရီနီအက်ဒ်လာကကာကွယ်စဉ် ပြန်ထွက်လာသောဘောမှတစ်ဆင့် ဗိုရိုနင်က အနီးကပ်သွင်းယူခဲ့ခြင်းကြောင့် ဟာသာဘာလင်အသင်းအနေဖြင့် ဘွန်ဒက်စ်လီဂါဇယားထိပ်တွင် ဆက်လက်ရပ်တည်နိုင်ခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

ဂျာမနီတွင် အသင်းခေါင်းဆောင်တာဝန်ယူရန် ကွင်းလယ်ကစားသမားဘောလက် ကတိပေးထားရ

လန်ဒန် မတ် ၁၇

ဂျာမနီနှင့် ချယ်လ်ဆီးကွင်းလယ်ကစားသမား ဘောလက်အနေဖြင့် ကျန်းမာကြံ့ခိုင်မှုပြည့်ဝပါက ၂၀၁၀ကမ္ဘာ့ဖလားခြေစစ်ပွဲဝင် ဂျာမနီလက်ရွေးစင်အသင်းတွင် အသင်းခေါင်းဆောင်အဖြစ်တာဝန်ယူရန် ကတိပေးထားရပြီး သုံးပွဲစလုံးနိုင်ပြီး ခြေစစ်ပွဲအောင်ရန်လည်း ကတိပေးထားရသည်။

အသက် ၃၂နှစ်ရှိ ဘောလက်သည် ပြီးခဲ့သည့်နှစ်က ဂျာမနီနည်းပြ ဂျိုအာချင်လိုနှင့် အကြီးအကျယ် သဘောထားကွဲလွဲခဲ့သည်။

နည်းပြဂျိုအာချင်လိုအနေဖြင့် ဝါရင့်ကစားသမားများအပေါ် ပိုမိုအလေးထားကာ သစ္စာရှိသင့်ကြောင်း ဘောလက်က အကြံပြုပြောကြားခဲ့သည်။ သို့သော်လည်း နောက်ပိုင်းတွင် နည်းပြဂျိုအာချင်လိုအား ဘောလက်က ပြန်လည်တောင်းပန်ခဲ့သည်ဟု ဆိုသည်။

ဂျာမနီသည် ကမ္ဘာ့ဖလားခြေစစ်ပွဲတွင် အုပ်စုတွင်း၌ ထိပ်ဆုံးမှရပ်တည်လျက်ရှိပြီး ဒုတိယနေရာမှ ရုရှားထက် လေးမှတ်အသာဖြင့် ဦးဆောင်လျက်ရှိသည်။ ဂျာမနီသည် ရုရှားအသင်းထက် တစ်ပွဲပိုကစားထားကြောင်းသိရသည်။ **(အင်တာနက်)**

ချစ် စိုး နိုင် စု စည်း တင် ပြ သည်

ကမ္ဘာ့အထင်ကရပုဂ္ဂိုလ်များ

ရွှေ့ပြောင်းပုံနှိပ်နိုင်သည့် စာလုံးပုံစံကို တီထွင်ခဲ့သူ တရုတ်လူမျိုး ပညာရှင်ကြီး ဘီရှင်

အလွယ်တကူ ရွှေ့ပြောင်းပုံနှိပ်နိုင်သည့် စာလုံးပုံစံကို တရုတ်နိုင်ငံတွင် ဘီရှင်အမည်ရှိ တရုတ်လူမျိုးပညာရှင်ကြီးတစ်ဦးက ၁၀၄၅ခုနှစ်နှင့် ၁၀၅၈ခုနှစ်အတွင်းတွင် တီထွင်ခဲ့သည်။ ယင်းစာလုံးပုံစံကို တီထွင်ခဲ့သည့် ပညာရှင် ဘီရှင်သည် ရှေးဆွန်မင်းဆက်(၉၆၀-၁၁၂၇)စိုးစံခဲ့သည့် ကာလအတွင်း တရုတ်ပြည်၏မြို့တော် ဘီယန်လီအန်မြို့တွင် နေထိုင်ကြီးပြင်းခဲ့သူဖြစ်သည်။

တီထွင်

ဘီရှင်သည် ကျောက်သား၊ သစ်သား စသည်တို့တွင် ထွင်းထုသည့် စနစ်ဖြင့် လက်နှိပ်စက်အခြေခံကို စတင်တီထွင်ခဲ့သည်။ သူသည် ပထမဦးစွာ သစ်သားများကို သစ်သားတုံးကလေးများအဖြစ် လွှဖြင့်ဖြတ်ခဲ့သည်။ ထို့နောက် ယင်းသစ်သားတုံးကလေးများတွင် တရုတ်အက္ခရာစာလုံးလေးများကို ထွင်းထုကာ တစ်နေနှင့်တစ်နေရာ ရွှေ့ပြောင်းနေရာချပြီး စာရိုက်နိုင်သည့် အက္ခရာစာလုံးများအဖြစ် တီထွင်ခဲ့သည်။

အသုံးပြုနိုင်

ဘီရှင်သည် ပုံနှိပ်ရာတွင် လိုအပ်သည့် စာလုံးများကို အက္ခရာထင်ရိုက်နှိပ်နိုင်ရန်အတွက် သံပြားပေါ်တွင် ရိုက်နှိပ်သည့်စနစ်ကို တီထွင်ခဲ့သည်။ ထိုသို့စီစဉ်ခဲ့ခြင်းကြောင့် ယင်းသံပြားများကို ပြန်လည်အသုံးပြုနိုင်သည်။

ရေးသားဖော်ပြ

နေ့စဉ် အသုံးပြုနေသော အက္ခရာစာလုံး ၃၀၀၀ခန့်ကို ပြုလုပ်ရန် ၄င်းအတွက် အချိန်မပေးနိုင်ချေ။ အကြောင်းရင်းမှာ ဘီရှင်၏ နည်းစနစ်အရ အက္ခရာအားလုံးမှ အက္ခရာတစ်လုံးကို အချိန်တိုအတွင်း ရှာဖွေရန် ခက်ခဲသောကြောင့်ဖြစ်သည်။ သူသည် အက္ခရာစာလုံးများ၏ ပထမပိုင်း အသံထွက်များကို ရေးသားထားခြင်းဖြင့် အက္ခရာများကို ဒါဇင်နှင့် ချီသော သစ်သားပြားများတွင် ရေးသားဖော်ပြခဲ့သည်။

ကြိုတင်စီစဉ်

နောက်ပိုင်းတွင် ဘီရှင်သည် ရွှံ့စေးများကို အသုံးပြု၍ အလွယ်တကူ သယ်ယူရွှေ့ပြောင်း နေရာချနိုင်သည့် ပုံနှိပ်အက္ခရာစာလုံးများကို အောင်မြင်စွာ တီထွင်နိုင်ခဲ့သည်။ ပိုမိုအကျိုးရှိ ထိရောက်စေနိုင်ရန်အတွက် သံပြားကြီး နှစ်ပြားကိုလည်း စီစဉ်ပြင်ဆင်ထားခဲ့သည်။ သံပြားကြီးတစ်ပြားကို ပုံနှိပ်အက္ခရာတင်နေစဉ် အခြားစာမျက်နှာ သို့မဟုတ် အခြားဆောင်းပါး တစ်ခုအတွက် ကျန်သံပြားကြီးတစ်ခုတွင် ရိုက်နှိပ်နိုင်ရေးအတွက် အက္ခရာများကို အသုံးပြုနိုင်ရန် ကြိုတင်စီစဉ်ထားသည်။

ဘီရှင်သည် ကြိမ်ဖန်များစွာ အသုံးပြုရလေ့ရှိသော အက္ခရာစာလုံး တစ်လုံးစီအတွက် ရွှေ့ပြောင်း ပုံနှိပ်နိုင်သည့် အက္ခရာစာလုံး အမြောက်အမြားပြုလုပ်ခဲ့၊ အကြောင်းမှာ တစ်ခါတစ်ရံတွင် အချို့ အက္ခရာစာလုံးများသည် စာမျက်နှာတစ်ခုတည်းပေါ်တွင်ပင် မကြာခဏ အသုံးပြုရလေ့ ရှိသောကြောင့် ဖြစ်။

ပထမသံပြားကြီးတွင် ပုံနှိပ်အက္ခရာတင်ပြီးသောအခါ လူတို့သည် ဆက်လက်ပုံနှိပ်နိုင်ရန် ကြိုတင်စီစဉ်ထားသော နောက်သံပြားကြီးတစ်ချပ်ကို အဆင်သင့် အသုံးပြုနိုင်လေသည်။ ထို့နောက် ယခင်အက္ခရာ ရိုက်နှိပ်ထားသော သံပြားအား ပြန်အသုံးပြုနိုင်ရန်အတွက် သံပြားပေါ်ရှိ စာများကို ဖျက်ပစ်နိုင်သည်။ ယင်းသို့ ပုံနှိပ်အက္ခရာတင် သံပြားကြီးနှစ်ချပ်ကို တစ်လှည့်စီ အသုံးပြုခြင်းဖြင့် လူများသည် ပုံနှိပ်အက္ခရာတင်ခြင်းကို ယခင်ကထက် ပိုမိုလျင်မြန်စွာ ပြုလုပ်လာနိုင်သည်။

မကြာခဏ

ဘီရှင်သည် ကြိမ်ဖန်များစွာ အသုံးပြုရလေ့ရှိသော အက္ခရာစာလုံး တစ်လုံးစီအတွက် ရွှေ့ပြောင်းပုံနှိပ်နိုင်သည့် အက္ခရာစာလုံး အမြောက်အမြား ပြုလုပ်ခဲ့သည်။ အကြောင်းမှာ တစ်ခါတစ်ရံတွင် အချို့ အက္ခရာစာလုံးများ သည် စာမျက်နှာတစ်ခုတည်းပေါ်တွင်ပင် မကြာခဏ အသုံးပြုရလေ့ ရှိသောကြောင့် ဖြစ်သည်။

ပညာရှင်ကြီး ဘီရှင်

ပုံနှိပ်စက်၏ရှေ့ပြေးဖြစ်သည့်ရွှေ့ပြောင်းပုံနှိပ်နိုင်သည့် စာလုံးပုံစံကို တီထွင်ခဲ့သော တရုတ်ပညာရှင်ကြီး ဘီရှင်။

အသုံးပြုလေ့ရှိ

အသုံးနည်းသော အက္ခရာစာလုံးများ ပုံနှိပ်ရန် လိုအပ်လာပါကလည်း ဘီရှင်သည် ယင်းစာလုံးကို လျင်မြန်စွာ ရေးသားပြီး ဖိုကြီးတစ်ဖိုတွင် မီးဖုတ်ကာ အသုံးပြုလေ့ရှိသည်။ ယင်းနည်းလမ်းသည် အလွန်အဆင်ပြေသော နည်းလမ်းလည်း ဖြစ်ပေသည်။

အခက်အခဲ

ယနေ့ခေတ် လူတို့အသုံးပြုနေသော ပုံနှိပ်ပညာနှင့် နှိုင်းယှဉ်လျှင် ဘီရှင်တီထွင်ခဲ့သော နည်းလမ်းသည် ရိုးစင်းသည်။ သို့သော်လည်း ၄င်းတီထွင်ခဲ့သော နည်းစနစ်သည် အလွယ်တကူ ရွှေ့ပြောင်းနိုင်သည့် လက်နှိပ်စက်ရိုက်ခြင်း၊ အက္ခရာစာလုံးများပြုလုပ်ခြင်း၊ စာစီခြင်းနှင့် ပုံနှိပ်ခြင်း အခက်အခဲများကို ဖြေရှင်းပြီးဖြစ်ပေသည်။

ကျော်ခိုင်းသွား

ရွှေ့ပြောင်းအသုံးပြုနိုင်သော စာလုံးပုံစံကို အသုံးပြုခဲ့သည့် စနစ်သည် သမိုင်းတွင် ပုံနှိပ်အဆင့်သို့ရောက်အောင် ပြုပြင်ပြောင်းလဲပေးခဲ့ခြင်းပင်ဖြစ်သည်။ ယင်းစနစ်သည် လူမှုဘဝ တိုးတက်ရေးကိုလည်း အထောက်အကူပြုခဲ့သည်။ နောင်နှစ်ပေါင်း ၄၀၀ခန့် ကြာမြင့်သည့်အခါ ရွှေ့ပြောင်းအသုံးပြုနိုင်သည့် စာလုံးပုံစံစနစ်သုံး ပုံနှိပ်စက်ကို ဂူတင်ဘာဂီဆိုသူက တီထွင်ခဲ့သည်။ ပုံနှိပ်စက်၏ရှေ့ပြေးဖြစ်သည့် ရွှေ့ပြောင်း စာလုံးပုံစံ တီထွင်မှုကိုပြုလုပ်ခဲ့သူ တရုတ်လူမျိုး တီထွင်ပညာရှင်ကြီးဘီရှင်သည် ၁၀၅၂ခုနှစ်တွင် တီထွင်မှုလောကကြီးကို ကျောခိုင်းသွားခဲ့ပါကြောင်း။ ။

ချစ်စိုးနိုင် ရေးသားသည်



အာကာသသိပ္ပံ

ကမ္ဘာကိုလေ့လာမည့်ဂြိုဟ်တုလွှတ်တင်

ကမ္ဘာ့မြေမျက်နှာပြင်နှင့် သမုဒ္ဒရာများ၏ အခြေအနေနှင့်ပတ်သက်သည့် သတင်းအချက်အလက်နှင့် ဓာတ်ပုံများပေးပို့နိုင်ရန်အတွက် ရုရှားနိုင်ငံအနောက်မြောက်ပိုင်း ပလီဆက်စ်ဒုံးပျံလွှတ်တင်ရေးစခန်းမှနေ၍ မတ် ၁၅ရက် ဒေသစံတော်ချိန် ၁၄း၂၁နာရီက ပုံစံသစ်ဖြင့် တည်ဆောက်ထားသော ဂြိုဟ်တုတစ်လုံးကို လွှတ်တင်လိုက်သည်။

ပုံသဏ္ဌာန်မတူ

ယခုလွှတ်တင်လိုက်သော ဂြိုဟ်တုသည် ယခင်ကလွှတ်တင်ခဲ့သည့်ဂြိုဟ်တုများနှင့် တည်ဆောက်မှု ပုံသဏ္ဌာန်မတူကြောင်း၊ သို့သော်လည်း သတင်းအချက်အလက်နှင့် ဓာတ်ပုံများပေးပို့ရာ၌ အကောင်းဆုံး ဝန်ဆောင်မှုပေးနိုင်ကြောင်း သိရသည်။

ရိုက်ကူးထုတ်လုပ်

သမုဒ္ဒရာများတွင် ပြောင်းလဲမှုများကို မပြတ်တမ်းထောက်လှမ်းကာ ဂြိုဟ်တုသတင်းများအား အချိန်နှင့်တစ်ပြေးညီ ရိုက်ကူးထုတ်လုပ်ပေးနိုင်သည်။ ပင်လယ်သမုဒ္ဒရာများတွင် သဘာဝဘေးအန္တရာယ် ကြုံကြိုက်ရပါက ကြိုတင်သတင်းထုတ်ပြန်ချက်များ ပေးပို့သွားမည်ဖြစ်သည်။

နည်းပညာသစ်များ ထည့်သွင်းလွှတ်တင်ထားသော အဆိုပါ ဆက်သွယ်ရေးဂြိုဟ်တုသည် သတင်းဓာတ်ပုံများကို ကြည်လင်ပြတ်သားစွာ ပေးပို့မည်ဖြစ်သည်။ **(အင်တာနက်)**

ကြေးနန်းစာ....

ဘဝအမောပြေ

ဘဏ်တစ်ခုမှ ငွေချေးကာ စီးပွားရေးလုပ်သော လူတစ်ဦးသည် လုပ်ငန်းအရှုံးပေါ်ပြီး ဘဏ်ချေးငွေများ ပြန်မဆပ်နိုင်ဘဲရှိနေရာ ဘဏ်မှအကြောင်းကြားစာကို ရင်တထိတ်ထိတ်နှင့် စောင့်ဆိုင်းနေရသဖြင့် ဇနီးဖြစ်သူက အားပေးလေသည်။

ဇနီး။ ။ ဒီလောက်လည်း မစိုးရိမ်ပါနဲ့။

ခင်ပွန်း။ ။ ကြွေးဆပ်ဖို့အကြောင်း စဉ်းစားနေတာပါ။

ဇနီး။ ။ ရှင့်မျက်နှာက အတော် စိုးရွံ့နေတဲ့ပုံပါပဲ။

ခင်ပွန်း။ ။ ဘဏ်က အကြွေးတောင်းစာ လာရင်တော့ အခက်ပဲ။

ထိုအချိန်တွင် စာပို့သမားက ကြေးနန်းတစ်စောင် လာပေးလေသည်။

ဇနီး။ ။ ဘာကြေးနန်းစာလဲ ဖွင့်ဖတ်စမ်းပါဦးရှင့်။

ခင်ပွန်း။ ။ ဖွင့်မဖတ်ရဲဘူးဖြစ်နေတယ်…ဟုဆိုပြီး ချီတုံချတုံဖြစ်နေရာမှ နောက်ဆုံး ကြေးနန်းကို ဖွင့်ဖတ်ပြီးနောက်…“ဟေး…ပျော်လိုက်တာ”ဟု ခင်ပွန်းက ထခုန်၍ အော်လိုက်သဖြင့်-

ဇနီး။ ။ ကြွေးတောင်းစာမဟုတ်ဘူးထင်တယ်။

ခင်ပွန်း။ ။ အေး…ဟုတ်တယ်။

ဇနီး။ ။ ဒါဆို…ဘာကြေးနန်းလဲ။

ခင်ပွန်း။ ။ ယောက္ခမကြီး ဆုံးပြီတဲ့။

ဇနီး။ ။ ‘ဘာ’

အသင့်ထုပ်ပိုးထားသော အစားအစာများ ကင်ဆာနှင့် သွေးတိုးရောဂါများ ဖြစ်ပွားနိုင်ဟုဆို

ကလေးငယ်များနှင့် လူငယ်များအတွက် ထုတ်လုပ်ထားသော အသင့်စား ထုပ်ပိုးထားသည့်အစားအစာများသည် ကလေးငယ်နှင့်လူငယ်များ၏ ကြီးထွားဖွံ့ဖြိုးမှုကို ထိခိုက်စေကြောင်း ပြင်သစ်သုတေသနပညာရှင်များက သတိပေးလိုက်သည်။

ဆိုးဆေးနှင့်ဆော်ဒါ

အသင့်စားအာလူးကြော်များ အပါအဝင် အခြားသောထုပ်ပိုးထားသည့် မုန့်များသည် ကြာရှည်ခံဓာတုဆေးဝါးများ၊ ဆိုးဆေးနှင့် ဆော်ဒါများပါဝင်မှုကြောင့် ကျန်းမာရေးကို ထိခိုက်စေသည်ဟု ၄င်းတို့က ပြောကြားသည်။

ကင်ဆာရောဂါနှင့်နှလုံးရောဂါ

ထို့အပြင် ဆားပါဝင်မှုနှုန်း မြင့်မားသဖြင့် နေ့စဉ်စားသုံးလေ့ရှိသော ကလေးငယ်များအနေဖြင့် အသက်အရွယ်ရလာလျှင် သွေးတိုးရောဂါများ ရရှိနိုင်သည့်အပြင် ဓာတုပစ္စည်းများကြောင့် ကင်ဆာနှင့် နှလုံးရောဂါများ ရရှိနိုင်ကြောင်းလည်း သိရသည်။

တိုက်တွန်းသင့်

ထို့ကြောင့် ကလေးငယ်များအား အသင့်စား အစားအစာများကို စားသုံးမှုမှ ရှောင်ရှားစေပြီး ကျန်းမာရေးအတွက် အထောက်အကူပေးနိုင်သည့် အစားအစာ များကိုသာ ရွေးချယ်စားသုံးရန် တိုက်တွန်းသင့်သည်ဟု ၄င်းတို့က အကြံပြုထားသည်။ ။

အင်တာနက် ကျန်းမာရေး

ဘဝဒဿန

■ ***Begin whatever you have to do: the beginning of a work stands for the whole.***

● *လုပ်စရာရှိသည့်အလုပ်ကို စတင် လုပ်ဆောင်လိုက်ပါ။ အလုပ်တစ်ခုကို စတင်လိုက်ခြင်းသည် အလုပ်တစ်ခုလုံးကို ကိုယ်စားပြုလုပ်ဆောင်လိုက်ခြင်းပင် ဖြစ်သည်။*

အူဆိုနီးယပ်စ်

(ရောမလူမျိုးကဗျာဆရာ)

နိုင်ငံတကာ သတင်းစုစည်းဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင် တင်မာဝင်း နှင့် အေးသန္တာသိန်း

အုတ်တွင်းမြို့နယ် လက်စွပ်ကျ-ဆီဆုံကုန်းတံတားဖွင့် ငွေကျပ် ၂၁သိန်းဖြင့် အကုန်အကျခံ ဆောင်ရွက်

အုတ်တွင်း မတ် ၆

ပဲခူးတိုင်း အုတ်တွင်းမြို့နယ် လက်စွပ်ကျ-ဆီဆုံကုန်းအုတ်ခုံခံသစ်သားတံတားဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၉ရက် နံနက်ပိုင်းက အဆိုပါတံတားထိပ်၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ၊ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကျေးရွာအုပ်စုမှ ပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးနိုင်ဝင်းဇော်က အဖွင့်အမှာစကား ပြောကြားပြီး အထိမ်းအမှတ်အလံများကို တံတားဖြစ်မြောက်ရေးကော်မတီမှ မြို့နယ်ဥက္ကဋ္ဌနှင့် ရပ်ကွက်ဥက္ကဋ္ဌများသို့ ပေးအပ်ပြီး **(အပေါ်ပုံ)**တံတားကို မြို့နယ်ဥက္ကဋ္ဌနှင့် တံတားဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်လွင်က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

အကုန်အကျခံ

အဆိုပါတံတားမှာ အရှည် ၂၂ပေ၊ အကျယ် ၁၂ပေ၊ အမြင့် ၁၂ပေ ရှိပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေကျပ် ခုနစ်သိန်း၊ ပြည်သူများထည့်ဝင်ငွေ ကျပ် ၁၀သိန်း၊ လုပ်အားတန်ဖိုး ငွေကျပ်လေးသိန်း စုစုပေါင်းကျပ်၂၁သိန်းဖြင့် အကုန်အကျခံ ဆောက်လုပ်ကြောင်း သိရသည်။ **(၁၁၆)**

ကျိုင်းတုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ နောင်ပေါင်းလမ်း ကတ္တရာလမ်းခင်းရန်အတွက် မြေသားညှိခြင်းလုပ်ငန်းကို ဖေဖော်ဝါရီ ၃ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

မော်လမြိုင်မြို့နယ် အား/က ကြီးမှူး နွေရာသီ အခြေခံအားကစားသင်တန်းဖွင့်

မော်လမြိုင် မတ် ၁၂

မွန်ပြည်နယ် မော်လမြိုင်မြို့နယ် အားကစားနှင့်ကာယပညာကော်မတီက ကြီးမှူးဖွင့်လှစ်သော ၂၀၀၉ခုနှစ် နွေရာသီအခြေခံအားကစားသင်တန်းဖွင့်ပွဲကို မတ် ၅ရက်က မော်လမြိုင်မြို့ ပြည်နယ် အားကစားခန်းမ (မိုးလုံလေလုံအားကစားရုံ)တွင် ကျင်းပသည်။

တက်ရောက်

ဖွင့်ပွဲအခမ်းအနားသို့ မော်လမြိုင်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းဝင်း၊ ပြည်နယ်(အား/ကာ) ဒုတိယညွှန်ကြားရေးမှူး ဦးလှဝင်း၊ မော်လမြိုင်ခရိုင် လက်ထောက်ညွှန်ကြားရေးမှူး ဦးအေးထွန်း၊ မော်လမြိုင်မြို့နယ်(အား/ကာ) ဦးစီးအရာရှိ ဦးနိုင်လင်းအောင် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပညာရေးဝန်ထမ်းများ၊ သင်တန်းနည်းပြ ဆရာများ၊ သင်တန်းသားမိဘများနှင့် သင်တန်းသားသင်တန်းသူ ၁၀၀၀ကျော် တက်ရောက်ကြသည်။

သင်ကြားပို့ချ

ရှေးဦးစွာ မော်လမြိုင်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းဝင်းက အဖွင့်အမှာစကား ပြောကြားပြီး **(ယာပုံ)** မော်လမြိုင်မြို့နယ်(အား/ကာ) ဦးစီးအရာရှိ ဦးနိုင်လင်းအောင်က သင်တန်းပို့ချမည့် သင်တန်း နည်းပြဆရာများကို မိတ်ဆက်ပေးသည်။

သင်တန်းတွင် ဘောလုံး၊ ဘော်လီဘော၊ ရေကူး၊ သိုင်း၊ ဂျူဒို၊ပြေးခုန်ပစ်၊ စားပွဲတင်တင်းနစ်၊ အေရိုးဗစ်၊ ဘတ်စကက်ဘောနှင့်ကြက်တောင်တို့ပါဝင်ပြီး သင်တန်းကာလမှာ တစ်လကြာမြင့်မည် ဖြစ်သည်။ **(၀၁၄)**

ပေါင်မြို့နယ်၌ ပညာတံခွန်ကျေးရွာစာကြည့်တိုက်ဖွင့်

ပေါင် မတ် ၇

ပေါင်မြို့နယ် သဲဖြူကုန်းကျေးရွာ စေတနာရှင်အလှူရှင်များ စုပေါင်းထည့်ဝင်လှူဒါန်းငွေကျပ် ၂၅သိန်းဖြင့် အကုန်အကျခံဆောက်လုပ်ခဲ့သော ပညာတံခွန်ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၂ရက် နံနက် ၉နာရီက အဆိုပါစာကြည့်တိုက်သစ်ရှေ့၌ ကျင်းပသည်။

ရှင်းလင်းတင်ပြ

အခမ်းအနားတွင် ပေါင်မြို့နယ်ဥက္ကဋ္ဌဦးထွန်းမြ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဒေါ်ချိုမြတ်မြတ်ထွေးတို့က ဂုဏ်ပြုအမှာစကား ပြောကြားကြပြီး သဲဖြူကုန်းကျေးရွာဥက္ကဋ္ဌ ဦးသန်းအောင်က စာကြည့်တိုက်ဆောက်လုပ်လှူဒါန်းဖွင့်လှစ်ရခြင်းကို ရှင်းလင်းတင်ပြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ပညာတံခွန်ကျေးရွာ ကိုယ့်အားကိုယ်ကိုး ပညာတံခွန်စာကြည့်တိုက် အဆောက်အအုံသစ်ကို ပေါင်မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးနှင့် ကျေးရွာဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး**(အောက်ပုံ)** မြို့နယ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက စာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။ ပညာတံခွန် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်သည် ကွန်ကရစ်၊ သွပ်မိုးထားသော စာကြည့်တိုက်အမျိုးအစားဖြစ်ကြောင်း သိရသည်။ **(၁၇၆)**

အမြို့မြို့ အနယ်နယ် သတင်းများ

ရေဝတီမြစ်ကမ်းပါးမြေထိန်းကျောက်စီ

မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်လျက်ရှိသော ဧရာဝတီ မြစ်ကမ်းပါးမြေထိန်းကျောက်စီနံရံလုပ်ငန်းကို ဖေဖော်ဝါရီ ၂၇ရက်က ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးဝင်းကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

ပြင်ဦးလွင်၌ မီးဘေးကြိုတင်ကာကွယ် မီးငြှိမ်းသတ်နည်းလုပ်ငန်းများ သရုပ်ပြ

ပြင်ဦးလွင် မတ် ၅

မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင်များသည် ဖေဖော်ဝါရီ၁ရက်က မြို့နယ်အတွင်းရှိ စက်ရုံအလုပ်ရုံများသို့ ကွင်းဆင်း၍ မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိသည်။

လက်တွေ့သရုပ်ပြ

အဆိုပါလုပ်ငန်းဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူးဦးဇော်ဝင်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များသည် ရေချမ်းအိုးကျေးရွာရှိ ပွိုင့်နေကြာအလုပ်ရုံသို့ သွားရောက်ကွင်းဆင်း၍ အလုပ်ရုံအတွင်းရှိ ပစ္စည်းများသိုလှောင်သည့် ဂိုဒေါင်များ၊ မီးနှင့်သုံးစွဲသည့် စက်ပစ္စည်းများအား စစ်ဆေးကာ ပွိုင့်နေကြာအလုပ်ရုံ မန်နေဂျာဦးဉာဏ်ရွှင်နှင့် အလုပ်ရုံရှိအလုပ်သမားများအား မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူးနှင့်မီးသတ်တပ်ဖွဲ့ဝင်များက မီးဘေးကြိုတင်ကာကွယ်ရေးအတွက် အရေးပေါ် ဆောင်ရွက်ရမည့်လုပ်ငန်းများ အသိပညာပေးဟောပြောပြီး မီးငြှိမ်းသတ်နည်းလုပ်ငန်းများကို လက်တွေ့သရုပ်ပြသပေးကြောင်း သိရသည်။ **(၀၈၈)**

မီးဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်မှု သရုပ်ပြဆောင်ရွက်

ပုသိမ် မတ် ၇

ပုသိမ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ဈေးများ မီးလောင်ဆုံးရှုံးမှုမှ ကာကွယ်နိုင်ရေးအတွက် မီးဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်မှုများ ဆောင်ရွက်လျက်ရှိရာဖေဖော်ဝါရီ၂၅ရက်က အဖွဲ့ပိုင် ရွှေပြည်သာဈေးအတွင်း မီးဘေးကြိုတင် ကာကွယ်ရေးအတွက် မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးသီးသန့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးသူဈေးသားများ ပူးပေါင်း၍ ဇာတ်တိုက် လေ့ကျင့်မှုကို ဧရာဝတီတိုင်း မီးသတ်ဦးစီးဌာန တိုင်းဦးစီးမှူး ဦးကြည်မြင့်နှင့် ပုသိမ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယဦးစီးမှူး(ဈေး) ဦးမောင်မောင်နိုင်တို့ အနီးကပ် ကြီးကြပ်ဇာတ်တိုက်လေ့ကျင့်မှု ဆောင်ရွက်ကြသည်။**(အပေါ်ပုံ)**

(မြို့နယ်စည်ပင်)

စံ(၅)ချက်နှင့် ပြည့်စုံသော စာကြည့်တိုက်များပြီးစီးရေး ကြို့ပင်ကောက်မြို့နယ် ပြန်/ဆက် ဝန်ထမ်းများဆွေးနွေး

ကြို့ပင်ကောက် မတ် ၁၆

သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ မတ်၁၄ရက် နံနက်၁၁နာရီက ပဲခူးတိုင်း(အနောက်ပိုင်း) လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်အောင်ညွှန့်နှင့် ဝန်ထမ်းများတွေ့ဆုံပွဲကျင်းပရာ သာယာဝတီခရိုင်ဦးစီးအရာရှိ ဒေါ်တင်တင်ဝင်း၊ မြို့နယ်ဦးစီးမှူး ဒေါ်ဝင်းလေးနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။

စနစ်တကျ

ရှေးဦးစွာ တိုင်းလက်ထောက်ညွှန်ကြားရေးမှူးက စံ(၅)ချက်နှင့်ပြည့်စုံသော ကျေးရွာစာကြည့်တိုက်များ အချိန်မီပြီးစီးရေး၊ ကျေးရွာစာကြည့်တိုက်များတွင် စာငှားစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊ ကျေးရွာတိုင်းတွင် နေ့စဉ်ထုတ်သတင်းစာတစ်စောင် မဖြစ်မနေရောက်ရှိရေးအတွက် စီမံချက်ရေးဆွဲ အကောင်အထည်ဖော်ရေးနှင့် ရုံးလုပ်ငန်းများစနစ်တကျရှိရေး မှာကြားသည်။

ဖြည့်ဆည်း

ထို့နောက် တိုင်းလက်ထောက်ညွှန်ကြားရေးမှူးသည် ကျွဲဘီကျေးရွာ မြတ်ပညာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အဆောက်အအုံ ဆောက်လုပ်ပြီးစီးမှု အခြေအနေကို တာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှု၍ လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးကြောင်း သိရသည်။ **(တိုင်း ပြန်/ဆက်)**

မူဆယ်မြို့နယ် ပန်လုံ ၂လမ်း၊ လမ်းသွယ် ၃ ကတ္တရာလမ်းခင်းကျင်းနေမှုကို မတ်၆ရက်က ခရိုင်ဥက္ကဋ္ဌ ဦးထွန်းမင်းဇော်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးဇော်ဝင်း၊ အင်ဂျင်နီယာ ဦးဇော်စိုးမိုးအောင်တို့ ကြည့်ရှုစစ်ဆေးစဉ်။ (၁၂၃)

စံပြမိခင်နှင့် ကလေးပြိုင်ပွဲ ဆုပေးအပ်ချီးမြှင့်

မိုးကောင်း မတ် ၁၀

(၆၂)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်အဖြစ် ကချင်ပြည်နယ် မိုးကောင်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူးကျင်းပသည့် စံပြမိခင်နှင့် ကလေးပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက် ညနေ ၄ နာရီက အဆိုပါအသင်းရုံး၌ ကျင်းပရာ တာဝန်ရှိသူများက စံပြမိခင်ဆုနှင့် အသက်အပိုင်းအခြားအလိုက် ဆုရရှိသည့် ကလေးငယ်များအား ဆုများ ပေးအပ်ချီးမြှင့်ကြသည်။ **(၀၀၁)**

ယာဉ်မတော်တဆမှု လျော့နည်းပပျောက်ရေး ယာဉ်/လမ်းစည်းကမ်းဆိုင်ရာ ပညာပေးဟောပြော

ဘားအံ မတ် ၁၁

ရထားပို့ဆောင်ရေးဝန်ကြီးဌာန၏ကြီးကြပ်မှုဖြင့် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ကရင်ပြည်နယ်ရုံး(ဘားအံ)မှ ပြည်နယ်ဦးစီးမှူး ဦးမောင်မောင်ဆွေ၊ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးသန်းထွန်းနှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့ ဒုတိယရဲမှူး ရဲခိုင်တို့သည် ယာဉ်မတော်တဆမှု လျော့နည်းပပျောက်ရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ပညာပေးရှင်းလင်းဟောပြောပွဲကို ဇန်နဝါရီ ၂၈ရက်က ဘားအံမြို့ မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ယာဉ်လိုင်းပေါင်းစုံမှ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက် ၅၆ ဦးတို့တက်ရောက်ပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေး ဟောပြောသည်။ **(အပေါ်ပုံ)**

ရှောင်တခင်စစ်ဆေး

ဆက်လက်ပြီး ညနေပိုင်းတွင် ဘားအံမြို့ အဝေးပြေးကားဂိတ်မှ ထွက်ခွာမည့် ခရီးသည်တင်ယာဉ်များကို ရှောင်တခင်စစ်ဆေးပြီး ပညာပေးအရေးယူ ဆောင်ရွက်ခဲ့ကြောင်းသိရသည်။ **(ခရိုင် ပြန်/ဆက်)**

ညောင်ဦး၌ လယ်ယာသန်းခေါင်စာရင်းကောက်ယူ

ညောင်ဦး မတ် ၁၀

ညောင်ဦးခရိုင်တွင် ၂၀၁၀ပြည့်နှစ် မြန်မာနိုင်ငံ လယ်ယာသန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို ဖေဖော်ဝါရီ ၂၄ရက် နံနက်က ညောင်ဦးမြို့နယ် မြေနဲလေးကျေးရွာ၌ ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ ခရိုင်ဥက္ကဋ္ဌ ဦးဉာဏ်လင်း၊ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်စိန်နှင့် ခရိုင်၊ မြို့နယ်စိုက်ပျိုးရေး ညှိနှိုင်းအဖွဲ့ဝင်များက ကွင်းဆင်း ကြည့်ရှုစစ်ဆေးသည်။**(အပေါ်ပုံ)**

ရှင်းလင်းပြောကြား

ထို့နောက်ခရိုင်မြေစာရင်းဦးစီးဌာနမှူး ဦးဝင်းမြင့်ထွန်းက ၂၀၁၀ပြည့်နှစ် လယ်ယာ သန်းခေါင်စာရင်းကောက်ယူမှုလုပ်ငန်း အဆင့်ဆင့်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ် မြေစာရင်းဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးစောဝင်း၊ လက်ထောက်ဦးစီးမှူး ဦးထွန်းမြင့်၊ လက်ထောက်ဦးစီးမှူး ဦးဌေးလွင်နှင့် ကွင်းတာဝန်ခံ ဦးသိန်းဇော်လွန်းတို့က လက်တွေ့လုပ်ငန်း ဆောင်ရွက်မှုနှင့်ပတ်သက်၍ အသေးစိတ် ရှင်းလင်းပြောကြားသည်။ **(ခရိုင် ပြန်/ဆက်)**

မြိတ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဗိုလ်တောင်ကျောင်းလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းဆောင်ရွက်မှုကို မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ရွှေ ကွင်းဆင်းစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးညွန့်နှင့် အငယ်တန်းအင်ဂျင်နီယာ (၂) ဦးသန်းဌေးအောင်တို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

သံဖြူဇရပ်မြို့နယ်တွင် မီးဘေးကြိုတင်ကာကွယ်တားဆီးရေးအတွက် ဈေးသူဈေးသားများအား အသိပညာပေး ဆွေးနွေးခြင်းနှင့် မီးသတ်ဆေးဘူး စနစ်တကျအသုံးပြုနိုင်ရေးနှင့် မီးငြိမ်းသတ်ရေး လေ့ကျင့်မှုများကို ဖေဖော်ဝါရီ ၁၁ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ မြို့နယ်မီးသတ်ဝန်ထမ်းများနှင့် ဈေးသူဈေးသားများ ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

ဇီဝမျိုးစုံ
မျိုးကွဲတွေ
ကြွယ်စေဖို့
သဘာဝ
တောတွေ
ထိန်းသိမ်းစို့

တပ်မတော်မှ အသုံးမလိုတော့သည့် စက်ဘီး၊ဆိုင်ကယ်နှင့်မော်တော်ယာဉ်အဟောင်းများအား လေလံတင်ထုခွဲရောင်းချမည်ဖြစ်ပါသည်-

အမှတ်(၁) ယာဉ်သိုလှောင်ရေးတပ်ရင်း(မင်္ဂလာဒုံ)
၂၁-၃-၂၀၀၉ရက် မှ ၂၂-၃-၂၀၀၉ရက်အထိ

စဉ်	ပစ္စည်းရှိရာတပ်	တည်နေရာ	ပစ္စည်းအမျိုးအစား
၁။	ယသရ (၁)	မင်္ဂလာဒုံ	စက်ဘီးမျိုးစုံ
၂။	ယသရ (၁)	မင်္ဂလာဒုံ	မော်တော်ဆိုင်ကယ်မျိုးစုံ
၃။	ယသရ (၁)	မင်္ဂလာဒုံ	မော်တော်ယာဉ်မျိုးစုံ

ပစ္စည်းများကို ၁၉-၃-၂၀၀၉ရက်မှ ၂၀-၃-၂၀၀၉ ရက်အထိ ရုံးချိန်အတွင်း သွားရောက် ကြည့်ရှုနိုင်ပါသည်။

ဓမ္မိကဗုဒ္ဓစာပေသင်တန်းဖွင့်မည်

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) အဘိဓမ္မပိဋကမဟာဌာနမှ ကထိကဆရာတော် ဘဒ္ဒန္တပဏ္ဍိတ(မဟာဓမ္မာစရိယ၊ M.A Buddhism)သည် လူငယ်ယဉ်ကျေးမှုသင်တန်းကို ၂၉-၃-၂၀၀၉ ရက်မှ ၄-၄-၂၀၀၉ ရက်အထိ လည်းကောင်း၊ သာမဏေလောင်းသင်တန်းကို ၅-၄-၂၀၀၉ရက်မှ ၇-၄-၂၀၀၉ ရက်အထိ လည်းကောင်း၊ နံနက်၈း၀၀နာရီမှ ၁၀း၃၀ နာရီအထိ ဓမ္မိကဓမ္မာရုံ၊ အမှတ်(၅)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၌ ဓမ္မဒါနသင်ကြားပို့ချပေးသွားမည်ဖြစ်ရာ လူငယ်ယဉ်ကျေးမှုသင်တန်းအတွက် အသက်ခုနစ်နှစ်နှင့်အထက် လူငယ်မောင်မယ်များနှင့် သာမဏေလောင်း သင်တန်းအတွက် အသက်၁၀နှစ်နှင့်အထက် လူငယ်များ တက်ရောက်နာယူ သင်ကြားနိုင်ပါသည်။

မှတ်ချက်။ ။ သင်တန်းသားဦးရေကန့်သတ်ထားပါသဖြင့် ဖုန်း-၀၉-၅၀-၃၇၃၁၁၊ ၅၅၀၄၀၀၊ ၅၄၆၁၄၀ တို့သို့ ၂၅-၃-၂၀၀၉ ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်းပါရန်။

တရားမပုံစံအမှတ်-၃၃

ငြင်းချက်ထုတ်ရန် သမ္မန်စာ

(တရားမကျင့်ထုံး ကိုခဥပဒေအမိန့်-၅၊ နည်းဥပဒေ-၁နှင့်၅)

သာယာဝတီခရိုင်တရားရုံး

၂၀၀၈ ခုနှစ် တရားမကြီးမှုအမှတ်-၄၅

ဦးထွန်းမြင့်(၎င်း၏အထွေထွေ ကိုယ်စားလှယ်စာရသူ ဦးမြင့်သူ) **နှင့်**

၁။ ဒေါ်သန်းမြင့်
၂။ ဒေါ်ခင်ခင်မြင့်
၃။ ဒေါ်မြင့်မြင့်အေး
၄။ ဦးတင်ကိုလတ်
၅။ ဦးကိုကိုအောင်
၆။ ဒေါ်မိမိလွင်(ခ)မိငယ်

တရားလို **တရားပြိုင်များ**

သာယာဝတီမြို့နယ်၊ သုံးဆယ်မြို့၊ ငဖြူလေးကျေးရွာ(အရှေ့)(ယခုနေရပ်လိပ်စာမသိ) ဦးကျင်၏သမီးဖြစ်သူ ဒေါ်မိမိလွင်(ခ)မိငယ် သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးထွန်းမြင့်(၎င်း၏အထွေထွေကိုယ်စားလှယ်စာရသူ) ဦးမြင့်သူက အမွေပုံပစ္စည်း စီမံအုပ်ချုပ်ခွဲဝေပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်းသည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၀၉ခုနှစ် မတ်၂၆ရက် (၁၃၇၀ပြည့်နှစ် တန်ခူးလဆန်း ၁ရက်) မွန်းမတည့်မီ ၁၀နာရီအချိန်တွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် အမှုနှင့်စပ်ဆိုင်သည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၀၉ခုနှစ် မတ် ၁၂ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ကြင်သောင်း
ဒုတိယခရိုင်တရားသူကြီး
သာယာဝတီခရိုင်တရားရုံး။

ဖခင်အမည်မှန်

အထက ဒိုက်ဦး နဝမတန်း(က) တွင် ပညာသင်ကြားနေသော မခင်ထက်ထက်သာ၏ ဖခင်အမည်မှန်မှာ ဦးကျော်ဘုန်းနိုင် ၇/ဒဥန(နိုင်) ၀၉၂၉၆၃ ဖြစ်ပါသည်။

City Taxi
ငှားမည်

တိုယိုတာ၊စပရင်တာ (အောက်စာတန်း) ဆလွန်းကားသန့်သန့် (ခါတ်ဆီကား) ငှားမည်။

ဖုန်း-၀၉-၅၀-၁၂၁၇၃။

အောင်စကြာမိုးကုတ်ရိပ်သာ သင်္ကြန်တရားစခန်းပွဲ

သာကေတမြို့နယ် အောင်စကြာမိုးကုတ်ရိပ်သာ သင်္ကြန်တရားစခန်းပွဲကို ဧပြီ၁ရက်မှ ၂၀ ရက်အထိ ကျင်းပသွားမည်ဖြစ်ရာ ဒုလ္လဘရဟန်းနှင့် သီလရှင်ဝတ်လိုသောပုဂ္ဂိုလ်များနှင့် တရားဝင်ယောဂီများသည် မတ်၂၆ရက်မှစ၍ စာရင်းပေးနိုင်ကြပြီး အရဏ်ဆွမ်း၊ နေ့ဆွမ်း၊ အချိုပွဲ၊ ဖျော်ရည်များ လှူဒါန်းလိုသော အလှူရှင်များသည် ဖုန်း-၅၄၇၀၂၈နှင့် ၀၉-၅၁-၄၇၃၈၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

မီးကို ကြိုတင်ကာကွယ်မှုဖြင့် အနိုင်ယူပါ

သတင်း အက်ဆေး

ကျားမျိုးမသုဉ်းရေး ကြိုးပမ်းဆောင်ရွက်

အောင်သုတ ရေးသည်

အိန္ဒိယနိုင်ငံ ရာဂျာစသန်ပြည်နယ်ရှိ ရန်သမ်ဘိုးရ်အမျိုးသားဥယျာဉ် (Ranthambore National Park)တွင် ကျားဘေးမဲ့တော တည်ရှိပြီး ကျားများဘာသာဘာဝ ကျက်စားနေထိုင်ပုံကိုလေ့လာလိုသော ကမ္ဘာလှည့် ခရီးသည်များသည် ယင်းဥယျာဉ်သို့ အလည်အပတ် လာရောက်လေ့ ရှိလေ၏။

အမျိုးသားဥယျာဉ်

ရန်သမ်ဘိုးရ်အမျိုးသားဥယျာဉ်ကို ကမ္ဘာလှည့်ခရီးသည်တို့ လေ့လာ ကြည့်ရှုနိုင်ရန် တစ်နှစ်တာကာလပတ်လုံးဖွင့်ပေးထားပြီး တစ်ရက်လျှင် နှစ်ကြိမ် အမိုးဖွင့်ထရပ်ကား ၁၀ စီးက စာမျက်နှာ ၃ ကော်လံ ၄ ❐

ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ ပိုမိုစုပ်ယူနေသော ပင်လယ်နှင့် သမုဒ္ဒရာများ

ဘာသာပြန် သတင်းမှတ်စု - မိုးမြင့်လင်းလက်

ကမ္ဘာ့ပင်လယ်နှင့် သမုဒ္ဒရာတို့သည် လေထုအတွင်းရှိ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့များကို ပိုမိုစုပ်ယူလျက်ရှိသဖြင့် ပင်လယ်နှင့် သမုဒ္ဒရာတို့၏ ရေပြင်များ၌ အဆိပ်ဓာတ်များပိုမိုပျော်ဝင်မှု များပြားလာလျက်ရှိကြောင်း အဏ္ဏဝါဇေဒသုတေသနပညာရှင်များက ထုတ်ဖော်ပြောကြားလိုက်သည်။ စာမျက်နှာ ၃ ကော်လံ ၄ ■

ကစားသမားများ အပြောင်းအရွှေ့ လက်မှတ်ရေးထိုး

မြန်မာနေရှင်နယ်လိဂ် ကစားသမားများ အပြောင်းအရွှေ့ လက်မှတ်ရေးထိုးပွဲ ကျင်းပစဉ်။

(မြန်မာ့အလင်း)

မြန်မာနေရှင်နယ်လိဂ်ကစားသမားများ စာချုပ်လက်မှတ်ရေးထိုးပွဲစတင်

ပထမနေ့တွင် ကစားသမား ၅၀ စာချုပ်ချုပ်ဆို

ပြောင်းရွှေ့ကြေး ကျပ်သိန်း ၅၀၊ အမြင့်ဆုံး လစာကျပ် ၁၀ သိန်း အပြောင်းအရွှေ့စရိတ် ကျပ်သိန်း ၁၀၀၀ ကျော်ရှိ

➢ သတင်းမှတ်စု - ဖိုးသော်ဇင် ➢ ဓာတ်ပုံမှတ်တမ်း - စိုင်းရဲရင့်
➢ စာမျက်နှာဖွဲ့စည်းမှု - သန်းအေး (မြန်မာ့အလင်း)

ရန်ကုန် မတ် ၁၇

မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲကို လာမည့်မေလအတွင်း စတင်ကျင်းပတော့မည်ဖြစ်ရာ ပြိုင်ပွဲဝင်ကြမည့် ကလပ်အသင်း ရှစ်သင်းမှာလည်း အသင်းဖွဲ့စည်းနိုင်ရန်အတွက် ကစားသမားများကို အပြီးသတ်စာချုပ်ချုပ်ဆိုမှုများ ပြုလုပ်လျက်ရှိသည်။ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်မှလည်း ကစားသမားများ၏အပြောင်းအရွှေ့ တရားဝင်ဖြစ်စေရန်အတွက် မတ် ၁၇ ရက်မှစ၍ ကစားသမားများ အပြောင်းအရွှေ့စာချုပ်ချုပ်ဆိုခြင်းများကို အခမ်းအနားဖြင့် ပြုလုပ်ကာ ရေးထိုးပေးလျက်ရှိသည်။

အမြင့်ဆုံးရရှိ

ကစားသမားအပြောင်းအရွှေ့ စာချုပ်လက်မှတ်ရေးထိုးပေးသည့် ပထမနေ့တွင် အသင်းသုံးသင်းမှ ကစားသမား ၅၀ က စာချုပ်လာရောက်ချုပ်ဆိုခဲ့ကြသည်။ စာမျက်နှာ ၁၂ ကော်လံ ၁ ●

စိုက်ပျိုးရေပေးဝေမှုသာမက သောက်သုံးရေပါ ပေးဝေလျက်ရှိသည့် ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် နမ့်စန်မြို့နယ်ရှိ ဝမ်ပုံရေလှောင်တမံ

သတင်းမှတ်စု - နုနုရီနှင့် အေးသန္တာသိန်း
ဓာတ်ပုံမှတ်တမ်း - မြန်မာ့အလင်း
စာမျက်နှာဖွဲ့စည်းမှု - သောင်းရွှေ (မြန်မာ့အလင်း)

ရန်ကုန် မတ် ၁၇

လယ်ယာစိုက်ပျိုးရေးကဏ္ဍသည် ပြည်ထောင်စုဖွားတိုင်းရင်းသား ညီအစ်ကို မောင်နှမများ၏ စားနပ်ရိက္ခာကို ဖြည့်ဆည်းပေးရုံသာမက နိုင်ငံသားအားလုံးအတွက် လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအတွက်ပါ ဖန်တီးဖော်ဆောင်ပေးနေသည့် အခြေခံကျသော စီးပွားရေးကဏ္ဍကြီးဖြစ်သည်။ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးအတွက် အရေးပါသည့်အချက်တစ်ချက်မှာ စိုက်ပျိုးရေ လုံလောက်စွာ ရရှိရေးပင်ဖြစ်သည်။

စာမျက်နှာ ၃ ကော်လံ ၆ ✳

18-3 (20).pmd 1 3/18/2009, 12:41 AM